အခန်း ( ၅၂၆ ) ကေရာဇ်လမ်း၏ ပထမဂိတ်ကို
ဖြတ်သန်းခြင်း၊ ဒီကျောက်စာချပ်က ငါ့ရဲ့နာမည်ကို
လက်ခံဖို့အတွက် မထိုက်တန်ဘူး၊
ရှန်ဟိုင်းလမ်းတစ်ခုလုံးမှ အာရုံစိုက်ကြခြင်း။

ရှန်ဟိုင်းလမ်းသည် ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ ကေရာဇ်လမ်းရှိ
ပထမဆုံး ဂိတ် ဖြစ်သည်။

ပတ်ပတ်လည်ကိုကြည့်လိုက်လျှင်၊ ရှန်ဟိုင်းဂိတ်က
ခန်းနားထည်ဝါပြီး အရှိန်အဝါကြီးမားစွာဖြင့်
လေထုထဲတွင် တည်ရှိနေပေသည်။

မြို့တံခါးက ပေရာချီမြင့်မားကာ
ကောင်းကင်တံခါးကြီးနှင့် တူလှသည်။
တံခါးထိပ်ပိုင်းတွင် သွေးစွန်းမှင်ဖြင့်

ရေးသားထားသည့် ရှန်ဟိုင်းဂိတ် ဟူသော
ရှေးကမ္ဗည်းပြားတစ်ခု ရှိ၏။

ရှန်ဟိုင်းဖြတ်လမ်း တစ်ခုလုံးက ကြယ်များနှင့်
လရောင်တို့ ဖြာဆင်းနေကာ ရှေးကျသော အသွင်မျိုး
ရှိသည်။

ကြီးမားသော နဂါးငွေ့တန်းဂလက်ဆီကလည်း
ကျုံးကြီးတစ်ခုကဲ့သို့ ရှန်ဟိုင်းလမ်းကို
ဝန်းရံထားသည်။

ကျွင်းရှောင်ယောက်ကဲ့သို့ ဗသုသုတကြွယ်ဝသူပင်
ခမ်းနားထည်ဝါသော မြို့တံခါးကြီးကို မြင်ရသောအခါ
မထိန်းနိုင်ဘဲ သက်ပြင်းချလိုက်မိသည်။

ကျွင်းရှောင်ယောက်သည် ရှန်ဟိုင်းလမ်းအနီးသို့

ရောက်လာသည်နှင့် တပြိုင်နက်...

ရှန်ဟိုင်းလမ်း၏ အနက်ရှိုင်းဆုံးသောအပိုင်းတွင် အစွမ်းထက် အရှိန်အဝါတစ်ခု ရှိနေသကဲ့သို့ ခံစားလိုက်ရသည်။ အနည်းဆုံးတော့ ၎င်းက အဓိပဓိနယ်ပယ်တွင် ရှိလိမ့်မည်။

'ဒါက ရှန်ဟိုင်းလမ်းရဲ့ အစောင့်အရှောက် ဖြစ်သင့်တယ်'

ကျွင်းရှောင်ယောက်က သူ့ကိုယ်သူ တွေးလိုက်မိသည်။

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၏ ကေရာဇ်လမ်းတွင် အဆင့် ဆယ့်ရှစ်ခုရှိပြီး အဆင့်တစ်ခုစီတွင် အစောင့်အရှောက်များ ရှိကြသည်။

ကြီးကြီးမားမား လှုပ်ခတ်ခြင်းမျိုး မရှိခဲ့လျှင်၊ ၎င်းတို့က ပေါ်လာကြမည် မဟုတ်ပါ။

ကျွင်းရှောင်ယောက်က မြို့တံခါးနားသို့ ရောက်ရှိလာသောအခါ၊ အစောင့်များ ပေါ်လာကြပြီး ဓားဆွဲထုတ်ကာ တားမြစ်လိုက်သည်။

"ကောင်းကင်နတ်ဘုရား ကျင့်ကြံခြင်းအခြေခံထက် နိမ့်ကျသူတွေကို ဝင်ခွင့်မပြုဘူး"

ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသော တပ်သားက လျစ်လျူရှုစွာ ပြောလိုက်သည်။

ကျွင်းရှောင်ယောက်က အနည်းငယ် မျက်ခုံးပင့်လိုက်သည်။ သူ၏ စိတ်နေစိတ်ထားက ထူးကဲသော်လည်း အရှိန်အဝါများ ထုတ်ဖော်ထားခြင်း မရှိပေ။

ကျွင်းရှောင်ယောက်က ဘာမျှမပြောပါ။
သူ့ခန္ဓာကိုယ်က အနည်းငယ် တုန်ခါသွားကာ
အစွမ်းထက် အရှိန်အဝါများ ပေါ်လာခဲ့သည်။
တပ်သားများလည်း တုန်လှုပ်သွား၏။

ဤသို့ဖြင့် မြို့ထဲကို အေးအေးဆေးဆေး
ဝင်သွားနိုင်တော့သည်။

"ဒါ.... ဒါက..."

ထိုတပ်သားများလည်း ကြက်သီးတဖြန်းဖြန်းထကာ
ကျန်ခဲ့သည်။

ထိုအရှိန်အဝါက သူတို့ ဆံပင်များကို
မိုးထောင်သွားစေခဲ့လေသည်။

"ဒါ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ဒါက ကေရာဇ်လမ်းရဲ့ ပထမအဆင့်ပဲလေ။ ဒီလောက် အစွမ်းထက်တဲ့ လူထူးဆန်း ဘယ်လိုလုပ်ပြီး ရှိနိုင်တာလဲ"

တပ်သားများ တုန်ယင်သွားကြသည်။

ယုတ္တိဗေဒအရ ကေရာဇ်လမ်းတွင် နောက်ပိုင်းရောက်လေလေ၊ အခွင့်အလမ်းများ ပိုပေါ်များ၍ အားကောင်းလေလေ ဖြစ်သင့်သည်။

သို့ရာတွင် ဤနေရာကတော့ ပထမဆုံး အတားအဆီးဖြစ်ပြီး အခွင့်အလမ်းတောင် များများစားစားမရှိပေ။

မြို့တံခါးဝမှ ဤလှုပ်ရှားမှုက ရှန်ဟိုင်းဂိတ်ရှိ

လူအချို့၏အာရုံကို ဆွဲဆောင်ခဲ့သည်။

ဤမြင်ကွင်းကိုမြင်တော့ နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေး စစရှိသော လူရွယ်တချို့က သက်ပြင်းချ၍ ခေါင်းခါယမ်းကာ ပြောလေသည်။

"မသိနားမလည်ဘဲ မာနကြီးတဲ့ ကောင်လေးတစ်ယောက်တော့ ကေရာဇ်လမ်းကို ရောက်လာပြီ"

"အသာကြည့်နေပါ၊ နောက်ထပ် နည်းနည်းလျှောက်လှမ်းပြီးရင် ကေရာဇ်လမ်းက ဘယ်လောက်ထိ ရက်စက်တယ်ဆိုတာ သိသွားလိမ့်မယ်"

"ဟုတ်တယ်၊ ကေရာဇ်လမ်းမှာ အင်မော်တယ်

အင်အားစုတွေရဲ့ ထိပ်တန်းပါရမီရှင်တွေ ဘယ်လောက်တောင် ကျဆုံးသွားပြီလဲ"

"ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းမှာ ပါဝင်နိုင်တဲ့သူက လူအနည်းစုပဲရှိတာ။ အများစုက အရိုးတွေတောင် ကျကုန်ပြီ"

"ဒါကပဲ ကျင့်ကြံခြင်းကမ္ဘာကြီးလေ"

ဤလူငယ်များ စိတ်ဓာတ်ကျနေသည်။ ၎င်းတို့က ကေရာဇ်လမ်းကို ဖြတ်ကျော်ရာတွင် ကျရှုံးခဲ့သူများဖြစ်ကြောင်း သိသာထင်ရှားသည်။

"နင်တို့တွေ တော်လောက်ပြီ။ နင် ဖြတ်ကျော်မရတာနဲ့ တခြားသူတွေ မလုပ်နိုင်ဘူးလို့ တကယ်ပဲ ထင်နေတာလား"

အဝါရောင်ဝတ် မိန်းကလေးတစ်ယောက်က သည်းမခံနိုင်တော့ဘဲ ပြောလိုက်သည်။

ဤလူများက ကိုယ်မလုပ်နိုင်သည်နှင့်၊ အခြားသူများလည်း မလုပ်နိုင်ဘူးဟု အမြဲတွေးကြ၏။

"ဒါက အမှန်တရားပဲလေ။ အင်မတန်နည်းပါးတဲ့ လူငယ်တချို့သာ ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းမှာ ပါဝင်နိုင်ပြီး ကေရာဇ်လမ်းမှာ ကျော်ကြားနိုင်ကြတာ။ သူက သူတို့ထဲက တစ်ယောက်ဖြစ်မှာလား"

စိတ်ပျက်အားငယ်နေသော ဤလူငယ်များက ခေါင်းယမ်းလိုက်ကြသည်။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်က ရှန်ဟိုင်းလမ်းတွင် တစ်ယောက်တည်း လျှောက်နေသည်။

အမှန်အတိုင်းပြောရလျှင်၊ အထီးကျန်ဆန်သော ဤစကြာဝဠာထဲတွင် အချိန်အတော်ကြာ လျှောက်လှမ်းပြီးမှ ရင်းနှီးမှုအနည်းငယ် ခံစားခဲ့ရ၏။

"ဒီကသခင်လေး၊ မင်းက ကေရာဇ်လမ်းကို အခုမှ ရောက်လာခဲ့တာထင်တယ်။ မင်းရဲ့ နာမည်ကို မှတ်တမ်းအဖြစ် ကျောက်ပြားပေါ်မှာ မထားခဲ့ချင်ဘူးလား"

ထိုစဉ် သူ့နံဘေးမှ ကျင့်ကြံသူတစ်ဦးက မေးလာသည်။

"အိုး"

ကျွင်းရှောင်ယောက်က မျက်ခုံးပင့်လိုက်၏။

ခဏအကြာတွင်၊ သူသည် ရှန်ဟိုင်းလမ်း၏ ဗဟိုသို့ရောက်လာသည်။ ထိုနေရာတွင် နဂါးငွေ့တန်းထဲသို့ တိုးဝင်နေသော မျှော်စင်ကြီးကဲ့သို့ ရောမ ကျောက်ပြားကြီးတစ်ခုကို တွေ့လိုက်ရသည်။

၎င်းပေါ်မှာတော့ နာမည်များစွာကို ရေးထိုးထား၏။ ၎င်းတို့အားလုံးကို ကေရာဇ်လမ်းမကြီး၏ ပထမ အတားအဆီးကို ဖြတ်ကျော်ခဲ့သော ပါရမီရှင်များမှ ချန်ရစ်ခဲ့ကြခြင်း ဖြစ်သည်။

"ဒီကျောက်ပြားက သိပ်တော့မရိုးရှင်းဘူး။ ပျမ်းမျှပါရမီနဲ့ ကျင့်ကြံခြင်းအခြေခံရှိတဲ့ ပါရမီရှင်တွေက သူတို့နာမည်ကို ချန်ထားခဲ့လို့ မရဘူး"

သူ့ဘေးမှ ကျင့်ကြံသူကပင် ရှင်းပြလိုက်သည်။

"တကယ်ပဲလား"

ကျွင်းရှောင်ယောက်က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်၏။

သူက သူ့နာမည်ကို ချန်ထားခဲ့ရန် စိတ်မဝင်စားပေ။

သူ ကျွင်းရှောင်ယောက်၏နာမည်ကို ထင်ပေါ်စေရန်
ကျောက်ပြားပေါ်မှာ ဘာကြောင့် ချန်ထားရမည်နည်း။

ကေရာဇ်လမ်းတစ်ခုလုံးကို ဖြတ်ကျော်လိုက်သည်နှင့်
လူတိုင်းက သူ၏အမည်ကို သဘာဝအတိုင်း
ဖြန့်ကျက်ပေးကြမည် ဖြစ်သည်။

ကျွင်းရှောင်ယောက် ထွက်ခွာခါနီးတွင် မုတ်ဆိတ်မွှေးစစနှင့် ယခင် လူငယ်တချို့ ရောက်လာသည်။

"ဒီကညီနောင်၊ မင်းနာမည်ကို ကျော်ကြားပေါ်မှာ ချန်ထားခဲ့ဖို့တောင် ယုံကြည်မှုမရှိရင် နောက်ထပ်မသွားဖို့ ငါအကြံပေးချင်တယ်"

"ဟုတ်တယ်၊ ကေရာဇ်လမ်းက အန္တရာယ်များလွန်းတယ်။ အဲဒါက ငါတို့စိန်ခေါ်နိုင်တဲ့ အရာမဟုတ်ဘူးလေ။ ဒီမှာပဲနေပြီး မင်းအသက်ကို ကယ်တင်လိုက်တာက ပိုကောင်းပါတယ်"

"ကေရာဇ်လမ်းရဲ့ ကြွယ်ဝချမ်းသာမှုတွေက ထိပ်တန်း ပါရမီရှင်တွေအတွက်ပါပဲ။ ငါတို့လို အလယ်အလတ် လူတန်းစားတွေအတွက် ဘာမှ မရှိနိုင်ဘူး..."

ဤလူငယ်များက ရည်ရွယ်ချက်ရှိရှိ လှောင်ပြောင်ခြင်းသို့မဟုတ် စော်ကားခြင်းမျိုး မဟုတ်ပေ။ လူတိုင်းက ကောရာဇ်လမ်းတွင် မတောက်ပနိုင်ပါဟု သူတို့ယုံကြည်ခဲ့ကြသည်။

"မင်းတို့က ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးက မဟုတ်ဘူးထင်တယ်" ကျွင်းရှောင်ယောက်က ရုတ်တရက်ပြောလိုက်သည်။

လူငယ်များလည်း အနည်းငယ် အံ့အားသင့်သွားပြီးနောက် ခေါင်းညိတ်လိုက်၏။

အကယ်၍၊ ၎င်းတို့သာ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ဖြစ်ခဲ့ပါက၊ ကျွင်းရှောင်ယောက်ကို မတွေ့ဘူးလျှင်ပင်၊ အနည်းဆုံး

ခုနစ်ဆယ်၊ ရှစ်ဆယ်ရာခိုင်နှုန်းအထိ
သူ့အထောက်အထားကို ခန့်မှန်းနိုင်ကြမည် ဖြစ်သည်။

ဤလူများကတော့ သူ့ကို လုံးဝမသိကြောင်း
သိသာထင်ရှားလှပေသည်။

ကျွင်းရှောင်ယောက်သည်၊ ဤကေရာဇ်လမ်းကို
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ
ပါရမီရှင်များအပြင် အခြား ပါရမီရှင်များလည်း
ဝင်ရောက်ကြကြောင်း သိထားသည်။

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတဝိုက်ရှိ ကြယ်စက်ဝိုင်းမှ
ပါရမီရှင်တချို့လည်း ရှိခဲ့ကြပေသည်။

အကယ်၍ ကောင်းကင်ကိုးဆင့်

အင်မော်တယ်နယ်မြေသည် ရောမ တိုက်ကြီး ကိုးခု ဖြစ်ခဲ့ပါလျှင်...

ဤရှေးဟောင်းကြယ်စက်ဝိုင်းများက တိုက်ကြီးတစ်ဝိုက်တွင် ပြန့်ကျဲနေသော ကျွန်းငယ်လေးများ ဖြစ်သည်။

ဤရှေးဟောင်းကြယ်စက်ဝိုင်းတစ်ခုစီက အောက်ကမ္ဘာဆယ်ခုထက် ပို၍ကြီးမားသည်။ ၎င်းတို့တွင် အစွမ်းထက် အင်အားစုကြီးများ၏ ထိပ်တန်းပါရမီရှင်များနှင့် ယှဉ်ပြိုင်နိုင်သော ပါရမီရှင်များပင် ရှိပေသည်။

သို့သော်လည်း ရှေးဟောင်းကြယ်စက်ဝိုင်းမှ ဤလူများက ကျွင်းရှောင်ယောက်ကို သိရှိရန်မှာ မဖြစ်နိုင်ကြောင်း ထင်ရှားသည်။

အလွန်ဆုံး၊ ကျောင်းရှောင်ယောက်၏ နာမည်ကို
ကြားဖူးရုံသာ ရှိလိမ့်မည်။

"သခင်လေး၊ သူတို့စကားကို နားမထောင်ပါနဲ့၊
သူတို့အားလုံးက အရှုံးသမားတွေ၊ နင်နဲ့မတူဘူး"

ထိုအချိန်တွင် အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသော
မိန်းကလေးတစ်ယောက် ရောက်လာသည်။ သူမက
ကျောင်းရှောင်ယောက်ကို လှပသော မျက်လုံးများဖြင့်
ကြည့်လိုက်၏။

ကျောင်းရှောင်ယောက်၏ မျက်နှာက
နတ်အလင်းများဖြင့် ဖုံးကွယ်ထားကာ
အနည်းငယ်မှုန်ဝါးနေသည်။

သို့ရာတွင် အင်မော်တစ်ပါးကဲ့သို့ သူ၏ မြင့်မြတ်သော

အနေအထားကို ဖုံးကွယ်မရပေ။

ကျွင်းရှောင်ယောက်လည်း ခေါင်းကို
အနည်းငယ်ခါယမ်းကာ ဘာမှမပြောတော့ပေ။

သူ့လက်တစ်ဖက်ကို မြှောက်လိုက်ပြီးနောက်
ကျောက်ပြားပေါ်တွင် အလျားလိုက်
မျဉ်းကြောင်းလေးတစ်ကြောင်း ဆွဲလိုက်တယ်။

ချက်ချင်းပင်၊
ရှေးဟောင်းကျောက်စာတိုင်တစ်ခုလုံးက
ကြီးမားသောဖိအားအောက်တွင် ရှိနေသကဲ့သို့
ပြင်းပြင်းထန်ထန် တုန်ခါလာခဲ့၏။

"ဘာဖြစ်တာလဲ"

မြို့တံခါးဝမှ ထိုတပ်သားများလည်း

သတင်းကြားသဖြင့် ပြေးလာကြတော့သည်။

ယခုအချိန်တွင် ရှန်ဟိုင်းလမ်းတစ်ခုလုံးရှိ
သက်ရှိအားလုံး ဆွဲဆောင်ခံရပြီး
ကျောက်စာချပ်ကြီးကို သံသယဖြင့် ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်က မျဉ်းတစ်ကြောင်းကို
စတင်ရေးဆွဲလိုက်သည်နှင့် မရေမတွက်နိုင်သော
ပါရမီရှင်နာမည်များကို ရေးထိုးထားသော
ကျောက်စာချပ်ကြီးမှာ ရုတ်တရက် အက်ကွဲပြီး
ပြိုကျသွားသည်။

ကျောက်စာချပ်တစ်ခုလုံး မြေပြင်ပေါ်တွင်
ပြိုကျသွား၏။

ရှန်ဟိုင်းလမ်းမှ ကျင့်ကြံသူများနှင့် သတ္တဝါအားလုံး

အံ့အားသင့်သွားကြတော့သည်။

မရေမတွက်နိုင်သော ပါရမီရှင်များကို
မှတ်တမ်းတင်ထားသည့် ကျောက်စာချပ်ကြီးက
ဤကဲ့သို့ ကျိုးပဲ့သွားခဲ့ပါသလော။

“ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ”
လူတော်တော်များများ
တုန်ယင်မောဟိုက်သွားကြသည်။

စိတ်ဓာတ်ကျနေသော လူငယ်များလည်း
ဦးခေါင်းပေါ်မှ ရေခဲရေဖြင့် လောင်းချခံရသည့်နှယ်
ချက်ချင်း သတိဝင်လာကြ၏။ သူတို့၏
မျက်လုံးများက ထိတ်လန့်မှုများနှင့်
ပြည့်နှက်နေတော့သည်။

အဝါရောင်ဝတ် မိန်းကလေး၏ လှပသော မျက်နှာမှာလည်း အံ့အားသင့်မှုများဖြင့် လွန်စွာ တုန်လှုပ်သွားခဲ့ပုံရသည်။

ယခင်ကလည်း သူမသည် လုံ့ရှီဟွမ်၊ ဟွမ်ကျိုးယန်၊ ပင်လယ်နတ်ဘုရား၏ တတိယမင်းသားနှင့် ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းမှ အခြား ထိပ်တန်းပါရမီရှင်များ ၎င်းတို့၏နာမည်များကို ဤနေရာတွင် ချန်ထားခဲ့သည်အား မြင်တွေ့ကြဘူးသည်။

သို့သော်၊ မည်သူကမျှ ကျောက်စာချပ်ကို မဖြိုခွဲဘဲ အလွန်ဆုံး တောက်ပစွာ ဖြင့်သာ ထွန်းလင်းတောက်ပခဲ့ပေသည်။

ယခုမူကား၊ သူ့ရှေ့မှ လျှို့ဝှက်ဆန်းကြယ်သော

ဤသခင်လေးက သူ၏အမည်ကိုပင်
လုံးလုံးလျားလျား မရေရသေးမီ ကျောက်စာချပ်ကြီး
ကွဲကြေသွားခဲ့ပြီ ဖြစ်သည်။

ယင်းက ဘာကိုကိုယ်စားပြုသနည်း။

"ဒီကျောက်စာချပ်က ငါ့နာမည်နဲ့
မထိုက်တန်ဘူးထင်တယ်"
ကျွင်းရှောင်ယောက်က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။

ထို့နောက်မှာတော့ သူဟာ ဤပထမ ရှန်ဟိုင်းလမ်းကို
စိတ်မဝင်စားတော့ပေ။ သူက ကောင်းကင်သို့
တိုက်ရိုက်ပျံတက်ကာ ဧကရာဇ်လမ်းအတိုင်း
ပျံသန်းသွားခဲ့သည်။

ရှန်ဟိုင်းဂိတ်မှာတော့ ထိတ်လန့်တုန်လှုပ်နေသော
ကျင့်ကြံသူတစ်ဖွဲ့သာ ကျန်ရစ်ခဲ့တော့သည်။

"ကေရာဇ်လမ်းကို ဘယ်လိုမကောင်းဆိုးရွားမျိုး
ရောက်လာတာလဲ"

"ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးက အင်မော်တယ်
အင်အားစုရဲ့ ဆက်ခံသူတွေ၊ ရှေးဟောင်း
လူထူးဆန်းတွေဖြစ်ရင်တောင် ဒီလောက်ထိသန်မာဖို့
မဖြစ်နိုင်ဘူး မဟုတ်လား"

ရှန်ဟိုင်းဂိတ်မှ ကျင့်ကြံသူများနှင့်
သက်ရှိများစွာတို့လည်း ချွေးစေးများ
စီးကျလာခဲ့သည်။

မကောင်းဆိုးရွားဆန်သော လူတစ်ယောက်တော့ ကေရာဇ်လမ်ကို ဝင်ရောက်လာခဲ့ပြီ။

ထိုလူငယ်များဆိုလျှင် ပို၍ပင် ထိတ်လန့်တုန်လှုပ်သွားကြသည်။

"ဒီသခင်လေးရဲ့ လက္ခဏာက ဘာလဲ၊ သူက အစွမ်းထက်လွန်းတယ်"

အဝါရောင်ဝတ် မိန်းကလေး၏ မျက်လုံးများက အံ့အားသင့်ခြင်းနှင့် ရိုသေလေးစားမှုကို လှစ်ဟလာခဲ့သည်။

ထိုစဉ် ရှန်ဟိုင်းလမ်း၏ အနက်ရှိုင်းဆုံးအပိုင်းမှ အဓိပမိ အရှိန်အဝါများ ပေါ်လာသည်။

ထွက်ခွာသွားသော ကျွင်းရှောင်ယောက်ကို

ပုံရိပ်တစ်ခုက ကြည့်နေခဲ့၏။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လည်း
ကေရာဇ်လမ်းကို ရောက်လာခဲ့ပြီပေါ့။
ဒီကေရာဇ်လမ်းရဲ့ တိုက်ပွဲက ပိုပြီး
စိတ်ဝင်စားစရာကောင်းလာပြီ"

ရှန်ဟိုင်းလမ်း၏ အစောင့်အရှောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

အခန်း ( ၅၂၇ ) ကျန့်မန်ဂိတ်၊
ရှေးဟောင်းကြယ်စက်ဝိုင်းများမှ ပါရမီရှင်
မူယွဲ့ဟန်နှင့် ချင်းယွင်သခင်လေး။

ရှန်ဟိုင်းဂိတ်သည် ကေရာဇ်လမ်းမကြီး၏ ပထမဆုံး
လမ်းစ ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ ဤနေရာတွင်ဆက်နေရန်
ရည်ရွယ်ချက်မရှိတာကြောင့် တိုက်ရိုက်
လျှောက်သွား၏။

သူ့ရဲ့ဘောကြောင်သူသာလျှင် မြို့တံခါး၌
ရပ်နေပေလိမ့်မည်။

ရှေးဦး ကြယ်ကောင်းကင်မှ လမ်းမကြီးမှာ
တိတ်ဆိတ်ငြိမ်သက်နေပြီး ငြီးငွေ့ဖွယ်
ဖြစ်နေပုံရသည်။

ရံဖန်ရံခါတော့၊ အမြင်မရှိသော
ကြယ်ဓားပြတချို့သည် ကျွင်းရှောင်ယောက်ကို
ဓားပြတိုက်၊ သတ်ဖြတ်ရန် ကြိုးစားကြ၏။
သို့သော်လည်း ၎င်းတို့အားလုံးကို
လက်တစ်ဖက်တည်းဖြင့် ဖိနှိပ်ခံခဲ့ရသည်။

တခါတရံတွင် သူက ဥက္ကာခဲခါးပတ်လမ်းထဲသို့ ဝင်သွားရ၍ ဥက္ကာခဲများ သူ့အပေါ်ကို တစ်လုံးပြီးတစ်လုံး ကျလာသည်။

သို့ရာတွင်၊ ကျွင်းရှောင်ယောက်က သူ့လက်ချောင်းများကိုပင် မလှုပ်ဘဲ ပတ်ဝန်းကျင် ဟင်းလင်းပြင်ကိုသာ တုန်ခါစေ၍ ဥက္ကာခဲများကို အပိုင်းပိုင်းကွဲသွားစေခဲ့သည်။

ဤသည်မှာ ဟင်းလင်းပြင်ကျမ်းကို နားလည်ပြီးနောက် ကျွင်းရှောင်ယောက်၏ ကနဦးအောင်မြင်မှုများ ဖြစ်ချေသည်။

'ဟင်းလင်းပြင်ကျမ်း၊ ဟင်းလင်းပြင်ကို ထိန်းချုပ်ဖို့ နည်းလမ်း... ဒါကို ကိုယ်ဖော့သိုင်းတွေနဲ့

ပေါင်းစပ်လိုက်ရင် ကမ္ဘာပေါ်မှာ
အမြင့်မားဆုံးအမြန်နှုန်းကို ရရှိနိုင်မှာ မဟုတ်လား'
ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင် ရုတ်တရက်
တွေးလိုက်မိသည်။

သူက ကြယ်ကောင်းကင်လမ်းပေါ်တွင်
ဆက်လက်လျှောက်လှမ်းခဲ့လေသည်။

တခါတရံတွင် လမ်းတလျှောက်ရှိ
ရှေးဦးဂြိုလ်များတွင် ဆေးဝါးတချို့၊
ရှားပါးသတ္တုများနှင့် အခြားအရာများကို တွေ့ရသည်။

သို့သော် ထိုအခွင့်အလမ်းများက
ကျွင်းရှောင်ယောက်၏ အမြင်တွင်
အထူးကောင်းမွန်ခြင်းမရှိပေ။

'ပထမအဆင့်တချို့က အခွင့်အလမ်းအားလုံးကို စုဆောင်းပြီးကုန်တာလား'
ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။

သို့သော် သူစိတ်မပျက်ခဲ့ပေ။

အမှန်တကယ် ကြီးမားသော အခွင့်အလမ်းအားလုံးက အဆုံးစွန် ရှေးဟောင်းလမ်းတွင် ရှိသည်။

ထို့နောက် ကျွင်းရှောင်ယောက်သည် ကြယ်ကောင်းကင်လမ်းမကြီးတွင် သုံးလကြာသည်အထိ မရပ်မနား ခရီးဆက်နေခဲ့သည်။

ဒုတိယလမ်း၊ တတိယလမ်း၊ စတုတ္ထလမ်းနှင့် ပဥ္စမအကြိမ်တို့ကိုလည်း ကျော်ဖြတ်ခဲ့၏။

သို့သော်လည်း မရပ်နားဘဲ ဆက်သွားနေဆဲပင်။

မကြာခင်မှာပဲ၊ ကျွင်းရှောင်ယောက်ဟာ
ကြယ်ကောင်းကင်တွင် ခမ်းနားထည်ဝါသော
မြို့တံခါးတစ်ခုကို တွေ့လိုက်ရသည်။

၎င်းမှာ ကေရာဇ်လမ်း၏ ဆဌမမြောက်ဂိတ်၊
ကျန့်ချန်လမ်းအင် ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်က မြို့ထဲကို
တိုက်ရိုက်လှမ်းဝင်သွားခဲ့သည်။

တာအိုနတ်ဘုရား နယ်ပယ်အောက်မှ ပါရမီရှင်များက
ဤမြို့သို့ ဝင်ရောက်ရန် အရည်အချင်းမပြည့်မီပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်က သဘာဝအတိုင်း
တိုက်ရိုက်ဝင်သွားသည်။

ဂိတ်စောင့်တပ်သားများလည်း ကျွင်းရှောင်ယောက်၏
အရှိန်အဝါကို ခံစားမိသောအခါ သူတို့ မျက်လုံးများက
တုန်လှုပ်မှုများ ပြည့်သွားကြလေသည်။

ကျန့်မန်ဂိတ်သို့ ဝင်ရောက်ပြီးနောက်
ကျွင်းရှောင်ယောက်သည် ယခင်ကကဲ့သို့ မရပ်နားဘဲ
နောက်တစ်မြို့သို့ ဆက်လက်သွားရန် ပြင်ခဲ့သည်။

ထိုအချိန်တွင် ကျင့်ကြံသူတချို့၏
ဆွေးနွေးပြောဆိုသံများ ပေါ်လာသည်။

"မင်းတို့ ကြားပြီးကြပြီလား။

ကွယ်ဟန်ရှေးဟောင်းကြယ်စက်ဝိုင်းရဲ့
နတ်သမီးယွဲ့ဟန်က ပါရမီရှင်တွေကို စုရုံးဖို့အတွက်
ဖိတ်ခေါ်ခဲ့တယ်လို့ ကြားတယ်။ သူမက
အခွင့်အလမ်းအချို့ကို တွေ့ထားတာကြောင့် အတူတူ
ပူးပေါင်းပြီးတော့ စူးစမ်းချင်ပုံရတယ်"

"ဟုတ်တယ်၊ ချင်းယွင်သခင်လေးနဲ့
ချင်းယွင်ကြယ်စက်ဝိုင်းက အခြားသူတွေလည်း
သွားကြတယ်လို့ ကြားတယ်"

"ချင်းယွင်သခင်လေးက အင်မော်တယ်ချီသန္ဓေကို
လေ့ကျင့်နိုင်ခဲ့တဲ့ ပါရမီရှင်ပဲ မဟုတ်လား"

"ဟုတ်တယ်လေ၊ အင်မော်တယ်ချီသန္ဓေကို
မလေ့ကျင့်ထားဘူးဆိုရင် နတ်သမီးယွဲ့ဟန်နဲ့
သွားတွေ့ဖို့တောင် အရည်အချင်းမပြည့်မီဘူး"

ဤဆွေးနွေးမှုအသံများက ကျွင်းရှောင်ယောက်၏ အာရုံကို ဖမ်းစားသွားခဲ့သည်။

'အခွင့်အလမ်းတစ်ခုလား'

ကျွင်းရှောင်ယောက်က တွေးလိုက်၏။

သူဟာ တောက်လျှောက်လာခဲ့သော်လည်း သူ့ကို အထူးစိတ်ဝင်စားစေသော အခွင့်အလမ်းမျိုး ရှာမတွေ့ခဲ့ပေ။

ထိုအတွက် ဤအခွင့်အလမ်းကို လက်လွှတ်မခံနိုင်ဘူး။

"အင်မော်တယ်ချီသန္ဓေ"

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက

မထီမဲ့မြင်ပြုသော အပြုံးတစ်ခုဖြင့် တွန့်ကွေးသွား၏။

အင်မော်တယ်ချီကြိုးမျှင်တစ်ခုကို လေ့ကျင့်ခဲ့သော ပါရမီရှင်တိုင်းက ကောရာဇ်လမ်းရှိ အကောင်ငယ်များဟု မှတ်ယူ၍ရသည်။ ၎င်းတို့က ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းတွင် ပါဝင်နိုင်ကာ ရောက်လေရာ၌ လေးစားခံကြရလိမ့်မည်။ သူတို့ကို ရန်စဝံ့သူ မရှိသလောက် ရှားသည်။

၎င်းတို့အပြင် ထူးချွန်သော ပါရမီရှင်အချို့လည်း ရှိကြသေးသည်။ ၎င်းတို့က အင်မော်တယ်ချီကြိုးမျှင်ကို အပြည့်အဝ မလေ့ကျင့်နိုင်သေးသော်လည်း အင်မော်တယ်စွမ်းအင်သန္ဓေကို လေ့ကျင့်ထားနိုင်သည်။

ဤကဲ့သို့ ပါရမီရှင်မျိုးကို ထိပ်တန်းအဆင့်
ပါရမီရှင်များဟု သတ်မှတ်ထားနိုင်သည်။ အကယ်၍
အနာဂတ်တွင် အင်မော်တယ်စွမ်းအင်ကို
အမှန်တကယ် လေ့ကျင့်နိုင်ပါက၊ ဘီလူးငယ်များကဲ့သို့
ဖြစ်ကာ စာရင်းဝင်ရန်
အရည်အချင်းပြည့်မီပေလိမ့်မည်။

ချင်းယွင်ကြယ်စက်ဝိုင်းနှင့်
ကွယ်ဟန်ကြယ်စက်ဝိုင်းတို့အားလုံးက
ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ ပတ်ဝန်းကျင်ရှိ
ကြယ်စက်ဝိုင်းများ ဖြစ်ကြသည်။

ကျွင်းရှောင်ယောက်ကတော့ ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ အထွတ်အထိပ်မှ
ပါရမီရှင်တစ်ဦးအနေဖြင့် ထိုကြယ်စက်ဝိုင်းများမှ

ပါရမီရှင်များကို သဘာဝအတိုင်း ဂရုမစိုက်ပေ။

မကြာခင်မှာပဲ ကျွင်းရှောင်ယောက်ဟာ စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်လာသည်။

ကျန့်မန်ဂိတ်မှ ပါရမီရှင် အများအပြားလည်း ဤနေရာတွင် စုရုံးခဲ့ကြ၏။

နတ်သမီးယွဲ့ဟန်က သူတို့ကို မဟာမိတ်အဖြစ် မရွေးချယ်ခဲ့လျှင်ပင်၊ အနည်းဆုံးတော့ သူမ၏ နတ်သမီးမျက်နှာတော်ကို တစ်ကြိမ်တစ်ခါမျှ မြင်တွေ့နိုင်ကြသည်။

စားသောက်ဆိုင်ထဲသို့ ဝင်ရန် တာဆူနေသော ကျင့်ကြံသူများကို ကြည့်ရင်း၊ ကျွင်းရှောင်ယောက်က ဦးခေါင်းကို တိတ်တဆိတ် ခါယမ်းလိုက်သည်။

မည်သည့်နေရာတွင်မဆို၊ ဤသို့သော လိုက်စားသူများ မရှားပေ။

စားသောက်ဆိုင်၏ အပေါ်ဆုံးထပ်မှာတော့ စကားသံများ ညံနေပြီ ဖြစ်သည်။

ရာနှင့်ချီသော ထိုင်ခုံများရှိသော်လည်း ထိုင်ခုံအလွတ်များ မရှိတော့ပေ။

အဆင့်အတန်းနှင့် ခွန်အားမလုံလောက်သော ပါရမီရှင်အချို့ဆိုလျှင် ထိုင်စရာပင်မရှိတော့ပါ။

ကျွင်းရှောင်ယောက်လည်း ဤမြင်ကွင်းကို မြင်ရသောအခါ အနည်းငယ် အံ့အားသင့်သွားသည်။

ယွဲ့ဟန်နတ်သမီးက အတော်နာမည်ကြီးပုံ ရပေသည်။

"ဘေးဖယ်"

ကျွင်းရှောင်ယောက်က က

အေးဆေးတည်ငြိမ်စွာပြောပြီး သူ့ရှေ့တွင်

ထိုင်နေသော ပါရမီရှင်ကို ကြည့်လိုက်သည်။

ထိုပါရမီရှင်လည်း မကျေမနပ်ဖြစ်သွားဟန်ဖြင့်

ကျွင်းရှောင်ယောက်ကို စူးစူးရဲရဲ လှည့်ကြည့်လိုက်၏။

သို့သော်လည်း ကျွင်းရှောင်ယောက်ကို

လျှို့ဝှက်ဆန်းကြယ်သော အငွေ့အသက်များက

ဖုံးအုပ်ထားကြောင်း မြင်တွေ့ရသဖြင့်

တံတွေးတစ်လုပ်မြိုချကာ

ဘေးဖယ်ပေးလိုက်လေသည်။

ကေရာဇ်လမ်းတွင် ဖော်ပြမထားသော စည်းမျဉ်းတစ်ခု ရှိသည်။

မှုန်ဝါးနေသော မျက်နှာများ၊ တောက်ပသော နတ်အလင်းများကဲ့သို့ အထူး အခြေအနေများရှိသော ပါရမီရှင်များကို မြင်တွေ့ရလျှင် ၎င်းတို့ကို နှောင့်ယှက်၍မရပါ။

သူတို့ကို နှိုးဆော်ပါက အသက်ဆုံးရှုံးခြင်းသာ ဖြစ်နိုင်သည်။

ဤပါရမီရှင်ကလည်း ထိုအချက်ကို ကောင်းကောင်းသိပေသည်။

ကျွင်းရှောင်ယောက်လည်း ထိုင်ခုံနေရာယူပြီးနောက် ယွဲ့ဟာန်နတ်သမီး ရောက်လာမည့်အချိန်ကို

စောင့်ဆိုင်းနေခဲ့သည်။

ထိုအချိန်တွင် လူတစ်စုရောက်ရှိလာပြီး
စားသောက်ဆိုင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

"ချင်းယွင်ရှေးဟောင်းကြြယ်စက်ဝိုင်းက
ချင်းယွင်သခင်လေးပဲ၊ သူ တကယ်ပဲ
ရောက်လာတယ်"

"ပေါက်တတ်ကရ၊ သူက ယွဲ့ဟာန်နတ်သမီးကို
လိုက်နေသူတစ်ယောက်ပဲလေ။ ဒီအခွင့်အရေးကို
ဘယ်လို လက်လွတ်ခံမှာလဲ"

"ချင်းယွင်သခင်လေးက ချင်းယွင်
ရှေးဟောင်းကြြယ်စက်ဝိုင်းက ချင်းယွင်ဂိုဏ်းချုပ်ရဲ့
သားပေါ့။ သူက အင်မော်တယ်အင်အားစုကနေ

ဆင်းသက်လာတာလေ"

"သူ့နောက်က အစေခံတွေအကုန်လုံးက သူတော်စင်တစ်ပိုင်းတွေချည်းပဲ"

လူတော်တော်များများက ဆွေးနွေးပြောဆိုလိုက်ကြသည်။

ကျွင်းရှောင်ယောက်ကတော့ တည်တည်ငြိမ်ငြိမ်ဘဲ ကြည့်နေခဲ့ပေသည်။

ချင်းယွင်သခင်လေးက အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခေါက်ယပ်တောင်တစ်ချောင်း ကိုင်ထားသည်။ သူ၏ ကျင့်ကြံခြင်းအခြေခံက သူတော်စင်တစ်ပိုင်း အစောပိုင်းအဆင့်တွင် ရှိနေပြီ ဖြစ်သည်။

သူ့ဘေးမှ လူလတ်ပိုင်းအရွယ် အစေခံကတော့ သူတော်စင်တစ်ပိုင်း ကြီးမားသော ပြီးပြည့်စုံခြင်း ကျင့်ကြံခြင်းအချခြခံ ရှိသည်။ ၎င်းက သူတော်စင်ကပ်ဘေးကို ဖြတ်ကျော်ရန် သိပ်မဝေးသင့်ပါ။

ကျွင်းရှောင်ယောက်က တစ်ချက်သာကြည့်ပြီး အကြည့်လွှဲလိုက်သည်။

ဤလူမျိုးက သူ့ဖိနပ်ကို သယ်ပိုးရန်ပင် မထိုက်တန်ပေ။

ချင်းယွင်သခင်လေးက ရှေ့ခုံတစ်လုံးတွင် ထိုင်လိုက်သည်။

"ဒါက ယွဲ့ဟန်နတ်သမီးနဲ့ ရင်းနှီးမှုရဖို့ အခွင့်ကောင်းတစ်ခုပဲ"

ချင်းယွင်သခင်လေးက သူ၏ခေါက်ယပ်တောင်ကို တဖျတ်ဖျတ်ခတ်ကာ ယုံကြည်မှုအပြည့်ဖြင့် ပြုံးလိုက်သည်။

ယွဲ့ဟန်နတ်သမီး၏ နှလုံးသားကို သူ အနိုင်ယူရမည်။

အချိန်အတော်ကြာပြီးနောက် ယွဲ့ဟန်နတ်သမီး ရောက်လာသည်။

သူမက အဖြူရောင် လဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမ၏ လက်များက နူးညံ့ကာ သွယ်လျသော ကျောက်စိမ်းကဲ့သို့ ခြေသလုံးသားများ ရှိ၏။

သူမ၏ မျက်နှာက လှပကာ

မျက်ခုံးသွယ်လေးအစုံလည်း ရှိသည်။ သူမက
လနန်းတော်မှ နတ်သမီးကဲ့သို့
ချောမောလှပခဲ့ပေသည်။

ထို့ပြင် သူမ၏ မျက်ခုံးနှစ်ခုကြား၌
လခြမ်းကွေးပုံသဏ္ဍာန် ငွေဖြူရောင်
အမှတ်အသားလေးတစ်ခု ရှိနေသည်။ ၎င်းမှာ သူမ၏
မျိုးရိုးနှင့် ဆက်စပ်နေကြောင်း ထင်ရှားသည်။

"နောက်ဆုံးတော့ ယွဲ့ဟန်နတ်သမီး ရောက်လာပြီ။
သူက ကွယ်ဟန်ရှေးဟောင်းကြယ်စက်ဝိုင်း၊
ကွယ်ဟန်နန်းတော်ရဲ့ သူတော်စင်ငယ်လေ။ အခုဆိုရင်
သူက အင်မော်တယ်စွမ်းအင်သန္ဓေကို
လေ့ကျင့်ထားပြီးပြီ"

"သူမက လှပရုံသာမက သန်မာပြီး ဂီတမှာလည်း

ကျွမ်းကျင်တယ်။ ယွဲ့ဟန်နတ်သမီးရဲ့
မျက်နှာသာကိုရနိုင်ရင် ဧကရာဇ်လမ်းမှာ
ထာဝရမြှုပ်နှံခံရဖို့တောင် ဆန္ဒရှိပါတယ်"

ယွဲ့ဟန်နတ်သမီး ရောက်ရှိလာသည်နှင့်
စားသောက်ဆိုင်တစ်ခုလုံးရှိ လေထုက
ပိုမိုတက်ကြွလာခဲ့သည်။

ယွဲ့ဟန်နတ်သမီး၏ နာမည်ရင်းက မူယွဲ့ဟန်ပင်
ဖြစ်လေသည်။ ယခုအခါ သူမက လှပသော
မျက်လုံးများနှင့် ရှိနေသူအားလုံးကို
ဝေ့ကြည့်လိုက်သည်။

သူမသည် အေးစက်သော စရိုက်ရှိ၏။
ဤအခွင့်အလမ်းကြောင့်သာ မဟုတ်ပါက၊
မူယွဲ့ဟန်အနေဖြင့် အခြားသူများကို အစပြုကာ

စုဝေးစေရန် သေချာမည်မဟုတ်ပေ။

သူမ၏ အေးစက်သော မျက်လုံးများက
ချင်းယွင်သခင်လေးကို ကြည့်လိုက်သည်။
ချင်းယွင်သခင်လေး၏
မီးတောက်လောင်နေသောအကြည့်ကို မြင်ရသောအခါ
အနည်းငယ် မျက်မှောင်ကြုတ်လိုက်၏။

ဝံပုလွေကဲ့သို့၊ ကျားရဲတစ်ကောင်ကဲ့သို့
ထိုအကြည့်မျိုးက သူမကို အနည်းငယ်
မကျေမနပ်ဖြစ်စေသည်။

သို့သော်လည်း သူသည် ချင်းယွင်
ရှေးဟောင်းကြယ်စက်ဝိုင်၊ ချင်းယွင်ဂိုဏ်းချုပ်၏
သားဖြစ်သည်ဟု တွေးမိသောအခါ သူမစိတ်ထဲမှ
မပျော်မရွှင်ဖြစ်မှုကို မျိုသိပ်ထားရဆဲပင်။

ချင်းယွင်ဂိုဏ်းချုပ်က ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတဝိုက်ရှိ
ရှေးဟောင်းကြယ်စက်ဝိုင်းများကြားတွင်
နာမည်ကျော်ကြားသော အဓိပဓိတစ်ပါး ဖြစ်သည်။

ထိုအချိန်တွင် မူယွဲ့ဟန်က လူအုပ်၏နောက်တွင်
ထိုင်နေသော ကျွင်းရှောင်ယောက်ကို
သတိပြုမိသွားသည်။

သူ၏ အရှိန်အဝါများက နတ်လောကမှ
ဆင်းသက်လာသော နတ်တစ်ပါးကဲ့သို့ပင်။

မူယွဲ့ဟွမ်က
ထိုလျှို့ဝှက်ဆန်းကြယ်သောပါရမီရှင်သည်
ကျန့်မန်ဂိတ်ကို ဘယ်အချိန်က ရောက်လာနည်းဟု

တိတ်တဆိတ် တွေးနေမိချိန်…

နတ်တစ်ပါးကဲ့သို့ ထိုသခင်လေးက ရုတ်တရက်
လျစ်လျူရှုစွာ ပြောလိုက်သည်။

"တကယ်ကို သန့်စင်တဲ့ ယင်ခန္ဓာတစ်ခုပါလား၊ ဒါက
မီးပြင်းပေးဖို့ ကောင်းမွန်တဲ့ ခန္ဓာတစ်ခုပဲ…"

ထိုစကားများ ပေါ်လာသည်နှင့် တပြိုင်နက်
ဆူညံနေသော စားသောက်ဆိုင်တစ်ခုလုံးမှာ
ဆောင်းဦးရာသီမှ ပုစဉ်းရင်ကွဲများကဲ့သို့ ရုတ်ချည်း
တိတ်ဆိတ်သွားတော့သည်။

အခန်း ( ၅၂၈ ) အလွန်ကောင်းမွန်သော
မီးပြင်းဖိုခန္ဓာ၊ ငါနဲ့ လိုက်ပါခဲ့ပေးပါ၊
ပုလွေမှုတ်တတ်တာလား။

ကျွင်းရှောင်ယောက်က တစ်ချက်ကြည့်ရုံဖြင့် မူယွဲ့ဟန်၏ တာအိုခန္ဓာကို သိလိုက်သည်။

၎င်းက အမှန်တကယ် သန့်စင်သော ယင်ခန္ဓာတစ်ခု ဖြစ်ချေသည်။

ဤတာအိုခန္ဓာမျိုးက အများအားဖြင့် အမျိုးသမီးများတွင် ပေါ်လာလေ့ရှိပြီး တာအိုခန္ဓာ သုံးထောင်တို့အနက် ထိပ်တန်းရာဂဏန်းအတွင်း ဝင်နိုင်သည်။

၎င်းမှာ ထိပ်တန်း တာအိုခန္ဓာ ငါးဆယ်လောက် မကောင်းမွန်သော်လည်း ရှားပါး တာကိုခန္ဓာတစ်ခု ဖြစ်နေပါသေးသည်။

အရေးအကြီးဆုံးမှာ၊ ဤသန့်စင်သော ယင်ခန္ဓာက မီးပြင်းဖိုအဖြစ်အသုံးပြုရန် အလွန်သင့်လျော်သည်။

သန့်စင်သော ယင်ခန္ဓာရှိသည့် အမျိုးသမီးတစ်ဦးနှင့် နှစ်ထပ်လေ့ကျင့်ပါက ကျင့်ကြံမှုအရှိန် အလွန်တိုးလာပေလိမ့်မည်။

မူယွဲ့ဟန်တွင် သန့်စင်သောယင်ခန္ဓာရှိသည်ကို ရောက်ရှိလာကြသူတိုင်း သဘာဝအတိုင်း သိကြသည်။

မီးပြင်းဖိုအဖြစ်သုံးရန် အလွန်သင့်လျော်သော သန့်စင်သော ယင်ခန္ဓာဖြစ်ကြောင်းလည်း အားလုံး သိပေသည်။

ချင်းယွင်သခင်လေးသည်ပင်၊ မူယွဲ့ဟန်ကို အမှန်တကယ် နှစ်သက်သော်လည်း သူမနှင့်

နှစ်ထပ်လေ့ကျင့်၍ အရှိန်မြှင့်လိုသော ဆန္ဒတချို့ ရှိခဲ့သည်။

သို့ရာတွင် စိတ်ထဲမှ တွေးနေသည်နှင့်...

လက်တွေ့ ထုတ်ပြောခြင်းမှာ မတူညီသော ကိစ္စများ ဖြစ်သည်။

"ဒီလောက် ပါးစပ်ဖွာတာ ဘယ်သူတုံးဟ"

"သူက ယွဲ့ဟန်နတ်သမီးမှာ ကောင်းမွန်တဲ့ မီးပြင်းဖိုခန္ဓာရှိတယ်လို့ တကယ်ကြီး ပြောခဲ့တယ်"

အားလုံးက ကျွင်းရှောင်ယောက်သည် မိန်းမလှလေးကို အားမနာတမ်း စော်ကားခြင်းဟု မှတ်ယူကြပြီး

စူးစိုက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ၊ ငါပြောတာ မှားနေလို့လား"
ကျွင်းရှောင်ယောက်က တည်ငြိမ်စွာပင် ပြောလိုက်၏။

တစ်ပါးသူ၏ ခွေးဖြစ်ချင်သည်က သူတို့၏
ကိုယ်ပိုင်ကိစ္စများ ဖြစ်သည်။
ကျွင်းရှောင်ယောက်ကတော့ ယင်းကို
စိတ်မဝင်စားပေ။

သူက အမှန်အတိုင်းပြောရုံသာ ဖြစ်သည်။

မူယွဲ့ဟန်လည်း အနည်းငယ် အံ့သြသွားလေသည်။
သူမ၏ လှပသော မျက်လုံးများတွင် အံ့အားသင့်မှု
အရိပ်အယောင်များ ပေါ်လာခဲ့သည်။

ကွယ်ဟန်နန်းတော်၏ သူတော်စင်ငယ်တစ်ယောက်
အနေဖြင့်၊ သူမဟာ ဤကျောင်းသူလမ်းတွင်
ထိပ်တန်းပါရမီရှင် မဟုတ်သော်လည်း
နာမည်ကြီးနေဆဲ ဖြစ်သည်။

အင်မော်တယ်ချီကို လေ့ကျင့်ထားသော
ဘီလူးငယ်တချို့သည်ပင် သူမအတွက်
နှုးညံ့ယဉ်ကျေးပြီး သူမနှင့် မိတ်ဆွေဖွဲ့လိုခဲ့ပေသည်။

သို့သော်လည်း၊ သူ့ရှေ့မှ လျှို့ဝှက်ဆန်းကြယ်သော
လူငယ်လေးကမူ အလွန်ရိုးစင်းပြီး သူမတွင်
မီးပြင်းဖိုခန္ဓာ ရှိသည်ဟုပင် တိုက်ရိုက်ပြောခဲ့သည်။

မူယွဲ့ဟန်က ကျွင်းရှောင်ယောက်ကို လေးလေးနက်နက်
ကြည့်လိုက်သည်။

သို့သော်လည်း သူမ ဘာမှပြန်မပြောမီ၊ ချင်းယွင်သခင်လေးက မတ်တတ်ထရပ်လိုက်၏။ သူက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ယွဲ့ဟန်နတ်သမီးက ကြီးကျယ်ခမ်းနားတဲ့ ကွယ်ဟန်ရှေးဟောင်းကြယ်စက်ဝိုင်းက၊ ကွယ်ဟန်အင်မော်တယ်နန်းတော်ရဲ့ သူတော်စင်နတ်သမီးနော်။ မင်း သူ့ကို ဘယ်လိုတောင် စော်ကားဝံ့တာလဲ"

ချင်းယွင် သခင်လေး၏ အဓိပ္ပာယ်ကို လူတိုင်း သိပြီးသားပင်။

ဤသည်က မိန်းမလှလေးအပေါ် သစ္စာစောင့်သိမှု ဖြစ်သည်။

ချက်ခြင်းပင်၊ ရှေးဦးကြယ်စက်ဝိုင်းမှ
လူငယ်များစွာက ကျွင်းရှောင်ယောက်ကို ပြစ်တင်
ပြောဆိုခဲ့ကြသည်။

ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့်
ပြုံးလိုက်သည်။

ဤအပြုံးသည် အလွန် ရင်နှိုး၏။

ဤသည်က သေခြင်းတရား၏ စည်းချက်
ဖြစ်တော့သည်။

ထိုအချိန်တွင်၊ ချင်းယွင်သခင်လေးအနားမှ
သူတော်စင်တစ်ပိုင်း အစေခံက ရုတ်တရက်
အေးစက်သွားသလို ခံစားလိုက်ရသည်။

သူက ကျွင်းရှောင်ယောက်ကို အံ့အားသင့်နေသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။ သူဟာ ချက်ချင်းပင် တီးတိုးပြောလိုက်၏။

"သခင်လေး၊ ခဏလောက် တိတ်တိတ်နေပါ"

ချင်းယွင်သခင်လေးလည်း အေးစက်စက်ဖြင့် နှာခေါင်းရှုံ့ကာ စကားရပ်လိုက်သည်။

ဤမြင်ကွင်းကို မြင်သောအခါ မူယွဲ့ဟန်၏ မျက်လုံးများက နားလည်ရခက်သော အလင်းရောင်များ လင်းလက်လာသည်။

သူမက ခဏတာ တိတ်ဆိတ်နေပြီးမှ နှုတ်ခမ်းကိုဟပြီး စကားစလေသည်။

"သခင်လေး၊ ဘာဖြစ်လို့ အနောက်မှာ ထိုင်ရမှာလဲ၊

ရှေ့မှာ လာမထိုင်ဘူးလား"

မှူယွဲ့ဟန်၏ စကားကိုကြားတော့ လူငယ်အများအပြား အံ့အားသင့်သွားသည်။

မှူယွဲ့ဟန်က ဒေါသမထွက်ဘူးလား။

ကျွင်းရှောင်ယောက်က နေရာမှထကာ ရှေ့ဆုံးခုံသို့ လျှောက်သွား၏။

အနှီမှူယွဲ့ဟန်က မိုက်မဲသူတော့ မဟုတ်ပေ။

ဤမြင်ကွင်းကို မြင်လိုက်ရတော့
ချင်းယွင်သခင်လေး၏ မျက်နှာက
မည်းမှောင်သွားသည်။ သို့သော်လည်း ဘာမျှမပြောဘဲ

အေးစက်စက်ဖြင့် ကျွင်းရှောင်ယောက်ကိုကြည့်ကာ ပြန်ထိုင်သွားတော့သည်။

မူယွဲ့ဟန်က နှုတ်ခမ်းကို အသာဟကာ ပြောလိုက်သည်။

"ဒီမိန်းကလေးရဲ့ ချိန်းဆိုမှုကို လာတွေ့တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီတစ်ခါ အခွင့်အလမ်းက အန္တရာယ်များတာမို့ သူတော်စင်တစ်ပိုင်းနဲ့ အထက်၊ ဒါမှမဟုတ် အင်မော်တယ်စွမ်းအင်သန္ဓေနဲ့ အင်မော်တယ်စွမ်းအင်အမှန်ကို လေ့ကျင့်ထားတဲ့ ပါရမီရှင်တွေပဲ ယွဲ့ဟန်နဲ့အတူ ဝင်ခွင့်ရမှာပါ"

မူယွဲ့ဟန်၏ စကားကိုကြားတော့ ပါရမီရှင်အများစုမှာ စိတ်ပျက်သော အမူအရာများကို လှစ်ဟလာကြသည်။

သူတော်စင်တစ်ပိုင်း၊ ဤသည်မှာ
လူတိုင်းအောင်မြင်နိုင်သော အရာမဟုတ်ပေ။

ကေရာဇ်လမ်း ဖွင့်ပြီးသည်မှာ
တစ်နှစ်ကျော်ရှိပြီဖြစ်သော်လည်း
အဓိပဓိတစ်ပိုင်းနယ်ပယ်သို့ ရောက်ရှိနိုင်သူများက
အလွန်နည်းပါးသည်။

သူတော်စင်တစ်ပိုင်းအဆင့်သို့ ရောက်နိုင်သူတိုင်းက
သူတော်စင်စာရင်းသို့ ဝင်ရောက်နိုင်ရန် အရည်အချင်း
ရှိကြသည်။

အင်မော်တယ်စွမ်းအင်သန္ဓေကို လေ့ကျင့်ရန်ကလည်း
မလွယ်ကူလှပေ။

ထို့ကြောင့်ပင်၊ မှူယွဲ့ဟန်၏ အခြေအနေများက

ပါရမီရှင် ကိုးဆယ့်ကိုး ရာခိုင်နှုန်းကျော်ကို
ဆုတ်ခွာစေမည်မှာ သေချာသည်။

ချင်းယွင်သခင်လေးကဲ့သို့ ရှေးဟောင်းကြယ်စက်ဝိုင်းမှ
အမွေဆက်ခံသူ အနည်းငယ်ကသာ အပြိုင်မပျက်
ရှိနေခဲ့ကြသည်။

လူတိုင်း၏ စိတ်ပျက်နေသော အမူအရာများကို
မြင်ရသောအခါ မူယွဲ့ဟန်က
တည်ငြိမ်အေးဆေးစွာဖြင့် ပြောခဲ့သည်။

"ဒါပေမဲ့ ယွဲ့ဟန်က လူတိုင်းကို သဘာဝအတိုင်း
အချည်းနှီးမဖြစ်စေပါဘူး။
ကျေးဇူးလက်ဆောင်အနေနဲ့ သီချင်းတစ်ပုဒ်
တီးပြပါ့မယ်"

ယင်းကိုကြားတော့မှ လူအားလုံး၏ အမူအရာများမှာ

အနည်းငယ် သက်သာသွားကြသည်။

"ယွဲ့ဟန်နတ်သမီးက ဂီတမှာကျွမ်းကျင်ပြီး သူ့ရဲ့ တေးသွားတွေကလည်း အံ့မခန်းပါပဲ။ ဒီနေ့ သူ့ရဲ့သံစဉ်ကို ကြားရနိုင်ရင် ဒီခရီးက ထိုက်တန်ပါသေးတယ်"

လူငယ်လေးများ နောက်တစ်ဖန် စိတ်ဓာတ်တက်ကြွလာခဲ့သည်။

မှူယွဲ့ဟန်က ကုချင်းကို ထုတ်ယူကာ စတင် တီးခတ်လိုက်၏။

သူမ၏ ကုချင်းသံက ညိမ့်ညောင်းပြီး အေးမြလှပသည်။

မူယွဲ့ဟန်က လနန်းတော်မှ ချန်အဲနှင့်တူကာ သူမ၏ ကုချင်းသံက စွဲလမ်းဖွယ်ကောင်းသည်။

ချင်းယွင်သခင်လေးနှင့် အခြားသူများလည်း မိန်းမောသွားခဲ့ကြလေသည်။

မူယွဲ့ဟန်က လှပတင့်တယ်သလို ယင်ခန္ဓာကိုယ်အား ပိုင်ဆိုင်ထားသည်။ ထို့ပြင် လူတို့ကို မည်သို့မည်ပုံ ပျော်ရွှင်စေရမည်မှန်းလည်း သိ၏။

သူမနှင့် တာအိုလက်တွဲဖော်များ ဖြစ်လာနိုင်လျှင် အမှန်တကယ် ပျော်စရာကောင်းလိမ့်မည်။

စားသောက်ဆိုင်တစ်ခုလုံးမှ ရာနှင့်ချီသော ပါရမီရှင်များအားလုံး ကုချင်းသံစဉ်တွင်

နှစ်မြုပ်နေခဲ့ကြသည်။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းသာ
စိတ်ဓာတ်ကျနေခဲ့၏။

ဤနေရာသို့ သူရောက်လာခြင်းမှာ ကုချင်းသံစဉ်ကို
နားဆင်ရန်မဟုတ်ဘဲ အခွင့်အလမ်းများရှာရန်
ရောက်လာခြင်း ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် မူယွဲ့ဟန်၏
ကုချင်းကျွမ်းကျင်မှုက အမှန်တကယ်
ကောင်းမွန်သည်။

သို့သော်လည်း... ထိုမျှလောက်သာပင်။

ကျွင်းရှောင်ယောက်က သမ်းဝေလိုက်သည်။

ဤသမ်းဝေမှုက ကုချင်းသံစဉ်၏ သဟဇာတဖြစ်မှုကို ချက်ချင်းဖျက်ဆီးပစခဲ့သည်။

မူယွဲ့ဟန်၏ ကျောက်စိမ်းကဲ့သို့ လက်ချောင်းများလည်း ရပ်တန့်သွားကာ ကုချင်းသံစဉ်လည်း ပျောက်သွား၏။

ချင်းယွင်သခင်လေးနှင့် အခြားသူများလည်း သတိပြန်ဝင်လာကာ ကျွင်းရှောင်ယောက်ကို စူးစူးစိုက်စိုက် ကြည့်တော့သည်။

"ဒီလူက ယွဲ့ဟန်နတ်သမီးရဲ့ ကုချင်းစွမ်းရည်ကိုတောင် မသိဘူး၊ တကယ်ကို ကျွဲပါးစောင်းတီးပဲ"

လူတော်တော်များများ မကျေနပ် ဖြစ်ကုန်သည်။

မူယွဲ့ဟန်ပင်လျှင် အနည်းငယ်
မျက်မှောင်ကြုတ်သွားမိ၏။

"သခင်လေးက ယွဲ့ဟန်ရဲ့ ကုချင်းစွမ်းရည်
မကောင်းဘူးလို့ ထင်နေတာလား"

ကျွင်းရှောင်ယောက်က မျက်ခုံးပင့်ကာ
ပြောလိုက်သည်။

"မဆိုးပါဘူး၊ ဒါပေမဲ့... ပျင်းစရာကြီး"

ဤစကားက သာမန်ကာလျှံကာ စကားမဟုတ်ဘဲ
မူယွဲ့ဟန်၏ လိုက်ပါသူအားလုံး ဒေါသဖြစ်သွားသည်။
၎င်းတို့က ဒေါသတကြီးနှင့် စားပွဲများကို ဖြန်းခနဲ

ရိုက်လိုက်၏။

ချင်းယွင်သခင်လေးက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဒါဆိုရင် မင်းရဲ့ ကုချင်းစွမ်းရည်က ယွဲ့ဟာန်နတ်သမီးထက် ပိုကောင်းတယ်လို့ ဆိုလိုချင်တာလား။ ဒီလိုဆိုမှတော့ မင်းကိုယ်တိုင် ဘာဖြစ်လို့ မတီးတာလဲ"

ကျွင်းရှောင်ယောက်က ချင်းယွင်သခင်လေးကို အသာစောင်းငဲ့ပြီး ကြည့်လိုက်၏။

ဤသည်က 'မင်းမှာ စွမ်းရည်ရှိရင် ဘာဖြစ်လို့ မလုပ်တာလဲ'ဟူသည့် ဂန္ထဝင်စကားမျိုး ဖြစ်သည်။

သို့သော်၊ ကျွင်းရှောင်ယောက်ကတော့ ဂရုမစိုက်ပေ။

"ဟုတ်တာပေါ့၊ ငါက တတ်နိုင်တယ်။ ဒါပေမယ့် မင်း ငါ့ရဲ့ ကုချင်းသံစဉ်ကို နားထောင်ချင်တယ်ဆိုရင် တန်ကြေးတစ်ခု ပေးရမယ်"

ကျွင်းရှောင်ယောက်က အဓိပ္ပာယ်ရှိရှိ ပြောလိုက်သည်။

ထို့နောက် သူက မူယွဲ့ဟန်ကိုကြည့်ကာ ပြောလိုက်၏။

"ငါနဲ့လိုက်ခဲ့ပါ၊ တစ်ယောက်တည်းနေရတာ ပျင်းဖို့ကောင်းတယ်"

ဤစကားများက စားသောက်ဆိုင်ရှိ လူငယ်အားလုံးကို အံ့အားသင့်စေခဲ့ပေသည်။

ယွဲ့ဟန်နတ်သမီးကို မိမိနှင့်လိုက်ပါရန် မည်သူက ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ပါမည်နည်း။

ချင်းယွင်သခင်လေး၏ မျက်လုံးများမှာလည်း သတ်ဖြတ်ချင်စိတ်များ တောက်လောင်နေခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က လျှို့ဝှက်ဆန်းကြယ်သော အရှိန်အဝါရှိကာ သူ့တွင် ထူးခြားသော နောက်ခံရှိပုံရသည်။

သို့ရာတွင်၊ ဤနေရာက ကေရာဇ်လမ်း ဖြစ်၏။

ဤလူယုတ်ကို ဖျက်ဆီးလိုက်ရန် သူ၏ သူတော်စင်တစ်ပိုင်း အစေခံက လုံလောက်သည်။

"ကောင်းပါပြီ၊ ယွဲ့ဟန်က ကုချင်းတီးတာအပြင် ပုလွေလည်း မှုတ်တတ်တယ်"

မှုယွဲ့ဟန်က ပြောလိုက်သည်။

သူမ စိတ်ထဲတွင်လည်း ဒေါသအနည်းငယ် တိုးလာခဲ့၏။

သူမ၏ ကုချင်းကျွမ်းကျင်မှုက ကွယ်ဟန် ရှေးဟောင်းကြယ်စက်ဝိုင်းတွင် နံပါတ်နှစ်ပင် မဟုတ်ပေ။

ဤသခင်လေးက လျှို့ဝှက်ဆန်းကြယ်သော်လည်း သူမကို ဤကဲ့သို့ နှိမ့်ချ၍မရပါချေ။

"ပုလွေမှုတ်တာလား၊ ငါ့မှာလည်း
ပုလွေတစ်ခုရှိပါတယ်။ ဒါပေမယ့်
ကံမကောင်းချင်တော့ ကြီးလွန်းတယ်... မင်း
သုံးနိုင်မယ်လို့ မထင်ဘူး"

ကျွင်းရှောင်ယောက်က မူယွဲ့ဟန်၏ သေးငယ်ပြီး
နူးညံ့သော နှုတ်ခမ်းများကို ကြည့်ကာ ခေါင်းကို
အနည်းငယ် ခါယမ်းလိုက်သည်။

မူယွဲ့ဟန် အနည်းငယ် အံ့အားသင့်သွား၏။
ထို့နောက်တွင်မှ၊ တစ်စုံတစ်ခုကို
နားလည်သွားသကဲ့သို့ ဖြူနုသော ပါးပြင်နှစ်ဖက်မှာ
နီမြန်းလာတော့သည်။

သူ့မျက်လုံးများတွင်
နာကျည်းမှုအရိပ်အယောင်များလည်း ရှိလာခဲ့၏။

ဤသခင်လေးက အနည်းငယ် ဆိုးသွမ်းသည်။

ပတ်ဝန်းကျင်ရှိ ပါရမီရှင်များ သတိပြန်ဝင်လာကြသည်။ သူတို့ မျက်နှာများတွင် ရန်လိုမှုများ ပေါ်လာကြ၏။

ဤလူယုတ်က သူတို့၏ နတ်ဘုရားမလေးကို ညစ်ညမ်းသောစကားများဖြင့် အမှန်တကယ် ပုတ်ခတ်ပြောဆိုခဲ့သည်။

"ယွဲ့ဟန်က ပုလွေမှုတ်ပေးလို့ ရပါတယ်၊ ဒါပေမဲ့ နင့်ရဲ့ ရိုးသားမှုအတွက် အနည်းဆုံးတော့ နင့်ရဲ့ မျက်နှာအစစ်ကို ပြသင့်တယ် မဟုတ်လား"

မူယွဲ့ဟန်က ပြောသည်။

ကျွင်းရှောင်ယောက်က တစ်ချက်ပြုံးလိုက်ကာ

သူ့မျက်နှာမှ နတ်အလင်းများအား
ပျောက်ကွယ်သွားစေခဲ့၏။

တခဏအတွင်းမှာပင် ချောမောခန့်ညားပြီး
ဆွဲဆောင်မှုရှိသော ရုပ်သွင်တစ်ခု ပေါ်လာတော့သည်။

မူယွဲ့ဟန်၏ နှလုံးသားလည်း စည်းချက်မညီဘဲ
ရင်ခုန်သံမြန်သွားသည်။

အခန်း ( ၅၂၉ ) ဝက်ပါချိုးဖြတ် သံစဉ်နှင့်
ပါရမီရှင်များကို သတ်သည်၊ ကျန့်မန်ဂိတ်
တုန်ခါခြင်း။

မူယွဲ့ဟန်က သူမကိုယ်ကို ရုပ်ရည်ကိုသာ
အဓိကထားသည့် အပေါ်ယံလူတစ်ယောက်ဟု

မထင်ပေ။

ယခင်ကလည်း ချောမောခန့်ညားသည့် ပါရမီရှင်
အတော်များများ သူမကို ပိုးပန်းခဲ့ဘူးသည်။
သူမကတော့ လှည့်တောင်မကြည့်ခဲ့ပေ။

ကောရာဇ်လမ်းကဲ့သို့ ရက်စက်သောနေရာတွင်
ရုပ်ရည်ထက် ခွန်အားက ပိုအရေးကြီးသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ ချောမောမှုကတော့
လူတိုင်း၏ နှလုံးသားကို လှုပ်ခတ်သွားစေနိုင်သော
ချောမောမှုမျိုး ဖြစ်နေပြီ။

ကမ္ဘာပေါ်တွင် ပြည့်စုံဆုံးနှင့်
အပြစ်အနာအဆာကင်းသော အရာတစ်ခုကို
မြင်ရသကဲ့သို့ အလိုလို စိတ်လှုပ်ရှားလာစေသည်။

ယခုအချိန်တွင် သူမ အမှန်တကယ် ရင်ခုန်ခဲ့ကြောင်း ဝန်ခံရတော့မည်။

"မင်း ငါ့အတွက် အခု ပုလွေမှုတ်ပေးနိုင်မလား"

ကျွင်းရှောင်ယောက်က အနည်းငယ် ရယ်ရွှင်သော အမူအရာရှိသော်လည်း သူ့မျက်လုံးများကတော့ မထူးခြားပေ။

စိတ်ဝင်စားစရာကောင်းသည့် အရုပ်တစ်ခုနှင့် ကစားနေသကဲ့သို့ ဖြစ်သည်။

မူယွဲ့ဟန်လည်း နှုတ်ခမ်းကိုကိုက်လိုက်သည့်တိုင် ငြင်းရန်ခက်ကြောင်း တွေ့ရှိခဲ့ပေသည်။

'မလုပ်ဘူး'ဟု ပြတ်ပြတ်သားသား
ပြောသင့်သော်လည်း မပြောနိုင်ခဲ့ပေ။

သူမက ကျောက်စိမ်းပုလွေကို တိတ်တဆိတ်
ထုတ်ယူလိုက်သည်။

ဤမြင်ကွင်းကိုမြင်လိုက်ရတော့ ပါရမီရှင်
တော်တော်များများ အသည်းကွဲသွား၏။

အကျွန် ကျွန်ုပ်တို့၏ နတ်ဘုရားမလေးက
လှောင်ပြောင်ခြင်း၊ ကဲ့ရဲ့ရှုံ့ချခြင်းတို့ကို
ခံခဲ့ရသော်လည်း ရှက်ရွံ့ခြင်း သို့မဟုတ်
ဒေါသထွက်ခြင်းလုံးဝမရှိပေ။

ယင်းက စိတ်တိုစရာကောင်းသည်။

ချင်းယွင်သခင်လေး၏ မျက်နှာလည်း
ပြာနှမ်းသွားလေသည်။

သူက သူ့ဘေးနားမှ အစေခံကို လှည့်ပြောလိုက်သည်။
"ဦးလေးကူ၊ ကျုပ်နဲ့ အဲဒီကောင်မှာဘယ်သူက
ပိုချောလဲ"

ယင်းကိုကြားတော့ ဦးလေးကူဟုခေါ်သော အစေခံက
ချင်းယွင်သခင်လေးကို တစ်ချက်ကြည့်ကာ
ခေါင်းညိတ်လိုက်၏။

သူ့မျက်လုံး ဖွင့်ကြည့်ပြီးနောက် မပြောတတ်တော့ဘဲ
ပြန်မှိတ်လိုက်လေသည်။

ချင်းယွင်သခင်လေး၏ မျက်နှာက
ခရမ်းရောင်ပြောင်းသွားပြီး သတ်ဖြတ်လိုစိတ်
အရိပ်အမြွက်တို့ ပေါ်လာခဲ့သည်။

ဒီလူသေရမယ်။

ကျွင်းရှောင်ယောက်က သူ့အင်္ကျီလက်ကို
ခါယမ်းလိုက်သည်။ သူ့ရှေ့တွင် အနီရောင်
ကုချင်းတစ်လက် ပေါ်လာခဲ့၏။

ကုချင်းက အနီရောင်ဖြစ်ပြီး သွယ်လျသည်။
ကုချင်းမျက်နှာပြင်တွင် ရွှေရောင် ဖီးနစ်ရှုခင်းပုံစံများ
ရေးထိုးထား၏။ ယင်းက အလွန်လှပကာ
အဖိုးတန်ပုံရလေသည်။

ကြိုးခုနစ်ချောင်းကလည်း

အနီရောင်သလင်းကျောက်ကဲ့သို့ ကြည်လင်ကာ
ပြိုးပြိုးပြက်ပြက် လက်နေသည်။

ထိုအရာသည်ကား၊ မီးငှက်ရှေးဟောင်းတိုင်းပြည်တွင်
လက်မှတ်ထိုးဝင်ကာ ရရှိခဲ့သော
ကြယ်လေးပွင့်ဆုလာဘ်၊ ရှေးဟောင်း
သူတော်စင်လက်နက် ကုချင်းပင်။

သူတော်စင်လက်နက်များက ယခုအချိန်တွင်
ကျွင်းရှောင်ယောက်အတွက် ဘာမျှမဟုတ်ပေ။

သို့သော်လည်း ၎င်းမှာ လူတိုင်း အလိုရှိသလို
ထုတ်ယူနိုင်သောအရာ မဟုတ်သေးပါချေ။

ကျွင်းရှောင်ယောက်က သူတော်စင်လက်နက်ကို
တိုက်ရိုက်ထုတ်သည်အား မြင်ရပြီးနောက်

ပါရမီရှင်အများအပြား အံ့သြသွားကြသည်။

ကျွင်းရှောင်ယောက်က သူတော်စင်လက်နက်များကို ဂရုမစိုက်သော်လည်း အခြားသူများ ဂရုမစိုက်ဟု မဆိုလိုပါချေ။

ရှေးဟောင်းကြယ်စက်ဝိုင်းမှ ဤပါရမီရှင်များအတွက်တော့ သူတော်စင်လက်နက်မှာ အလွန်ရှားပါးသော အဆင့်မြင့်ရတနာ ဖြစ်နေပြီ ဖြစ်သည်။

"ရှေးဟောင်း သူတော်စင်လက်နက်ပဲ"

ချင်းယွင်သခင်လေး၏ အမူအရာက အနည်းငယ် အဆင်ပြေမနေပါ။

သူ၏ အဓိကလက်နက်မှာ သူတော်စက်

လက်နက်တစ်ခုသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်
ကျပန်းထုတ်ယူလိုက်သည်ကတော့
သူတော်စင်အဆင့်တွင် ရှိ၏။

မည်သူက သာလွန်သလဲဆိုတာ သိသာထင်ရှားသည်။

"ဒီလူက တကယ်ကို ချမ်းသာပြီး ချောမောတဲ့
သူတစ်ယောက်ပဲ။ သူက ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးက အင်မော်တယ်
အင်အားစုရဲ့ ပါရမီရှင်များလား"

လူတစ်ချို့၏ မျက်လုံးများက အံ့သြခြင်းများဖြင့်
ပြည့်သွားသည်။

ဤနေရာတွင် ရှိကြသူများက

ရှေးဟောင်းကြယ်စက်ဝိုင်းများမှ ဖြစ်ကာ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များစွာမရှိပေ။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏ မူလဇစ်မြစ်ကို မည်သူမှ အသိအမှတ်မပြုနိုင်ပေ။

မူယွဲ့ဟန်လည်း သက်ပြင်းတစ်ချက်ချလိုက်သည်။ ကံကောင်းထောက်မစွာဖြင့် သူမသည် ကျွင်းရှောင်ယောက်နှင့် ငြင်းခုံမှုတစ်စုံတစ်ရာ မရှိခဲ့ပါချေ။

သူမ၏ အေးစက်သော မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီးနောက် ပြောလိုက်သည်။

"နင်တီးခတ်မဲ့ သီချင်းနာမည်က ဘာလဲ"

ကျွင်းရှောင်ယောက် တစ်ချက်ပြုံးလိုက်၏။
သူ့မျက်လုံးထဲမှာတော့ သတ်ဖြတ်လိုစိတ်တို့
ဖြစ်ပေါ်နေခဲ့ပြီ။

"ဒီသီချင်းကို ဝက်ပါချိုးဖြတ်ခြင်း လို့ ခေါ်တယ်"

ကျွင်းရှောင်ယောက်၏ စကားဆုံးသည်နှင့်
သူ့လက်ချောင်းဆယ်ချောင်းမှာ
ကုချင်းကြိုးများပေါ်သို့ ကျရောက်သွားသည်။

မူယွဲ့ဟန်ကလည်း ကျောက်စိမ်းပုလွေကို
သူ့နှုတ်ခမ်းတွင် တေ့ကိုင်ထားကာ မှုတ်ရန်
အသင့်ဖြစ်သွား၏။

သို့သော်လည်း နောက်အခိုက်အတန့်တွင်၊
ကျွင်းရှောင်ယောက်က ကုချင်းကြိုးများကို

တီးခတ်လိုက်ရာ ကုချင်းသံက ထက်သော
လှိုင်းများအဖြစ် ဖြာထွက်လာတော့သည်။

မူယွဲ့ဟန်၏ မျက်နှာအမူအရာက သိသိသာသာ
ပြောင်းလဲသွားခဲ့သည်။ သူမက နောက်ကို
အလျင်အမြန် ခုန်ဆုတ်ရင်း ရှောင်တိမ်းလိုက်၏။

ကျွင်းရှောင်ယောက်က အမှန်တကယ်
ကုချင်းမတီးချင်ကြောင်း သူမ နားလည်သွားခဲ့သည်။

ထိုအစား…

သတ်ဖြတ်မည်။

"သူများတွေက ငွေလိုချင်လို့ တီးခတ်ပေမဲ့

ဒီနတ်ဘုရားသားတော်ကတော့... မင်းရဲ့အသက်ကို လိုချင်တယ်"

ကျွင်းရှောင်ယောက်က ကြိုးခုနစ်ချောင်းလုံးကို လှုပ်ရှားလိုက်သည်။ ကုချင်းသံက လှိုင်းလုံးကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲကာ လမ်းကြောင်းအားလုံးကို လွှမ်းခြုံသွား၏။

စားသောက်ဆိုင်တစ်ခုလုံး ချက်ခြင်းပေါက်ကွဲသွားတော့သည်။

ဝက်ပါချိုးဖြတ်ခြင်း။ ဤသည်မှာ သူအရင်က အားလပ်ချိန်များတွင် အားကျိုးထံမှ ပေါ့ပေါ့ပါးပါး သင်ယူခဲ့သော ကုချင်းသံစဉ် ဖြစ်သည်။ ၎င်း၏ တိုက်ခိုက်နိုင်စွမ်းက အားကောင်းလွန်းပေသည်။

ကုချင်းသံစဉ်က လှံများအဖြစ်သို့ ပြောင်းလဲသွားကာ အရပ်လေးမျက်နှာကို ဖြတ်သွားသည်။

"ဖောက်... ဖောက်... ဖောက်..."

အစောပိုင်းက သူ့ကို အော်ငေါက်ခဲ့ဖူးသော လူငယ်အားလုံး ကုချင်းသံစဉ်အောက်တွင် ထုတ်ချင်းခတ်သွားကြ၏။

ခဏလေးအတွင်းမှာပဲ ရာချီသော ပါရမီရှင်များတွင် တစ်ဝက်ကျော် သေဆုံးသွားတော့သည်။

ယခင်က အသံမထွက်သော ပါရမီရှင် အနည်းစုသာ လွတ်မြောက်ခဲ့ကြသည်။

စားသောက်ဆိုင် ပေါက်ကွဲသောအခါ

ကျန့်မန်ဂိတ်တစ်ခုလုံး တုန်လှုပ်သွား၏။

ပါရမီရှင် တော်တော်များများက စားသောက်ဆိုင်၏ ဦးတည်ရာကို တအံ့တသြ ကြည့်လိုက်ကြတော့သည်။

"ဒါ ဘယ်သူလဲကွ၊ ကေရာဇ်လမ်းမှာ တိုက်ခိုက်တာကို တားမြစ်ထားတယ်ဆိုတာ မသိဘူးလား။ သေချင်နေပြီထင်တယ်"

ကေရာဇ်လမ်းမှ ပါရမီရှင်တချို့က အော်လိုက်သည်။

ကေရာဇ်လမ်းတွင် မင်းဘာသာ မည်သို့ပင် တိုက်ခိုက်နေပါစေ၊ အရေးမကြီးပေ။

သို့ရာတွင် မြို့တံခါးကို ဝင်ပြီးလျှင်တော့ သတ်ရန်နေနေသာသာ ဆန္ဒရှိတိုင်းပင် တိုက်ခိုက်၍

မရပါချေ။

စည်းမျဥ်းစည်းကမ်းကို ချိုးဖောက်ပါက
အစောင့်တပ်သားများက သက်သတ်လွတ်စားသူများ
မဟုတ်ပါ။

သို့သော်လည်း ယခုအခါ တစ်စုံတစ်ယောက်က
ကျန့်မန်ဂိတ်တွင် ပြောင်ပြောင်တင်းတင်း
ပြဿနာရှာခဲ့ပြီ ဖြစ်သည်။

ကျန့်မန်ဂိတ်မှ ပါရမီရှင် အများအပြားက
စားသောက်ဆိုင်တွင် စုရုံးလာသည်။

နေရာတွင်....

ကျွင်းရှောင်ယောက်က ပါရမီရှင် အများစုကို မတုံ့ဆိုင်းဘဲ သတ်လိုက်သည်အား မြင်ရပြီးနောက် ချင်းယွင်သခင်လေးမှာ မိုးကြိုးပစ်ခံရသကဲ့သို့ ထိတ်လန့်တကြား ဖြစ်သွားသည်။

သူက မမိုက်မဲပေ။ ကျွင်းရှောင်ယောက်၏ အင်အားက သူခန့်မှန်း၍ပင် မရနိုင်အောင် အားကောင်းသည်။

"သေ"

ကျွင်းရှောင်ယောက်က ကုချင်းကြိုးကို ထပ်မံတီးခတ်လိုက်သည်။ ကုချင်းသံက စွမ်းအားအဖြစ်နှင့် ချင်းယွင်သခင်လေးထံ ပြေးထွက်သွား၏။

ချင်းယွင်သခင်လေးလည်း ဟိန်းဟောက်ကာ အပြာရောင် အင်မော်တယ်ချီ အရိပ်အမြွက်ကို

ထုတ်ဖော်လိုက်တော့သည်။

၎င်းမှာ သူ ရရှိထားသော အင်မော်တယ်စွမ်းအင်၏
သန္ဓေသားပုံစံ ဖြစ်သည်။

"ဒါ... ချင်းယွင်သခင်လေးက ဘယ်သူနဲ့
တိုက်ခိုက်နေတာလဲဟ။ သူက
အင်မော်တယ်ချီသန္ဓေကိုတောင် ထုတ်ပြထားခဲ့ပြီ"

ရောက်လာသူများ အံ့သြသွားကြသည်။

အင်မော်တယ်စွမ်းအင်က လူတစ်ယောက်၏
ဝှက်ဖဲဖြစ်သည်။ ယေဘုယျအားဖြင့် ၎င်းကို
အလွယ်တကူ အသုံးမပြုတတ်ပေ။

တိုက်ပွဲက အထွတ်အထိပ်သို့ ရောက်လုနီးပြီဟု လူတိုင်း တွေးလိုက်မိချိန်တွင်...

နောက်အခိုက်မှာတော့ လူတိုင်း အံ့အားသင့်သွားသည်။

အင်မော်တယ်စွမ်းအင်သန္ဓေနှင့် သူတော်စင်တစ်ပိုင်း ကျင့်ကြံခြင်းအခြေခံရှိသော ချင်းယွင်သခင်လေးမှာ ကျွင်းရှောင်ယောက်၏ ကုချင်းသံစဉ်ကိုပင် မတားဆီးနိုင်ပေ။

ချောင်းဆိုးရင်း သူ့ပါးစပ်ထဲမှ သွေးများ အန်ထွက်လာသည်။ အင်မော်တယ်စွမ်းအင်သန္ဓေက အက်ကွဲသွားသလို သူဆင့်ခေါ်ခဲ့သော သူတော်စင်လက်နက်သည်ပင် တိုက်ရိုက် ပေါက်ကွဲသွား၏။

ချင်းယွင်သခင်လေး ကြောက်လန့်တကြားဖြင့် အော်တော့သည်။

"ဦးလေးကူ၊ ကယ်ပါဦး"

"သခင်လေး"

ဦးလေးကူလည်း အံ့အားသင့်သွားသည်။ သူ့သခင်လေးက ကုချင်းသံစဉ်တစ်ခုကိုပင် မခံနိုင်ဖြစ်နေမည်ဟု မမျှော်လင့်ခဲ့ပေ။

သူ ချက်ချင်း လှုပ်ရှားလိုက်သည်။ သူတော်စင်တစ်ပိုင်းနယ်ပယ် ကြီးမားသော အောင်မြင်ခြင်း အရှိန်အဝါများ ပေါက်ကွဲထွက်လာကာ ချင်းယွင်သခင်လေးကိုကယ်တင်ရန် ကြိုးစားလိုက်၏။

သို့သော်လည်း၊ ကျွင်းရှောင်ယောက်၏
ကုချင်းကြိုးများ လှုပ်ခါသွားသည်နှင့်
ချင်းယွင်သခင်လေး၏ စိတ်ဝိညာဉ်ပါ
ပေါက်ကွဲသွားတော့သည်။

ကျော်ကြားသော ပါရမီရှင်တစ်ဦးမှာ
ကုချင်းသံစဉ်ကြောင့် အသတ်ခံခဲ့ရသည်။

တုန်လှုပ်ခြောက်ခြားသွားသည်။

စားသောက်ဆိုင်တစ်ဝိုက်မှ ပါရမီရှင်အားလုံး
ကြက်သီးတဖြန်းဖြန်း ထသွား၏။

"ဒါ... ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းက
ပါရမီရှင်တစ်ယောက်များ ဆဋ္ဌမအဆင့်ကို
ပြန်ရောက်လာတာလား"

ပါရမီရှင် တော်တော်များများဟာ အိပ်မက်မက်နေပြီး အလွန်အမင်း လက်တွေ့မကျသကဲ့သို့ ခံစားခဲ့ရသည်။

"ကောင်လေး၊ မင်းရဲ့အသက်နဲ့ ပေးဆပ်စမ်း"

ဦးလေးကူ ဒေါသချောင်းချောင်းထွက်ပြီး ကျွင်းရှောင်ယောက်ကို လက်ဝါးဖြင့် ရိုက်ချရန် ကြိုးစားလိုက်သည်။

"သူတော်စင်တစ်ပိုင်း ကြီးမားသော ပြီးပြည့်စုံမှု၊ ဒါက ပျက်ဆီးခြင်းကောင်းကင်စာရင်းက ပါရမီရှင်တချို့ကို တိုက်ခိုက်ဖို့အတွက် လုံလောက်တယ်"

ပျက်ဆီးခြင်းကောင်းကင်စာရင်းကို ပါဝင်နိုင်သူများက အနည်းဆုံး သူတော်စင်တစ်ပိုင်း ဖြစ်သည်။

ကျွင်းရှောင်ယောက် အပြင်းအထန်ခံရလိမ့်မည်ဟု လူတိုင်းက တွေးနေချိန်တွင်...

ကျွင်းရှောင်ယောက်က အနည်းငယ် မျက်ခုံးပင့်ကာ ကုချင်းကို ဆက်လက်တီးခတ်ခဲ့သည်။

ဦးလေးကူ၏ မျက်လုံးများ ပြူးကျယ်သွားကာ သွေးအန်ပြီး လွင့်သွား၏။

သူတော်စင်တစ်ပိုင်းနယ်ပယ် ကြီးမားသော ပြီးပြည့်စုံခြင်းမှ ကျွမ်းကျင်သူသည်ပင် ကျွင်းရှောင်ယောက်၏ ပြိုင်ဘက်မဟုတ်ပေ။

ထိုအချိန်တွင် မူယွဲ့ဟန်၏ နူးညံ့သော ခန္ဓာကိုယ်ကလေးက ရုပ်တုတစ်ခုကဲ့သို့ နေရာတွင်

အေးခဲသွားသည်။

ကောင်းကင်သားတော်ကဲ့သို့ ချောမောခန့်ညားသော ဤလူငယ်ကား မည်သူနည်း။

ကျွင်းရှောင်ယောက်က ဦးလေးကူကိုသတ်ရန် ကြံရွယ်ပြီး ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ချိန်တွင်...

အဝေးမှ ကျယ်လောင်သော အော်သံများ ထွက်ပေါ်လာသည်။

"အတင့်ရဲလိုက်တာ၊ ဒါက ကျန့်မန်ဂိတ်ပဲကွ၊ ဒီနေရာမှာ ဘယ်သူ့ကိုမှ မစတ်ရဘူး"

သံချပ်ကာဝတ် တပ်သားတစ်စုက
မိုးကြိုးထစ်ချုန်းသကဲ့သို့ ကျယ်လောင်စွာ
ဟိန်းဟောက်လိုက်သည်။ ၎င်းတို့က
ကောင်းကင်စစ်သည်များကဲ့သို့ ပျံသန်းလာကာ
အရှိန်အဝါက ခံ့ညားလှ၏။

"ကျန့်မန်ဂိတ်ရဲ့ စည်းမျဉ်းတွေကို ချိုးဖောက်မှတော့
မင်း သေချာပေါက် သေလိမ့်မယ်"

ဦးလေးကူ သူ့ရင်ဘက်ကို လက်နှင့်ဖိထားသည်။
သူ့မျက်လုံးများတွင် ကြောက်ရွံ့မှုများ
ပြည့်နေသော်လည်း အလွန် ဝမ်းမြောက်သွား၏။

သူ့ရှေ့မှ လူငယ်လေး၏ ခွန်အားက
အလွန်ကြောက်စရာကောင်းကာ သူ့ဆံပင်များကို
အဆုံးထိ ထောင်မတ်သွားစေခဲ့သည်။

ကံကောင်းထောက်မစွာဖြင့် ဤသည်က
ကျန့်မန်ဂိတ်ဖြစ်ရာ မည်သူ့ကိုမျှ သတ်ခွင့်မရှိပေ။

ကျွင်းရှောင်ယောက်က တည်ငြိမ်စွာဖြင့် ကုချင်းကို
ဆက်လက် တီးခတ်လိုက်သည်။

ထိုအချိန်တွင်၊ တပ်မှူးက သူတော်စင်နယ်ပယ်
ကျင့်ကြံခြင်းအခြေခံများ ပေါက်ကွဲထုတ်ကာ
တိုက်ခိုက်မှုအား တားဆီးလိုက်၏။

ကျွင်းရှောင်ယောက်၏ မျက်လုံးများ လုံးဝ
အေးစက်သွားတော့သည်။

"ဒီနတ်ဘုရားသားတော် လူသတ်နေတာကို
တားဆီးဝံ့တယ်၊ မင်းတို့ သေချင်နေပြီလား"

အခန်း ( ၅၃၀ ) မင်း ပေါ်မလာရင် ကျန့်မန်ဂိတ်ကို
သွေးနဲ့ စွန်းထင်းစေလိမ့်မယ်၊ ကျန့်မန်ဂိတ်၏
အုပ်ထိန်းသူ တုန်လှုပ်သွားခြင်း။

ကျွင်းရှောင်ယောက်၏ လျစ်လျူရှုသော
စကားလုံးများက ကျန့်မန်ဂိတ်တွင် ပဲ့တင်ထပ်ပြီး
အားလုံးကို အေးခဲသွားစေခဲ့သည်။

အစောင့်များကိုပင် ခြိမ်းခြောက်ဝံ့အောင်
ဤလူငယ်ကား မည်သူနည်း။

တပ်မှူးက မျက်လုံးကိုမှေးစင်းကာ
သတ်ဖြတ်ချင်စိတ်များဖြင့် ပြောလိုက်၏။

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား။"

ကေရာဇ်လမ်းတွင်၊ မြို့ထဲမှာ ပြဿနာရှာဝံ့၍ သုတ်သင်ခံခဲ့ရသော ပါရမီရှင်များစွာ ရှိဘူးသည်။

ဤတပ်မှူးမှာ တချိန်က ကေရာဇ်လမ်းမှ အရှုံးသမားတစ်ဦး ဖြစ်ခဲ့သည်။ နောက်ဆုံးမှာတော့ သူဟာ ကျန့်မန်ဂိတ်တွင် နေခဲ့ပြီး လမ်းကိုစောင့်ကြပ်သော တပ်သားတစ်ဦး ဖြစ်လာခဲ့လေသည်။

ထို့ကြောင့်ပင်၊ ကေရာဇ်လမ်း၌ ၎င်းတို့၏ ထက်မြက်မှုကို ပြသတ်သော ပါရမီရှင်များကို မနှစ်သက်ပေ။ သူ့အမြင်တွင် မျက်စိစပါးမွေးစူးစရာ ဖြစ်နေသည်ဟု ခံစားမိသည်။

"မင်းကို ပြောလိုက်မယ်၊ ဒါက ကျန့်မန်ဂိတ်ပဲ။
မင်းဘာသာ နဂါးဖြစ်ဖြစ်... ကျားဖြစ်ဖြစ်
ဒီနေရာမှာတော့ ဝပ်ဆင်းနေမယ်"

တပ်မှူးက အေးစက်စက်ဖြင့် ပြောလိုက်သသည်။

အင်မော်တယ် အင်အားစုများပင်လျှင်
ကေရာဇ်လမ်း၏ ကိစ္စရပ်များတွင် အလိုရှိတိုင်း
ဝင်ရောက်စွက်ဖက်ရန် သတ္တိမရှိပေ။

ထို့ကြောင့် သူဟာ အလွန် ယုံကြည်မှုရှိနေခဲ့သည်။
ကျွင်းရှောင်ယောက်၏ နောက်ခံသမိုင်းကြောင်းကို
လုံးဝစိုးရိမ်နေစရာမလိုပေ။

ထိုစကားကြားတော့ ကျွင်းရှောင်ယောက်က
ပြုံးလိုက်မိသည်။

ဤစကားမျိုးကို သူတို့ ပြောသင့်၏။

ကျွင်းရှောင်ယောက်၏ အပြုံးကိုမြင်တော့ သူ့ကို လျှော့တွက်လေခြင်းဟု ခံစားမိကာ တပ်မှူး၏ မျက်လုံးထဲတွင် သတ်ဖြတ်ချင်စိတ်များ ပေါ်လာခဲ့သည်။

တပ်မှူးက အေးစက်စက်ဖြင့် ပြောလိုက်သည်။
"ဒီနေ့ မင်းကို သင်ခန်းစာပေးရလိမ့်မယ်"

ထို့နောက်တွင် တပ်မှူးက သူတော်စင်အဆင့် အရှိန်အအဝါများအား ပေါက်ကွဲလိုက်သည်။ သူက ကျွင်းရှောင်ယောက်၏ လည်ပင်းကိုရွယ်ကာ လှံဖြင့် ထိုးလိုက်၏။

ဦးလေးကူ၏ မျက်နှာတွင်ကား လှောင်ပြောင်မှုတစ်ခု

ထွက်ပေါ်လာတော့သည်။

ချင်းယွင်သခင်လေး သေပြီ၊ ဒီလူလည်း အသက်မရှင်ရဘူး။

"မဟုတ်ဘူး"

မူယွဲ့ဟန်၏ မျက်နှာအမူအရာက ပြောင်းလဲသွားသည်။

ကျွင်းရှောင်ယောက်၏ ခွန်အားကို သူမ မြင်တွေ့ပြီးသွားပြီ။ သူက ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းကို သေချာပေါက် တိုက်ခိုက်နိုင်စွမ်းရှိသည်။ ယင်းက အခွင့်အလမ်းကို ဆုပ်ကိုင်ပြီး သူမနှင့်အတူ လိုက်ပါရန်အတွက် အကောင်းဆုံးလူပင်။

ကျွင်းရှောင်ယောက်သာ သေသွားပါက သူမ၏ အစီအစဉ်က အောင်မြင်တော့မည် မဟုတ်ပေ။

တပ်မှူး၏လုံ့ကို ရင်ဆိုင်ရချိန်တွင် ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး ထရပ်လိုက်သည်။ သူက ခေါင်းကို အနည်းငယ်မော့ကာ လျစ်လျူရှုစွာ ပြောလိုက်၏။

"မင်း ပေါ်မလာသေးရင် ကျန့်မန်ဂိတ်ကို သွေးစွန်းစေလို့ ဒီနတ်ဘုရားသားတော်ကို အပြစ်မတင်နဲ့"

ထိုစကားကိုကြားတော့ ကေရာဇ်လမ်းမှ ပါရမီရှင်အားလုံး ထိုသူ ရူးနေပြီဟု ခံစားလိုက်ရသည်။

'ကျန့်မန်ဂိတ်ကို သွေးစွန်းစေအောင်'

ဤမျှ မာနကြီးသော စကားမျိုးကို မည်သူက ပြောဝံ့ပါသနည်း။

အင်မော်တယ် အင်အားစုများမှ သားမြေးများနှင့် ရှေးဟောင်းတော်ဝင်မိသားစု၏ သားမြေးများပင်လျှင် ကေရာဇ်လမ်း၏ ဂိတ်ဆယ့်ရှစ်ခုတွင် လာရှုပ်ဝံ့မည် မဟုတ်ပေ။

သို့သော်လည်း ဤအခိုက်အတန့်တွင် လျစ်လျူရှုသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ခွေးကောင်၊ ရပ်လိုက်စမ်း"

ဤအသံက ကျန့်မန်ဂိတ်တစ်ခုလုံးကို ဖြတ်ကျော်သွားသည့် မိုးခြိမ်းသံကဲ့သို့ပင်။

ထိုအချိန်တွင်၊ ကျန့်မန်ဂိတ်မှ ပါရမီရှင်များအားလုံး ထိတ်လန့်တုန်လှုပ်သွားပြီး ဤနေရာတွင် စုရုံးခဲ့ကြသည်။

၎င်းတို့အထဲတွင်၊ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်အချို့လည်း ရှိခဲ့သည်။ လက်နှစ်ဖက်ကို နောက်ပစ်ပြီး ကျောခိုင်းကာရပ်နေသော ထိုလူကိုမြင်သောအခါ အားလုံး အံ့အားသင့်သွား၏။

သူတို့ မျက်စိများကိုပင် မယုံနိုင်သလို ပွတ်သပ်လိုက်တော့သည်။

သူက ရှန်းကုကမ္ဘာရဲ့ ကြေးအင်မော်တယ်နန်းတော်မှာ ကျဆုံးစသွားပြီ မဟုတ်ဘူးလား။

ဤအေးစက်စက် ဝေါက်သံက ကောင်းကင်ယံကို တုန်ခါကာ ကြယ်များကြွေကျလုနီးဖြစ်သကဲ့သို့ လှုပ်ခါသွားစေခဲ့သည်။

"အဓိပတိအရှိန်အဝါ... သူ ဖြစ်နိုင်ပါမလား"

ကေရာဇ်လမ်းမှ ပါရမီရှင်များစွာတို့ မယုံကြည်နိုင်မှုများကို လှစ်ဟလာကြ၏။

ဤလှုပ်ခတ်မှုလေးက ထိုအဆင့် တည်ရှိမှုကို မည်သို့ ဆွဲဆောင်နိုင်မည်နည်း။

အသံ၏ ဦးတည်ရာဖြစ်သော တပ်မှူးလည်း ဤအသံကြောင့် ထိတ်လန့်တကြားဖြစ်သွားသည်။ သူ့လက်များ တုန်ခါကာ လက်နက်များပင် လွတ်ကျသွား၏။

ကျန့်မန်ဂိတ်တွင် ဟင်းလင်းပြင်က အက်ကွဲသွားပြီး ရွှေနက်ရောင် ဝတ်စုံဝတ် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက် ပေါ်လာသည်။ သူ့ထံမှ အဓိပမိအရှိန်အဝါများက ပျံ့နှံ့သွားကာ နဂါးငွေ့တန်းကို တုန်လှုပ်စေခဲ့သည်။

ကောရာဇ်လမ်း၏ ဂိတ်ဆယ့်ရှစ်ခုတွင် တစ်ခုစီ၌ အဓိပမိ ကာကွယ်သူများ ရှိ၏။

ဤလူကြီးကတော့ ကျန့်မန်ဂိတ်၏ ကာကွယ်သူ ကျုံးဟွေ့ အဓိပမိပင်။

"သ...သ... ကာကွယ်သူသခင်..."

တပ်မှူး၏ မျက်နှာက မယုံကြည်နိုင်မှုများဖြင့် စက္ကူကဲ့သို့ ဖြူလျော်သွားသည်။

အဓိပဓိကျုံးဟွေ့က ဘယ်တော့မှ
လူလုံးထွက်ပြလေ့မရှိပေ။

အင်မော်တယ်အင်အားစုများ၏
သားစဉ်မြေးဆက်အချို့ကို သတ်ဖြတ်နေချိန်၌ပင်
အဓိပဓိကျုံးဟွေ့က ပေါ်မလာခဲ့ပါလေ။

ယခုမူ သူ့ရှေ့မှ လူငယ်လေး၏ စကားကြောင့်
အဓိပဓိကျုံးဟွေ့ ပေါ်လာပြီ ဖြစ်သည်။

တပ်မှူး၏ နှလုံးသားထဲတွင် မရေမတွက်နိုင်သော
ကြိုတင်သတိပေးချက်များ ပေါ်လာသည်။

ကာကွယ်သူပင် မနှောင့်ယှက်ဝံ့သည့် တည်ရှိမှုကို သူ

နှိုးဆော်လိုက်ပုံရသည်။

"ဘာတွေဖြစ်နေတာလဲ၊ ကာကွယ်သူတောင် ပေါ်လာပြီ။ ဒီလူငယ်လေး... သူ့မှာ ဘယ်လို နောက်ခံမျိုးရှိတာလဲ"

အခြေအနေကို နားမလည်သော ရှေးဟောင်း ကြယ်စက်ဝိုင်းမှ ပါရမီရှင်အချို့လည်း အလွန်အံ့သြသွားကြသည်။

ဆန့်ကျင်ဘက်အားဖြင့်၊ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်တချို့ကမူ မျက်လုံးပြူးသွားသည်။ ထိုအခိုက်တွင် သူတို့အားလုံး အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။

အဓိပဓိကျုံးဟွေ့လည်း အဖြူရောင် ဝတ်စုံဖြင့်

သပ်ရပ်သော အသွင်ကို မြင်သောအခါ သူ့မျက်ခုံးများ မသိမသာ လှုပ်ယမ်းသွားသည်။

ဤမျှ မကောင်းဆိုးရွားဆန်သူက ဆင္ဂမမြောက်ဂိတ်ကို မည်သည့်အချိန်က ရောက်လာခဲ့သနည်း။

ကေရာဇ်လမ်းပေါ်ရှိ ပါရမီရှင်များက ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ အင်မော်တယ်စစ်ပွဲအကြောင်းကို မသိကြပေ။

သို့ရာတွင် အဓိပတိ ကျုံးဟွေ့ကတော့ အမှန်တရားကို သိသည်။

လမ်းကြောင်း ခုနစ်သွယ်မှ အင်မော်တယ်အင်အားစုများက ကျွင်းမိသားစုကို

ဝန်းရံတိုက်ခိုက်ခဲ့သော်လည်း နောက်ဆုံးတွင် အားလုံးနီးပါး သုတ်သင်ခံခဲ့ရပေသည်။

သူ့ရှေ့မှလူငယ်က အင်မော်တယ်စစ်ပွဲကို လုံးလုံးမထိန်းချုပ်နိုင်ပါ။

သို့ရာတွင် အရေးကြီးဆုံး အင်အားတစ်ခုအနေဖြင့် ပါဝင်သွားခဲ့သည်။

သူက ကျွင်းမိသားစုနှင့် ကျန်းမိသားစုကို နောက်ခံထားသည့်အပြင် ကျွင်းကေရာဇ်ခုံရုံး၏ ခေါင်းဆောင်ကြီးလည်း ဖြစ်နေပါသေးသည်။

ဤမျှကြောက်စရာကောင်းသော နောက်ခံ၊ အရည်အချင်း၊ ခွန်အားများနှင့်  သူ့ကို ဘယ်သူက ရန်စဝံ့မည်နည်း။

ကျုံးဟော့က ဧကရာဇ်လမ်းကို
အုပ်ထိန်းသူဖြစ်လျှင်ပင်၊ ထိုကဲ့သို့ မကောင်းဆိုးရွားကို
နှိုးဆော်ခြင်းမပြုဝံ့ပေ။

"နောက်ဆုံးတော့ မင်း ပေါ်လာပြီပေါ့။ ငါက မင်း
သေချင်ယောင်ဆောင်ဦးမယ်လို့ ထင်ထားတာ"

ကျုံးဟော့ကို မြင်လိုက်ရတော့ ကျွင်းရှောင်ယောက်က
အေးစက်စက်ဖြင့် ပြောလိုက်သည်။

အမိပမိကို ရင်ဆိုင်နေရသော်လည်း ကြောက်ရွံ့ခြင်း
မရှိပေ။ ထိုအစား သခင်က ကျွန်ကို သင်ခန်းစာတစ်ခု
ပေးနေသကဲ့သို့ ခံစားခဲ့ရသည်။

"ဒီသခင်လေးက၊ အုပ်ထိန်းသူကိုတောင်
ကြိမ်းမောင်းရအောင် ဘာနောက်ခံများရှိလို့လဲ"

မူယွဲ့ဟန်လည်း လန့်ဖျတ်သွားပြန်သည်။

သူ့ရှေ့မှ လူငယ်လေး၏ မူလအစက သူမ မျှော်လင့်ထားတာထက် ပိုကြောက်စရာကောင်းပုံရသည်။

"ဟားဟားဟား၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ရောက်ရှိလာတာက ငါ့ ကျန့်မန်ဂိတ်အတွက် ဂုဏ်ယူစရာပါပဲ"

အဓိပဓိကျုံးဟွေ့လည်း မချိသွားဖြဲပြီးကာ ပြောလိုက်သည်။

ထိုစကားများထွက်လာသည်နှင့် တပြိုင်နက် ကျန့်မန်ဂိတ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များကမူ တကိုယ်လုံးတုန်ခါပြီး အသက်ရှူရ ကြပ်သွားသကဲ့သို့ ခံစားလိုက်ရသည်။

"အဲ့ဒါက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပဲ။ သူ သေရာကနေ ပြန်ရောက်လာပြီလား"

ဤပါရမီရှင်များက အနီးကပ်ကြည့်ချင်သလို မျက်လုံးကို ပြူးပြဲပြီး ကြည့်လိုက်သည်။

ရှေးဟောင်းကြယ်စက်ဝိုင်းမှ ပါရမီရှင်များကမူ ခဏတာ စိတ်ရှုပ်ထွေးသွားသည်။ ထို့နောက် တစ်ခုခုကို ရုတ်ချည်း သတိရသွားသကဲ့သို့ တကိုယ်လုံး အေးစက်သွား၏။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်... သူက ပျက်ဆီးခြင်းကောင်းကင်

အင်မော်တယ်နယ်မြေကြီးက မျိုးဆက်သစ်မှာ
ပြိုက်ဘက်ကင်းတဲ့ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်ပဲ"

"ကောလဟာလတွေအရ
ကြေးအင်မော်တယ်နန်းတော်မှာ သူ ကျဆုံးသွားပြီဆို။
သူ အသက်ရှင်နေသေးတာလား"

ခဏတာ စိတ်ရှုပ်သွားပြီးနောက်၊
ကျန့်မန်ဂိတ်တစ်ခုလုံး အဆုံးမဲ့ ဆူညံသံများ
ထွက်ပေါ်လာခဲ့သည်။

လူတိုင်း တုန်လှုပ်သွားကြ၏။

မူယွဲ့ဟန်သည်လည်း တကိုယ်လုံး
တဆတ်ဆတ်တုန်ကာ အိပ်မက်တစ်ခုလို

ခံစားနေရတော့သည်။

"သူက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပဲ..."
မူယွဲ့ဟန် လုံးဝအံ့အားသင့်သွားသည်။

ဤလူက သူ နေ့တိုင်း တွေးနေခဲ့ရသူ မဟုတ်လော။

မူယွဲ့ဟန်သည် ကွယ်ဟန်ရှေးဟောင်းကြယ်စက်ဝိုင်းမှ
ဖြစ်သော်လည်း ကျွင်းရှောင်ယောက်အကြောင်း
ဒဏ္ဍာရီများစွာကို ကြားခဲ့ရဖူးသည်။

အချိန်ကြာလာသည်နှင့်အမျှ သူသည်
ကိုယ်တိုင်မတွေ့ဖူးသော ဤဒဏ္ဍာရီလာ
နတ်ဘုရားသားတော်အကြောင်းကို ပြင်းပြင်းထန်ထန်
စူးစမ်းချင်စိတ်နှင့် စိတ်ကူးယဉ်မှုများ

တိုးပွားလာခဲ့၏။

ဤဒဏ္ဍာရီလာ တည်ရှိမှုကို
ကိုယ့်မျက်စိနှင့်မြင်လိုသော ဆန္ဒတစ်ခုပင်
ရှိလာခဲ့လေသည်။

သို့သော်လည်း ကြေးအင်မော်တယ်နန်းတော်တွင်
ကျွင်းရှောင်ယောက် ကျဆုံးသွားကြောင်း
ကြားသိရသောအခါတွင် အချိန်အတော်ကြာအောင်
စိတ်ပျက်သွားမိသည်။

ယခုတော့၊ သူ့နှလုံးသားထဲတွင် တမ်းတနေရသော
ဒဏ္ဍာရီလာပုဂ္ဂိုလ်က သူမ၏ပွဲကို အမှန်တကယ်
ပါဝင်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ပေ။

ယခုအချိန်တွင် မူယွဲ့ဟန်က အိပ်မက်တစ်ခုလိုသာ

ခံစားခဲ့ရသည်။ တုန်လှုပ်မှုမှ အပြည့်အဝ
ပြန်လည်ကောင်းမွန်လာခြင်း မရှိသေးပေ။

တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်က သူမကို
ပုလွေမှုတ်ပေးရန် ပေါ့ပေါ့ပါးပါး တောင်းဆိုခဲ့ကြောင်း
ပြန်တွေးမိသွားသည်။

'နတ်ဘုရားသားတော်ဖြစ်ရင် ငါလုပ်နိုင်ပါတယ်...'

အတွေးဖြင့် မူယွဲ့ဟန်၏ မျက်နှာလေးက
နီရဲသွားသည်။

ယခုတော့ သူမသည်
ကျွင်းရှောင်ယောက်အကြောင်းကို သိချင်ရုံသာမက
ကျွင်းရှောင်ယောက်၏
ပုလွေလေးအကြောင်းကိုလည်း သိချင်နေတော့သည်။

အခန်း ( ၅၃၁ ) ကျွင်းရှောင်ယောက်သာလျှင်
စည်းမျဉ်းများကို နင်းချေနိုင်သည်၊ မူယွဲ့ဟာန်က
ပုလွေမှုတ်ချင်တယ်။

ဤအခိုက်တွင်၊ ကျန့်မန်ဂိတ်မှ ပါရမီရှင်များအားလုံး
အလွန်တုန်လှုပ်သွားခဲ့သည်။

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ ပါရမီရှင်များကတော့
အများကြီး ပြောနေရန်ပင် မလိုတော့ပါ။
ကျွင်းရှောင်ယောက် စတင် မွေးဖွားလာချိန်မှစ၍
သူ၏ဒဏ္ဍာရီများက မရပ်တန့်ခဲ့ပါချေ။ သူ့ထံမှ
သတင်းတစ်ခုစီက တုန်လှုပ်စရာကောင်းလွန်း၍
နားများပင် ပွင့်ထွက်တော့မည်ဟု ဆိုနိုင်သည်။

ရှေးဟောင်းကြယ်စက်ဝိုင်းမှ ပါရမီရှင်များပင်လျှင် ကျွင်းရှောင်ယောက်ကို သိကြ၏။ သူတို့က ကျွင်းရှောင်ယောက်ကို တစ်ကြိမ်မျှ မမြင်ဘူးသော်လည်း မျိုးဆက်သစ်လူငယ်များ၏ နံပါတ်တစ်ပုဂ္ဂိုလ်ဖြစ်သော သူ့ဘွဲ့အမည်များကို ကြားဖူးခဲ့ပေသည်။

ယခုမူ၊ ဤဒဏ္ဍာရီဆန်ဆန် ပုဂ္ဂိုလ်ကြီးက သူတို့ရှေ့တွင် အမှန်တကယ် ပေါ်လာပြီ ဖြစ်သည်။

ဤခံစားချက်က အိပ်မက်မက်နေသည့်နှယ် အလွန် ထူးခြားခဲ့ပေသည်။

သို့သော်၊ လူတိုင်းကတော့ ထိုသို့ မခံစားရပါ။

ဥပမာအားဖြင့် တပ်မှူးနှင့် ဦးလေးကူ ဖြစ်သည်။

သူတို့၏ မျက်နှာများက သွေးမရှိတော့သကဲ့သို့ သွေးဆုတ်ဖြူရော်သွားလေသည်။

"ဘုရား... ဘုရား"

ဦးလေးကူ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

တစ်ဖက်တွင်လည်း တပ်မှူးကြီး၏ ဒူးများက တဆတ်ဆတ် တုန်ခါလာလာကာ စိတ်မသက်မသာ ခံစားရသည်။

သို့သော်လည်း ဒုတိယအတွေးအရ သူဟာ မည်သည့် စည်းမျဉ်းကိုမျှ မချိုးဖောက်ခဲ့ပေ။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်တောင်

ကျန့်မန်ဂိတ်တွငိ မရှုပ်နိုင်ပါချေ။

ယခင်ကလည်း ကျန့်မန်ဂိတ်တွင် ပြဿနာရှာသော အားကောင်းသည့်နောက်ခံနှင့် ပါရမီရှင်များ ရှိဘူးသည်။ သို့သော်၊ သူက သတ်ဖြတ်ခဲ့သည်ချည်းဖြစ်ပြီး ဘာပြဿနာမှ မရှိခဲ့ပေ။

အဓိပဓိကျုံးဟွေ့ကလည်း တစ်ခါမျှ ဝင်မပါခဲ့ဘူးပါချေ။

ထို့ကြောင့်ပင် ဤတစ်ကြိမ်တွင်လည်း သူ့ကို အဓိပဓိကျုံးဟွေ့က ကာကွယ်မည်ဟု ယူဆရသည်။

ကောင်းကင်ယံတွင် အဓိပဓိကျုံးဟွေ့က အားတင်းပြုံးကာ ပြောလိုက်သည်။

"နတ်ဘုရားသားတော်က သူတော်စင်နယ်ပယ်ကို ရောက်နေပြီလို့ ငါမမျှော်လင့်ခဲ့မိဘူး။ ဒီအတိုင်းဆို ပျက်ဆီးခြင်းကောင်းကင်စာရင်းမှာ မပါဝင်ခင် အချိန်အတိုင်းအတာတစ်ခုပဲ လိုလိမ့်မယ်"

"ဘာ"

အဓိပဓိကျုံးဟွေ့၏ စကားများက သူ့ပတ်ဝန်းကျင်ကို လှိုင်းလုံးကြီးများကဲ့သို့ ရိုက်ခတ်ထွက်ပေါ်လာပြန်သည်။

ကျွင်းရှောင်ယောက်က သူတော်စင် ဖြစ်သွားခဲ့ပြီလား။

မူယွဲ့ဟန်လည်း အံ့အားသင့်လွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ယခုအခါ ကေရာဇ်လမ်းတွင် သူတော်စင်တချို့ ရှိလာပြီဖြစ်သော်လည်း...

ထိုသူတို့အားလုံးက ကေရာဇ်လမ်းတွင် ယခင်ကတည်းက ကြိုတင်လျှောက်လှမ်းကာ အခွင့်အလမ်းများ ရယူပြီးနောက် တဖြည်းဖြည်း ဖြတ်ကျော်သွားကြခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်အတွက်ကတော့ သူဟာ ကေရာဇ်လမ်းကို မကြာသေးခင်ကမှ ရောက်ရှိလာကြောင်း ထင်ရှားသည်။

တစ်နည်းဆိုရသော်၊ ကျွင်းရှောင်ယောက်က ကေရာဇ်လမ်းကို မလျှောက်မခင်ကပင် သူတော်စင်နယ်ပယ်သို့ ဖြတ်ကျော်သွားပြီးပြီ။

ဤအရှိန်အဟုန်မျိုးက ခေတ်အဆက်ဆက်တွင် မည်သူ့ကိုမျှ ရှာမတွေ့နိုင်ပေ။

"ဘုရားရေ၊ ရဲ့မိသားစုရဲ့ ဓားနတ်ဆိုး ရဲ့ကူချန်၊ ကျွင်းမိုရှောင်နဲ့ အခြားသူတွေက ကေရာဇ်လမ်းကို လျှောက်လှမ်းပြီးနောက် အမြန်ဆုံး သူတော်စင်တွေ ဖြစ်လာနိုင်ခဲ့တယ်။ ဒါကြောင့်ပဲ မှတ်တမ်းတင်ပြီး လူအများက သူတို့ကို ချီးမွမ်းခဲ့ကြရပါတယ်"

"အခု ပြန်ကြည့်လိုက်တော့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ရဲ့ကူချန်၊ ကျွင်းမိုရှောင်နဲ့ အခြားသူတွေထက်စောပြီး သူတော်စင်နယ်ပယ်ကို ပထမဆုံး ဖြတ်ကျော်ခဲ့တာပဲ"

"အောင်မြင်မှုတွေက မြန်ရုံတင် ဘယ်ကပါ့မလဲ။

ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ အသက်ကိုလည်း မမေ့နဲ့ဦး။ သူက အခုမှ အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်..."

ပါရမီရှင်အားလုံး အလွန်အံ့အားသင့်သွားကာ အချင်းချင်း တိုးတိုးပြောဆိုလိုက်ကြသည်။

သို့ရာတွင်၊ ကျွင်းရှောင်ယောက်၏ အမူအရာကတော့ ဘာမျှ မထူးခြားပေ။

"စကားလမ်းကြောင်း မပြောင်းပါနဲ့၊ အခု ငါ့ခံစားချက်တွေ ကောင်းနေတာမဟုတ်ဘူး"

ဤစကားများက အဓိပဓိကျုံးဟွေ့ကို မျက်ခုံးလှုပ်သွားစေခဲ့သည်။

မျှော်လင့်ထားသည့်အတိုင်း၊ ကျွင်းရှောင်ယောက်က

အတိတ်ကို မေ့မထားပေ။

သူက တပ်မှူးကို စိုက်ကြည့်ပြီး အေးစက်စက်ဖြင့် ပြောလိုက်သည်။

"မင်း ကိုယ့်ကိုကိုယ်သတ်သေသင့်တယ်"

"ဘယ်...ဘယ်လို"

တပ်မှူးလည်း သူ နားကြားမှားသည်ဟုထင်ကာ အံ့သြသွား၏။

အဓိပဓိကျုံးဟွေ့က သူ့ကို မကာကွယ်ရုံသာမကဘဲ သတ်သေရန်ပင် တောင်းဆိုနေသလော။

"သခင်အုပ်ထိန်းသူ၊ ကျုပ်က ဘာမှ မှားမထားဘူးလေ၊ စည်းမျဉ်းတွေကို

လိုက်နာခဲ့ပါတယ်။ စည်းကမ်းဖောက်တာက
ကျွင်းမိသားစုရဲ့ နတ်..."

သို့သော် တပ်မှူး၏ စကားပင် မဆုံးလိုက်...

အစိပတိကျုံးဟွမ်က
လက်ညှိုးတစ်ချက်ညွှန်လိုက်သည်။

"ဖောင်း"

တပ်မှူးလည်း သွေးမြူများအဖြစ်သို့
ပေါက်ကွဲသွားတော့သည်။

ကြမ်းပြင်ပေါ်မှ သွေးနှင့် အရိုးအကြွင်းအကျန်များကို
မြင်လိုက်ရတော့ အနီးနားရှိလူတိုင်း
တံတွေးတစ်လုပ်ကို မျိုချလိုက်မိသည်။

ကျန့်မန်ဂိတ်၏ အုပ်ထိန်းသူက သူ့လူကို မကာကွယ်ရုံသာမကဘဲ ပြတ်ပြတ်သားသား အရေးယူခဲ့သည်အား မည်သူမျှ စိတ်ကူးယဉ်နိုင်မည် မဟုတ်ပေ။

အဓိပဓိကျုံးဟွေ့က အပြောင်းမလဲမရှိသော မျက်နှာအမူအရာဖြင့် တိတ်တဆိတ် ရေရွတ်လိုက်သည်။

"စည်းကမ်းလိုက်နာတက အများအယွင်းမရှိပေမဲ့ အချို့လူတွေက စည်းမျဉ်းတွေထက်သာလွန်တယ်"

ကျွင်းရှောင်ယောက်က ကေရာဇ်လမ်း၏ စည်းမျဉ်းများကို နင်းချေနိုင်သူ ဖြစ်ပေသည်။

ကျွင်းရှောင်ယောက်က ဦးလေးကူကို

ကြည့်လိုက်သည်။

ဦးလေးကူလည်း တကိုယ်လုံး အေးစက်သွားသလို ခံစားလိုက်ရသည်။ ထို့နောက်တော့ ကျုံးဟွေ့၏ လက်ညှိုးတစ်ချက်ဖြင့် သူ့ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်မှာ အပိုင်းပိုင်းကွဲသွားလေတော့သည်။

"နတ်ဘုရားသားတော် စိတ်ကျေနပ်မှုရှိရဲ့လား" အဓိပမိကျုံးဟွေ့က ပြောလိုက်သည်။

ကျွင်းရှောင်ယောက်က သူ့ကို မရပ်မနား နှောင့်ယှက်နေမှာ အမှန်တကယ် ကြောက်နေခဲ့ပေသည်။

သူက ကေရာဇ်လမ်း၏ ကျန့်မန်ဂိတ်မှ

အုပ်ထိန်းသူသာ ဖြစ်သည်။

သို့သော်လည်း အမှန်အတိုင်းပြောရမည်ဆိုလျှင် သူ မရှိလျှင်ပင် သူ့နေရာကို တာဝန်ယူမည့် အခြား အစိပတိများ ရှိလိမ့်မည်။

"မင်း သွားလို့ရပြီ"
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ခေါင်းညိတ်လိုက်သည်။

သူက ယစ်ထုတ်ကြီးတော့ မဟုတ်ပေ၊ ထို့ပြင် အစိပဓိကျုံးဟွေ့၏ နည်းလမ်းများက ပြတ်သားသည်။

"ဒါဆိုရင်လည်း ငါမင်းကို မနှောင့်ယှက်တော့ပါဘူး၊ နတ်ဘုရားသားတော်က  အဆုံးစွန်

ကောရာဇ်လမ်းကိုသွားပြီး ကောရာဇ်ဖြစ်လာဖို့ မျှော်လင့်တယ်"

အဓိပဓိကျိုးပျော့လည်း အနည်းငယ် လက်ယှက်ပြပြီးနောက် အသက်တရှိုက်စာပင် မနေလိုဟန်ဖြင့် ချက်ချင်း ထွက်ပြေးသွားတော့သည်။

မြေးတစ်ယောက်လို အဆုံးမခံရပြီးနောက် ပြေးထွက်သွားသော ကျန့်မန်လမ်း၏ အုပ်ထိန်းသူကိုကြည့်ကာ အားလုံး တုန်တုန်ယင်ယင် ဖြစ်သွားသည်။

"အခွင့်ထူးခံ လူတန်းစားတဲ့လား၊ ငါ သဘောကျတယ်..."

"မင်းမှာ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လို အစွမ်းထက်တဲ့ နောက်ခံရှိရင် မင်းလည်း

မောက်မာနိုင်မှာပေါ့"

အမျိုးသား ကျင့်ကြံသူများ မနာလိုဖြစ်သွားသည်။

အမျိုးသမီး ကျင့်ကြံသူများကမူ မျက်လုံးများ အရောင်လက်သွား၏။

ဤလူက ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးတွင် ကျော်ကြားသော ကျွင်းမိသားစု၏ နတ်ဘုရားသားတော် ဖြစ်သည်။ အကယ်၍ သူ့ဘေးနားမှ အစေခံတစ်ယောက် ဖြစ်နိုင်လျှင်ပင် အကျိုးကျေးဇူးများက အဆုံးမရှိပေ။ သူတို့ကို မည်သူမျှလည်း ရန်စဝံ့မည် မဟုတ်ပါချေ။

ခဏချင်းပင် အမျိုးသမီး ကျင့်ကြံသူများ၏ မျက်လုံးများက တပ်မက်မှုများ ပြည့်သွားခဲ့လေသည်။

ယင်းကိုမြင်တော့ မူယွဲ့ဟန်က ပေါ့ပါးသွက်လက်သော ခြေလှမ်းများနှင့် ကျွင်းရှောင်ယောက်ဆီသို့ လျှောက်သွားသည်။ သူဟာ အမျိုးသမီးကျင့်ကြံသူများ၏ တပ်မက်မှုအကြည့်များကိုကွယ်ကာ ကျွင်းရှောင်ယောက်ရှေ့တွင် ဝင်ရပ်လိုက်၏။

သူမက ယောင်ယောင်လေးပြုံးကာ ပြောလိုက်သည်။

"ယွဲ့ဟန်က ကောင်းကင်တိုင်ကိုတောင် မသိဘဲ သခင်လေးနတ်ဘုရားသားတော်ကို လျစ်လျူရှုခဲ့မိပါတယ်"

"ကိစ္စမရှိပါဘူး"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"သခင်လေး နတ်ဘုရားသားတော်က အခွင့်အလမ်းတွေအတွက် ဒီကို ရောက်လာခဲ့တာ မဟုတ်လား။ ကျန့်မန်ဂိတ်မှာ ယွဲ့ဟန်နားနေတဲ့ ခြံဝင်းတစ်ခုရှိပါတယ်။ သခင်လေး နတ်ဘုရားသားတော် ဆန္ဒရှိရင် အသေးစိတ်ဆွေးနွေးဖို့ လာခဲ့နိုင်ပါတယ်"

မူယွဲ့ဟန်က ဆက်ပြောသည်။

"ကောင်းပြီ"

ကျွင်းရှောင်ယောက် ခေါင်းညိတ်လိုက်၏။

ချက်ချင်းပင်၊ မူယွဲ့ဟန်လည်း ကျွင်းရှောင်ယောက်ကို လမ်းပြ ခေါ်ဆောင်သွားတော့သည်။

ထိုလူနှစ်ယောက်၏ နောက်ကျောကိုကြည့်ကာ အမျိုးသမီး ကျင့်ကြံသူအားလုံး

ငွေရောင်သွားများပေါ်သည်အထိ
အံကိုကြိတ်လိုက်မိသည်။

မူယွဲ့ဟန်တွင် ကျွင်းမိသားစု၏
နတ်ဘုရားသားတော်ကို လက်ဝါးကြီးအုပ်ထားလိုသော
အကြံအစည်ရှိလိမ့်မည်ဟု မမျှော်လင့်ထားပေ။

အမျိုးသား ကျင့်ကြံသူများကတော့ အသည်းကွဲကာ
သက်ပြင်းကို အကြိမ်ကြိမ် ချလိုက်ကြသည်။

မူယွဲ့ဟန်က သူမ၏ အေးစက်ပြီး
သီးခြားနေခြင်းကြောင့် ကျော်ကြားသည်။ သူမက
မည်သည့် ယောက်ျားနှင့်မျှ ရောရောနှောနှော
နေလေ့မရှိပေ။

ချင်းယွင်သခင်လေးသည်လည်း မူယွဲ့ဟန်ကို

အချိန်အတော်ကြာအောင် လိုက်ခဲ့သည့်တိုင်
အနားကိုပင် သုံးပေမျှ မရောက်ခဲ့ပါချေ။

ဆန့်ကျင်ဘက်အနေဖြင့်၊ မူယွဲ့ဟန်က
ကျွင်းရှောင်ယောက်ကိုတော့ သူမ၏
ကိုယ်ပိုင်ခြံဝင်းသို့ဖိတ်ခေါ်ရန် အမှန်တကယ်
အစပြုခဲ့ပြီ ဖြစ်သည်။

ဤသို့သော ခွဲခြားဆက်ဆံမှုများမှာ...

"ဖြစ်ကောင်းဖြစ်နိုင်တာက သဘာဝပဲ..."

"ချင်းယွင်သခင်လေးသာ ဒါကိုသိရင်
လူပြန်မဝင်စားနိုင်အောင်
ဒေါသဖြစ်သွားတော့မှာလား"

မကြာခင်မှာပဲ ကျွင်းရှောင်ယောက်ဟာ မူယွဲ့ဟန်၏
ဦးဆောင်မှုဖြင့် သူမ၏သီးခြားခြံဝင်းကို
ရောက်လာခဲ့ကြသည်။

ဤနေရာတွင် မဏ္ဍပ်များ၊ အဆောက်အဦးများရှိပြီး
စိမ်းလန်းသော သစ်ပင်များနှင့် လှပသောပန်းများ
ပေါက်ရောက်နေသည်။ ပတ်ဝန်းကျင်က ဆိတ်ငြိမ်ကာ
လှပပြီး မူယွဲ့ဟန်၏ စိတ်သဘောထားနှင့်
အမှန်တကယ် လိုက်ဖက်ခဲ့ပေသည်။

ခြံဝင်းထဲသို့ ဝင်လာပြီးနောက် သူတို့နှစ်ဦးသာ
ကျန်ခဲ့သည်။

မူယွဲ့ဟန်က နီမြန်းနေသောမျက်နှာနှင့်
ကျွင်းရှောင်ယောက်ကို လှည့်ကြည့်လိုက်လေသည်။

သူမက နှုတ်ခမ်းကိုဟကာ တီးတိုး ပြောလိုက်သည်။

"သခင်လေး၊ နင်က ယွဲ့ဟန်ကို ပုလွေမှုတ်စေချင်တယ်လို့ ပြောခဲ့တယ်နော်။ အခု အဲဒါကို ဆက်လုပ်နိုင်မလား မသိဘူး"

"မင်းက စိတ်ဝင်စားသေးတာလား"

ကျွင်းရှောင်ယောက်က မေးလိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့်... ယွဲ့ဟန်ရဲ့ပုလွေက အခုလေးပဲ ပျက်ဆီးသွားပြီ၊ ဒါကြောင့် ငါ သခင်လေး နတ်ဘုရားသားတော်ရဲ့ ပုလွေကို မှုတ်ချင်တယ်..."

မူယွဲ့ဟန်က ရှက်ရွံ့ဟန်ဖြင့် ပြောလိုက်လေသည်။

အခန်း ( ၅၃၂ ) ခွန်ကန်အသိုက်၏ အခွင့်အလမ်း၊
တန်ခိုးကြီးသော ကျောက်စိမ်းဗုဒ္ဓ၊
ခေါင်းကိုးလုံးခြသေ့်ကို ဖိနှိပ်ထားသည်။

စကားပြောလိုက်ချိန်တွင်၊ မူယွဲ့ဟန်က လှပသော
မျက်လုံးများက အရောင်လဲ့နေသည်။

ယင်းက သူမ၏ အေးစက်ပြီး သီးခြားနေတတ်သော
စရိုက်နှင့် လုံးဝ မလိုက်ဖက်ပေ။

လနန်းတော်မှ လနတ်သမီးကဲ့သို့ ကွယ်ဟန်နန်းတော်၏
သူတော်စင်ငယ်တွင် ဤသို့သော အနေအထားမျိုး
ရှိလာသည်မှာ တွေးကြည့်ရန်ပင် ခက်ခဲသည်။

ဤသည်က အရိပ်အမြွက်မဟုတ်ဘဲ တိုက်ရိုက်
ဖော်ပြနေခြင်းပင်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က ထူးချွန်လွန်း၍ သူ၏ဆွဲဆောင်မှုကို အမျိုးသမီးတချို့လောက်သာ ခံနိုင်ရည်ရှိသည်။

မူယွဲ့ဟန်က ကွယ်ဟန်နန်းတော်၏ သူတော်စင်ဖြစ်သော်လည်း ကျွင်းရှောင်ယောက်၏ အဆင့်အတန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် သေးနုပ်လွန်းလှသည်။

"ငါအရင်ကပြောပြီးပြီ၊ မင် ငါ့အရွယ်အစားကို လက်မခံနိုင်ဘူး"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

မူယွဲ့ဟန်က အမှန်တကယ် လှပသည်။ သူမတွင်

ဖြူဖွေးကာ သွယ်လျသော လက်ကလေးများနှင့် ခြေသလုံးသားလေးများ ရှိသည်။ သူမက တောက်ပသော လတစ်စင်းကဲ့သို့ အေးမြပြီး လှပခဲ့ပေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က အပေါက်မြင်တိုင်း ဝင်စွတ်တတ်သည့် ဝင်ဝံအရုပ်ကလေး မဟုတ်ပေ။

ထို့ပြင် သူကလည်း အလွယ်တကူ လက်လှမ်းမီနိုင်သော အရာများကို လုံးဝ စိတ်ဝင်စားမှု မရှိပါချေ။

"နင် မကြိုးစားရင် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။ နောက်ပြီး ယွဲ့ဟန်က သန့်စင်တဲ့ ယင်ခန္ဓာပါ..."

မူယွဲ့ဟန်က နောက်တစ်ဖန်ထပ်ပြီး အရိပ်အမြွက်

ပြလိုက်သည်။

ကျွင်းရှောင်ယောက်က ပြုံးကာ ပြောလိုက်၏။

"နတ်ဘုရားသားတော်က လေ့ကျင့်ဖို့ မင်းရဲ့ ယင်ခန္ဓာကို လိုအပ်မယ်လို့ တကယ်ပဲ ထင်နေတာလား"

သန့်စင်သော ယင်ခန္ဓာကို မဆိုထားနှင့်...

တာအိုခန္ဓာ သုံးထောင်အနက်၊ ထိပ်တန်းငါးဆယ်အတွင်းဝင်သော ထိုက်ယင်ခန္ဓာကိုပင် ကျွင်းရှောင်ယောက်က လုံးဝ ဂရုမစိုက်ပေ။

သူ၏ ကျင့်ကြံခြင်းအရှိန်က မည်သူနှင့်မျှ မယှဉ်နိုင်အောင် မြန်ဆန်လွန်း၍ မည်သည့်

မီးပြင်းဖိုကိုမျှ မလိုအပ်ပါချေ။

ထိုစကားကိုကြားတော့ မူယွဲ့ဟန်လည်း တစ်ခဏမျှ အေးခဲသွားသည်။ ထို့နောက် ခါးသက်သက်ဖြင့်ပြုံးကာ ခေါင်းကို အနည်းငယ်ခါယမ်းလိုက်လေသည်။

"ယွဲ့ဟန်က နုံအလွန်းပါတယ်၊ သခင်လေး နတ်ဘုရားသားတော်က အဲဒါကို တကယ် မလိုအပ်ဘူး"

ဤမျှ အသက်ငယ်ငယ်နှင့် သူတော်စင် ဖြစ်လာကတည်းက သူ၏ တိုးတက်မှုနှုန်းမှာ ဖော်မပြနိုင်အောင် မြန်ဆန်နေခဲ့ပြီ ဖြစ်သည်။ သူ၏ ပါရမီက မြင့်မားလွန်းသောကြောင့် အပိုလုပ်ရန် မလိုပေ။

"ကောင်းပြီလေ၊ ဒီအကြောင်းတွေကို ဘေးဖယ်ထားဦး။ အခု အခွင့်အလမ်းအကြောင်းကိုပဲ ပြောပါ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကောင်းပါပြီ သခင်လေး နတ်ဘုရားသားတော်..."

မူယွဲ့ဟန်က စိတ်ထဲတွင် အနည်းငယ် စိတ်ပျက်သွားသော်လည်း ပြန်ဖြေလိုက်ဆဲပင်။

ထို့နောက်တွင် သူမက ကျွင်းရှောင်ယောက်ကို အခွင့်အလမ်းအကြောင်း ပြောပြလိုက်သည်။

ကေရာဇ်လမ်း၏ ကိုးခုမြောက်ဂိတ် အပြင်ဘက်၊ မိုင်သန်းပေါင်းများစွာအကွာတွင် ကြယ်ပင်လယ်ကြီးတစ်ခု ရှိသည်။

ကေရာဇ်လမ်းမှ ပါရမီရှင်တစ်ဦးက
ရှေးဟောင်းအသိုက်တစ်ခုရှိပုံပေါ်ကြောင်း
မတော်တဆ တွေ့ရှိခဲ့ပေသည်။

"အိုး၊ ရှေးဟောင်းအသိုက်ပဲ။ အဲဒါက ဘာလဲ"
ကျွင်းရှောင်ယောက်က မေးလိုက်သည်။

"ဖြစ်ကောင်းဖြစ်နိုင်တာက... ခွန်ပန်အသိုက်ပဲ"
ထိုသို့ ပြောလိုက်ချိန်တွင် မူယွဲ့ဟန်၏ လေသံက
အပူလှိုင်းများ ပါဝင်လာခဲ့ပုံ ရသည်။

ခွန်ပန်က အစစ်အမှန်နဂါး၊ နတ်ဖီးနစ်နှင့် အခြား
ရှေဦးသားရဲကြီးများနှင့်ပင်
ပခုံးချင်းယှဉ်ရပ်တည်နိုင်သော ရှေးဦးသားရဲကြီး

ဖြစ်သည်။

ထို့အပြင်၊ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်က အစစ်အမှန်နဂါး၊ နတ်ဖီးနစ်များ၊ မိုးကြိုးကေရာဇ်နှင့် အခြား မဟာနတ်ဘုရားသိုင်းများနှင့် နှိုင်းယှဉ်နိုင်ခဲ့ပေသည်။

"မဆန်းပါဘူး"

ကျွင်းရှောင်ယောက်က အနည်းငယ် ခေါင်းညိတ်လိုက်သည်။

မူယွဲ့ဟန်ကလည်း မအံ့သြပေ။

အကယ်၍ ၎င်းသာ အမှန်တကယ် ခွန်ပန်အသိုက်ဖြစ်ပါက၊ အခွင့်အလမ်းကောင်းတစ်ခု ဖြစ်လာမည်မှာ သေချာသည်။ ထို့ပြင်

ကေကာင်လမ်းမှ ပါရမီရှင်များစွာကို ဆွဲဆောင်နိုင်လိမ့်မည်။

"ခွန်ပန်အသိုက်အကြောင်း သတင်းကို ယွဲ့ဟန်လည်း အခြားသူတွေဆီက သိခဲ့ရတာပါ။ အခုဆိုရင် သတင်းက အတော် ပျံ့နှံ့နေလောက်ပြီ"

"အဲဒီအချိန်ကျရင် ပါရမီရှင် တော်တော်များများ သွားကြလိမ့်မယ်လို့ ခန့်မှန်းရတယ်။ ပျက်ဆီးခြင်းကောင်းကင်စာရင်း ပါရမီရှင်တွေတောင် လာကောင်းလာနိုင်တယ်"

"အဲဒါကြောင့် ယွဲ့ဟန်တစ်ယောက်တည်းဆိုရင် အခွင့်အလမ်းရဖို့ ခက်ပါတယ်"

မှုယွဲ့ဟန်က ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

"အင်း၊ ငါနားလည်ပါတယ်။ ဒါက ကိစ္စမရှိဘူး၊ ဒါပေမယ့် ကေရာဇ်လမ်းရဲ့ ကိုးဂိတ်မြောက်ဆိုတော့ အဲဒီကိုရောက်ဖို့ အချိန်အများကြီးယူရလိမ့်မယ်" ကျွင်းရှောင်ယောက်က မျက်မှောင်ကြုတ်လိုက်သည်။

ကေရာဇ်လမ်းက ရှည်လျားသော လမ်းကြီးတစ်ခု ဖြစ်ပေသည်။ ဆဋ္ဌမလမ်းမှ နဝမလမ်းအထိဆိုလျှင်၊ အမြန်ဆုံးအရှိန်ဖြင့်ပင် လပေါင်းများစွာ သို့မဟုတ် နှစ်ဝက်ခန့် ကြာမြင့်သွားနိုင်သည်။

"ဒါက ပြဿနာမရှိပါဘူး၊ ခွန်ပန်အသိုက်က ပိတ်နေပြီး အပြည့်အဝမဖွင့်ရသေးဘူးလို့ ငါကြားတယ်။ အဲဒီကိုသွားဖို့ အချိန်အလုံအလောက်ရှိပါတယ်" မူယွဲ့ဟန်က ပြောလိုက်သည်။

"ကောင်းပြီလေ၊ ပြင်ဆင်ပြီးတာနဲ့ သွားကြတာပေါ့"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

ဤအဆင့် အခွင့်အလမ်းများက
အလွန်ဆွဲဆောင်မှုရှိရာ ထိုအချိန်တွင် ပြင်းထန်သော
ပဋိပက္ခများ ရှိလာစေလိမ့်မည်။

ယေဘုယျအားဖြင့် ပါရမီရှင်များအတွက်
အမျိုးမျိုးသော ကြိုတင်ပြင်ဆင်မှုများကို
ပြုလုပ်ကြရသည်။

သို့သော်၊ ကျွင်းရှောင်ယောက်၏ လေသံကတော့
ဘာမျှမစိုးရိမ်ဘဲ ထူးခြားမှုလည်း မရှိပေ။

ဤအရာအားလုံးမှာ မမြင်နိုင်သော တာအိုနှလုံးသားမှ
သယ်ဆောင်လာသော ယုံကြည်မှု ဖြစ်သည်။

'နတ်ဘုရားသားတော်က
မျှော်လင့်ထားတဲ့အတိုင်းပါပဲ...'

ကျွင်းရှောင်ယောက်၏ လျစ်လျူရှုသော
သဘောထားနှင့် အတုမဲ့သော စိတ်နှလုံးက
မူယွဲ့ဟန်၏ နှလုံးသားကို လှုပ်ခတ်သွားစေခဲ့ပေသည်။

"ဒါထက်၊ ဒီမှာ ရေချိုးဖို့ နေရာရှိလား"

ကျွင်းရှောင်ယောက်က ရုတ်တရက် မေးလိုက်သည်။

ကေရာဇ်လမ်းကို လျှောက်လှမ်းပြီးကတည်းက သူဟာ
မရပ်မနား ခရီးဆက်နေခဲ့ရသည်။ ရေချိုးရန်
နေနေသာသာ အနားယူရန်ပင် ခေတ္တမျှ မနားနိုင်ခဲ့ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
ကြွက်သားများနှင့် အရိုးများက သန့်စင်လွန်း၍

အညစ်အကြေးအနည်းငယ်ပင် ကပ်ညိနိုင်မည်
မဟုတ်ပါ။

"ရှိပါတယ်"

မူယွဲ့ဟန်က ပြောလိုက်သည်။

သူမက ကျွင်းရှောင်ယောက်ကို သူ၏
သီးသန့်ဝိညာဉ်နွေဦးစမ်းဆီသို့ ခေါ်ဆောင်လာခဲ့သည်။
တစ်ချိန်တည်းမှာပင် သူ့အား ထမ်းဆောင်ပေးရမည့်
တာဝန်ကိုလည်း သတိရှိရှိ ထမ်းဆောင်ပေးခဲ့သည်။

ကျွင်းရှောင်ယောက်ကလည်း မငြင်းဆန်ခဲ့ပေ။
တစ်စုံတစ်ယောက်က သူ့ကို ဝန်ဆောင်မှုပေးရန်
အစပြုခဲ့မည်ဆိုပါက ကောင်းသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်က

အချိုးအစားကျနသည်။ သူ၏ ကြွက်သားများနှင့် အရိုးများက အပြစ်အနာအဆာကင်းကာ မွှေးပျံ့သော ရနံ့များပင် ထွက်ပေါ်နေခဲ့၏။ ယင်းက မိန်းကလေးများထက်ပင် ပို၍ လိုက်ဖက်ညီပြီး မွှေးရနံ့ သင်းပျံ့ခဲ့သည်။

မူယွဲ့ဟန် အနည်းငယ် အံ့သြသွားသည်။

တစ်ချိန်တည်းမှာပင် သူမ မျက်လုံးများက အောက်ဘက်ပိုင်းသို့ အလိုအလျောက် ရွေ့သွား၏။

သူမ သက်ပြင်းပြင်းရှူလိုက်သည်။ သူမ၏ လှပသော မျက်လုံးများမှာလည်း အံ့သြထိတ်လန့်မှုများ ပြည့်သွားခဲ့ပေသည်။

'သခင်လေးနတ်ဘုရားသားတော်က တကယ်ကို

ရိုးရိုးသားသား ပြောနေခဲ့တာပဲ...'

မူယွဲ့ဟန်၏ မျက်နှာက နီမြန်းလာကာ နှလုံးခုန်မြန်သွားသည်။

ဤသည်က သာမန် မိန်းကလေးများ ခံနိုင်ရည်ရှိသောအရာ မဟုတ်ပေ။

ကျွင်းရှောင်ယောက်က ခရီးမထွက်မီ အနားယူနေစဉ်...

ကေရာင်ဇ်လမ်း၏ ဆယ်ခုမြောက်ဂိတ်တွင်...

ကြီးကျယ်ခမ်းနားသော အိမ်တော်ကြီးတစ်ခု ရှိနေသည်။ ယင်းက ရွှေရောင်ဗုဒ္ဓ ရွှေအလင်းများလည်း ထွက်ပေါ်နေကာ

မြင့်မြတ်နယ်မြေကဲ့သို့ ဖြစ်နေခဲ့ပေသည်။

ဤအိမ်တော်ကြီးကို မြင်ရသောအခါ
ပါရမီရှင်တချို့၏ မျက်လုံးများ၌
ကြောက်ရွံ့ထိတ်လန့်မှုများ ပြည့်သွားသည်။

အကြောင်းမူ၊ ဤအိမ်တော်က
အနောက်ဘက်နိဗ္ဗာန်ဘုံမှ ရှေးဟောင်းလူထူးဆန်း၊
ကျောက်စိမ်းဗုဒ္ဓ၏အိမ်တော် ဖြစ်နေသောကြောင့်ပင်။

ကျောက်စိမ်းဗုဒ္ဓက ကေရာဇ်လမ်းတွင်
အလွန်တောက်ပသော တည်ရှိမှုတစ်ခု ဖြစ်သည်။

သူက အနောက်နိဗ္ဗာန်ဘုံ၏
ရှေးဟောင်းလူထူးဆန်းတစ်ယောက် ဖြစ်ပေသည်။
သူ့တွင် ဗောဓိသတ္တနှလုံးသားရှိပြီး ခေတ်ပေါင်းများစွာ

အိပ်စက်နေခဲ့သည်။

သူဟာ မွေးဖွားလာသည်နှင့် တောက်ပသော ဥဒေါင်းမင်း၏ သမီးတော်ကို အတင်းအကျပ် ဖိနှိပ်ခဲ့ပေသည်။

ကေရာဇ်လမ်းကို လျှောက်လှမ်းပြီးနောက်မှာလည်း ကျောက်စိမ်းဗုဒ္ဓဟာ ရှေးခေတ်မှ ကျော်ကြားသော ရဟန်းတစ်ပါး၏ အမွေအနှစ်ကို တွေ့ရှိခဲ့ပြန်သည်။

ထို့နောက်တွင် သူ၏ ကျင့်ကြံခြင်းအခြေခံက တဟုန်ထိုး တိုးတက်လာပြီး သူတော်စင်နယ်ပယ်သို့ တိုက်ရိုက် ချိုးဖြတ်ခဲ့ပေသည်။ သူဟာ ကေရာဇ်လမ်းတွင် တဟုန်ထိုး ကျော်ကြားလာပြီး ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းသို့ပင် ရောက်ရှိသွားခဲ့သည်။

ကျောက်စိမ်းဗုဒ္ဓက ကေရာဇ်လမ်းတွင်
အတောက်ပဆုံးသော ပါရမီရှင်များထဲမှ
တစ်ဦးဖြစ်သည်ဟု ဆို၍ရပေသည်။

လူအများက သူ့ကို ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ ကေရာဇ်လမ်းဆုံးသို့
လျှောက်လှမ်းနိုင်ပြီး အခြား
အင်မော်တယ်နယ်မြေများမှ ပါရမီရှင်များနှင့်ပင်
ယှဉ်နိုင်မည်ဟု ထင်ခဲ့သည်။

သို့သော်၊ ကျောက်စိမ်းဗုဒ္ဓ၏ တောက်ပမှုအပြင်
လူတို့ကို ထိတ်လန့်စေသော အခြားအရာတစ်ခုလည်း
ရှိသည်။

အချို့က ကျောက်စိမ်းဗုဒ္ဓကို ပြိုင်ရှင်နေသောကျားဟု

ခေါ်ဝေါ်သမုတ်ကြသည်။

အကြောင်းမှာ၊ ဘယ်အချိန်ဖြစ်ဖြစ် ကျောက်စိမ်းဗုဒ္ဓ၏ မျက်လုံးများက ကြည်လင်ပြီး နူးညံ့သော အပြုံးတစ်ခု အမြဲရှိနေ၍ ဖြစ်သည်။

သူက လူများကို မသတ်သော်လည်း၊ လူတို့၏စိတ်ကို ထိန်းချုပ်နိုင်သော ကြောက်မက်ဖွယ်ကောင်းသည့် စွမ်းရည်တစ်ခုအား ပိုင်ဆိုင်ထားခဲ့သည်။

ယင်းက အမှန်တကယ် ကြောက်စရာကောင်းပေသည်။

အခြားသူများ၏ ခြယ်လှယ်ခြင်းကို ခံရခြင်းက သေဆုံးခြင်းထက် ဆိုးရွားသည်။

ကျောက်စိမ်းဗုဒ္ဓ၏ အိမ်တော်အရှေ့တွင်၊
ကြွေကျနေသော သစ်ရွက်ခြောက်များအား
လှည်းကျင်းနေသူအချို့ကို မြင်တွေ့ကြရသည်။

"ဘုရားရေ၊ ပျက်ဆီးခြင်းကောင်းကင်
သူတော်စင်စာရင်းမှာ အဆင့် ရှစ်ဆယ့်ခြောက်ရှိတဲ့
ကူကျန့်ရှင်းပဲ။ သူက ကျောက်စိမ်းဗုဒ္ဓကို
စော်ကားတာကြောင့် အခုလို ဖြစ်လာခဲ့တာ"

"ကြောက်စရာကြီးကွာ..."

ပါရမီရှင်များစွာက ကျောက်စိမ်းဗုဒ္ဓကို ကြောက်ရွံ့
ရိုသေခဲ့ကြသည်။

ထိုအချိန်၊ အိမ်ကြီး၏ အတွင်းပိုင်းတွင်...

ကြီးကျယ်ခမ်းနားသော ဗုဒ္ဓခန်းမကြီးတစ်ခု ရှိနေသည်။

ဗုဒ္ဓခန်းမဆောင်တွင် ကျောက်စိမ်းဖြူရောင် သင်္ကန်းရုံထားသည့် ကျောက်စိမ်းဗုဒ္ဓက ထူးခြားသော သားရဲကြီးတစ်ကောင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေခဲ့သည်။

ကျောက်စိမ်းဗုဒ္ဓက သွယ်လျသော အသွင်ဖြင့် ချောမောသော မျက်နှာ ရှိသည်။ ရှည်လျားသော ဆံပင်ရှည်များကိုမူ ကျောက်စိမ်းသရဖူကဲ့သို့ အနောက်ဘက်တွင် ထုံးဖွဲ့ခဲ့ပေသည်။

၎င်းက ဒဏ္ဍာရီလာ ဗုဒ္ဓကဲ့သို့ အပြုံးမျိုးဖြင့် မျက်လုံးကိုမှိတ်ကာ တင်ပျဉ်ခွေ ထိုင်နေခဲ့၏။

သူ့အောက်တွင် ရှိနေသော သားရဲကြီးမှုကား၊ အမှန်တကယ်ပင် ခေါင်းကိုးခြသေ့်ကြီး ဖြစ်တော့သည်။

အခန်း ( ၅၃၃ ) တောက်ပသော ဥဒေါင်းမင်း၏ သမီးတော်၊ ဟင်းလင်းပြင်ကျမ်း၏ တစ်ဝက်ပိုင်ရှင်၊ ဟင်းလင်းပြင် ဓား။

"သေစမ်း၊ ဆံပင်ရှိတဲ့ ကတုံး၊ မင်း သတ္တိရှိရင် ငါ့ကို သတ်လိုက်စမ်းပါ"

ခေါင်းကိုးလုံး ခြသေ့်ကြီးက ဟိန်းဟောက်လိုက်သည်။ သူက ကျောက်စိမ်းဗုဒ္ဓကို ဖယ်ခွာချရန် ဒေါသတကြီးဖြင့် ပေါက်ကွဲလိုက်၏။ ရွှေရောင်အလင်းများက ကျောက်စိမ်းဗုဒ္ဓဆီသို့

တိုးဝင်သွားတော့သည်။

သို့သော်... ကျောက်စိမ်းဗုဒ္ဓက ခေါင်းကိုးလုံးခြင်္သေ့ကို ဖိနှိပ်ကာ အခိုင်အမာ ထိုင်နေဆဲပင်။

"မင်းက ငါ့ဗုဒ္ဓနဲ့ ရင်းနှီးမှုရှိတယ်။ မင်းက ငါ့ရဲ့စီးတော်ဖြစ်ဖို့ တကယ်သင့်တော်ပါတယ်"

ကျောက်စိမ်းဗုဒ္ဓက ဒေါသမဖြစ်ဘဲ ပြုံးကာ ပြောလိုက်သည်။

"ငါ့ဖင်နဲ့ ရင်းနှီးလေ။ ငါ့မှာ သခင်တစ်ယောက်ပဲ ရှိတယ်၊ အဲဒါက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပဲ။ မင်းက ဘာကောင်မို့လို့လဲ"

ခေါင်းကိုးလုံး ခြင်္သေ့ကြီးက အဆက်မပြတ် ဟိန်းဟောက်လိုက်၏။

ယခင်က၊ ကေရာဇ်လမ်းပွင့်သောအခါ၊ သူက ကျွင်းမိသားစုမှ လူတစ်စုအပြင် ရီယု၊ ရန်ချင်းယင်နှင့် အခြားသူများနှင့်အတူ ကေရာဇ်လမ်းကို လျှောက်လှမ်းလာခဲ့သည်။

ထို့နောက်မှာတော့ အသီးသီး အခွင့်အလမ်းများကို ရှာဖွေကာ လူစုခွဲခဲ့၏။

နောက်ပိုင်းတွင် ရှေးရဟန်း၏ အပျက်အစီးသတင်းများ ပြန့်နှံ့သွား၍ ခေါင်းကိုးလုံး ခြသေ့်သည်လည်း ကံစမ်းချင်ခဲ့သည်။

နောက်ဆုံးတွင်၊ ခေါင်းကိုးလုံး ခြသေ့်ကြီးက ဗုဒ္ဓဘာသာ၊ တာအိုတို့နှင့် နက်နက်ရှိုင်းရှိုင်း ဆက်နွှယ်မှုရှိ၍ ၎င်းထံမှ အခွင့်အလမ်းအချို့ကို

ရရှိခဲ့ပေသည်။

သို့ရာတွင် ကျောက်စိမ်းဗုဒ္ဓက သူ့ဆီသို့
ပြေးဝင်လာမည်ဟု မည်သူက ထင်ထားခဲ့မည်နည်း။

ကျောက်စိမ်းဗုဒ္ဓက သူ့ကို စီးတော်အဖြစ်
အသုံးပြုခဲ့သည်။ သို့သော်
ခေါင်းကိုးလုံးခြင်္သေ့ကလည်း သဘာဝအတိုင်း
လက်မခံနိုင်ပေ။

နှစ်ယောက်သား တိုက်ခိုက်ကြပြီးနောက်
ခေါင်းကိုးလုံးခြင်္သေ့ဟာ ကျောက်စိမ်းဗုဒ္ဓ၏
ကြောက်မက်ဖွယ်ကောင်းသော ခွန်အားကြောင့်
တုန်လှုပ်လာခဲ့ရသည်။

အနောက်ဘက်ထျန်ဖူတောင်မှ

ရှေးဟောင်းလူထူးဆန်းသည်
မျှော်လင့်ထားသည့်အတိုင်း အားကောင်းလွန်း၍
ခေါင်းကိုးလုံးခြင်္သေ့မှာ မခုခံနိုင်ဘဲ
ဖိနှိပ်ခံခဲ့ရပေသည်။

ထို့နောက်မှာတော့ ခေါင်းကိုးလုံးခြင်္သေ့က
ဆက်လက်ခုခံရန် ကြိုးစားသော်လည်း
မလွတ်မြောက်နိုင်တော့ပါ။

"ငါ မင်းကို မပြောင်းလဲပစ်ဘဲ ဂရုဏာပြနေတာနော်၊
ဘယ်ဟာက မင်းအတွက် ပိုကောင်းတယ်ဆိုတာ
သိသင့်တယ်"

ကျောက်စိမ်းဗုဒ္ဓ၏ အမူအရာက ဘာမှမထူးခြားပေ။

"ငါ့သခင် ကျေရာဇ်လမ်းကို လာတဲ့အခါ
မင်းသေလိမ့်မယ်"

ခေါင်းကိုးလုံးခြင်္သေ့က အော်လိုက်သည်။

ယင်းကိုကြားတော့ ကျောက်စိမ်းဗုဒ္ဓက မျက်လုံးကို အနည်းငယ်မှေးစင်းပြီး တည်ငြိမ်စွာ ပြော၏။

"မင်းပြောနေတဲ့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ကြေးအင်မော်တယ်နန်းတော်မှာ ကျဆုံးသွားပြီပဲ"

"သူက ငါ့ရဲ့ အနောက်ဘက်နိဗ္ဗာန်ဘုံက ဗုဒ္ဓသားတော်နဲ့ သမီးတော်ကို သတ်ခဲ့တယ်။ ကံကြမ္မာက ဆန်းကျယ်လွန်းပါတယ်၊ ဒါပေမဲ့ အခုတော့ သူ ကျဆုံးသွားပြီ။ ဒါက အကြောင်းတရားနဲ့ အကျိုးသက်ရောက်မှုပဲ"

"ငါ့သခင်က ရဲရင့်ပြီး ပြိုင်ဘက်ကင်းတယ်ကွ၊ သူက မျိုးဆက်သစ်လူငယ်တွေရဲ့ နံပါတ်တစ်ပဲ၊ သူ

ဘယ်တော့မှ မသေဘူး"

ခေါင်းကိုးလုံး ခြင်္သေ့ကြီးက ငြင်းဆန်လိုက်၏

“ဟင်း…”

ကျောက်စိမ်းဗုဒ္ဓလည်း ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်လေသည်။

ထို့နောက် တစ်ခုခုကို တွေးမိသွားဟန်ဖြင့်
ပြောလိုက်သည်။

"ခုန်းရှမ်"

သူ့စကားအဆုံးတွင်
တော်ဝင်အပြာရောင်ဒေါင်းဝတ်စုံနှင့် လှပသော
အမျိုးသမီးတစ်ဦး အပြင်ဘက်မှ ဝင်လာခဲ့၏။

သူမ၏ အနက်ရောင်ဆံပင်ကို ဒေါင်းဆံထိုးဖြင့် ချည်နှောင်ထားပြီး သူမ၏အနောက်မှာလည်း အလင်းကိုးရောင်ဝိုးတဝါး လင်းလက်နေပုံရသည်။

အရောင်ကိုးမျိုး အင်မော်တယ်ချီသန္ဓေကလည်း သူမ၏ ခန္ဓာကိုယ်ကို ဝိုင်းရံထားကာ ဝေဝါးဝါး စီးဆင်းနေလေသည်။

ဤလှပသော အမျိုးသမီးက အလွန်ထက်မြက်သည်။ သူမ၏ ကျင့်ကြံခြင်းက သူတော်စင်တစ်ပိုင်းနယ်ပယ် ပြီးပြည့်စုံမှုတွင်ရှိ၏။ သူဟာ ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းမှ ထိပ်တန်း ပါရမီရှင်လည်း ဖြစ်သည်။

သူမက တောက်ပသော ဥဒေါင်းမင်း၏ သမီးတော် ခုန်းရှမ် ဖြစ်လေသည်။

သူမ မွေးဖွားလာသည်နှင့် ကျောက်စိမ်းဗုဒ္ဓ၏ တိုက်ရိုက်ဖိနှိပ်ခြင်းကို ခံခဲ့ရကာ သူ၏နောက်လိုက် ဖြစ်လာခဲ့သည်။

"အရှင်ဘုရား"

ခုန်း၅ွှမ်က ကြောက်ရွံ့ ရှိသေပြီး သဘောကျနှစ်သက်သော မျက်လုံးများနှင့် တလေးတစား ဦးညွှတ်လိုက်သည်။

သူမက ကျောက်စိမ်းဗုဒ္ဓ၏ အသွင်ပြောင်းခြင်းကို မခံခဲ့ရသော်လည်း သူ့ထံ လက်အောက်ခံလိုစိတ်ရှိပြီး နောက်လိုက်ဖြစ်လာခဲ့ပေသည်။

"ကေရာဇ်လမ်းရဲ့ ကိုးခုမြောက်လမ်းမှာ ခွန်ပန်အသိုက်တစ်ခုရှိတယ်လို့ သတင်းရတယ်။

အဲဒီကိုသွားရင် ရတနာတွေရနိုင်သလို ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်ကိုလည်း ရကောင်း ရနိုင်ပါလိမ့်မယ်"

ကျောက်စိမ်းဗုဒ္ဓက ပေါ့ပေါ့ပါးပါး မိန့်လိုက်သည်။

“ဟုတ်ပါတယ် အရှင်ဘုရား၊ ဒါဆိုရင် နင်က...”

ခုန်း၅ွမ်က ဆက်မပြောဘဲ ခေတ္တရပ်လိုက်သည်။

"ကေရာဇ်လမ်းရဲ့ ဆယ့်နှစ်လမ်းကိုကျော်လွန်ပြီး ငရဲကြယ်ပွင့်တော့မယ်။ အင်မော်တယ်စွမ်းအင်ကို ရဖို့နဲ့ ဒုတိယမြောက် အင်မော်တယ်စွမ်းအင်ကို သိပ်သည်းဖို့ ငါက ကြိုတင်ပြင်ဆင်မှုတွေလုပ်ရမယ်"

ကျောက်စိမ်းဗုဒ္ဓက တည်တည်ငြိမ်ငြိမ် ပြောလိုက်၏။

"ဘယ်လို၊ ဗုဒ္ဓအရှင်က ဒုတိယ

အင်မော်တယ်စွမ်းအင်ကို သိပ်သည်းနိုင်တော့မှာလား"

ထိုစကားကိုကြားသောအခါ ခုန်းရှမ်၏ လှပသော မျက်လုံးများက ပြူးကျယ်သွားခဲ့သည်။ သူမ အလွန်အံ့သြသွားပုံရ၏။

ကောရာဇ်လမ်းတွင် လူတစ်ဦးတစ်ယောက်အဖို့ အင်မော်တယ်စွမ်းအင် စီးကြောင်းတစ်ခုကို သိပ်စည်းနိုင်လျှင်ပင် ဘီလူးငယ်ဟု ခေါ်နိုင်ပြီး အရပ်ရပ်မှ လေးစားခြင်းကို ခံရနိုင်သည်။

ယခုမူ၊ ကျောက်စိမ်းဗုဒ္ဓက ဒုတိယ အင်မော်တယ်စွမ်းအင်ကို သိပ်သည်းနိုင်တော့မည်။

အမှန်တကယ်အောင်မြင်လျှင် ကျောက်စိမ်းဗုဒ္ဓက ကောရာဇ်လမ်း၏ ထိပ်တန်း ပအရမီရှင်တစ်ဦး ဖြစ်လာနိုင်မည်မှာ သေချာသည်။

"ဂုဏ်ယူပါတယ် ဗုဒ္ဓအရှင်၊ ဒုတိယ အင်မော်တယ် စွမ်းအင်ကို ပေါင်းစည်းလိုက်တာနဲ့ ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းမှာ ပထမနေရာကို ရယူဖို့အတွက် လုံလောက်လိမ့်မယ်"

ခုန်း၍ရှမ်၏ လှပသော မျက်လုံးများက လေးစားမှုများ ပြည့်သွားသည်။

"ဒီအကြောင်းကို ပြောဖို့က စောလွန်းပါသေးတယ်၊ အခုတော့ မင်းအရင်သွားလိုက်ပါ"

ကျောက်စိမ်းဗုဒ္ဓက သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

"ကောင်းပါပြီ၊ ခုန်း၍ရှမ်က သခင်လေးအတွက် ခွန်ပန် မဟာနတ်ဘုရားစွမါးရည်ကို သေချာပေါက် ရယူလာခဲ့မယ်"

ခုန်း၍ရှမ်လည်း အခိုင်အမာ ကတိပြုပြီးနောက်

ပြန်ထွက်သွားတော့သည်။

'ဒုတိယ အင်မော်တယ် စွမ်းအင်ကို ပေါင်းစည်းတော့မှာလား'

ခေါင်းကိုးလုံးခြင်္သေ့လည်း အလွန် စိတ်ဓာတ်ကျသွားသည်။

ဤအတိုင်းဆိုလျှင်၊ ဘယ်တော့မှ သူ လွတ်မြောက်နိုင်တော့မည် မထင်ပေ။

...........

တစ်ချိန်တည်းမှာပင် ဧကရာဇ်လမ်း၏ ဆယ့်နှစ်ခုမြောက်ဂိတ် အပြင်ဘက်၊ ကြီးမားကျယ်ပြန့်သော ကြယ်ကောင်းကင်တွင်...

မိုးပြာရောင်ဝတ် ဓားသမားတစ်ဦးက လေထဲမှ
တဖြည်းဖြည်း လျှောက်နေသည်။

သူ၏ ခြေလှမ်းများက
အလွန်လျှို့ဝှက်ဆန်းကြယ်သည်။
သူ့ခြေဖဝါးအောက်ရှိ လေဟာပြင်တွင်
ကမ္ဘည်းလှိုင်းများ စီးဆင်းနေပုံရ၏။

ဝေးကွာလွန်းသော အကွာအဝေးက သူ၏
ခြေလှမ်းများအောက်တွင် အလွန်နီးကပ်ပုံရကာ
တရိပ်ရိပ်ဖြင့် ရွေ့လျားနေခဲ့သည်။

ကြယ်ကောင်းကင်တွင် သွားလာနေသော
ပါရမီရှင်တချို့လည်း ဤလူရိပ်ကို လျှပ်တပြက်
မြင်လိုက်ရသောအခါ အလွန်

ထိတ်လန့်သွားတော့သည်။

"အဲဒါ... ဟင်းလင်းပြင် ဓားသမားပဲ၊ သူလည်း ကောရာဇ်လမ်းရဲ့ ဆယ့်နှစ်ခုမြောက်ဂိတ်က ငရဲကြယ်ဆီကို သွားနေပုံရတယ်"

"ဟင်းလင်းပြင် ဓားသမားက ဟင်းလင်းပြင်ဓားတာအိုကို အထူးကျွမ်းကျင်တယ်လို့ ငါကြားတယ်။ သူက ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းက နံပါတ်တစ် ရဲ့ကူချန်ကို စိန်ခေါ်ချင်တာလေ။ ဒါပေမဲ့ အဆုံးမှာတော့ ရဲ့ကူချန်က သူ့ကို ဓားတစ်ချက်နဲ့ အနိုင်ယူခဲ့တယ်။ သူ အဲဒီအချိန်က ကံကောင်းလို့ လွတ်မြောက်ခဲ့တာ"

ထိုပါရမီရှင်များက အချင်းချင်း ပြောဆိုလိုက်သည်။

ဟင်းလင်းပြင်ဓားသမားက ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းတွင် ထိပ်တန်း ပါရမီရှင် ဆယ်ဦးထဲမှ တစ်ဦးဖြစ်သည်။ သူ၏ ဓားသိုင်းက မြေကမ္ဘာကို ပြိုကွဲနိုင်စေပေသည်။

ထိုမျှသာမကဘဲ သူသည် ထူးကဲသော ဟင်းလင်းပြင်စွမ်းအင်ကို ထိန်းချုပ်နိုင်သည့် ဟင်းလင်းပြင် ကောင်းကင်ခန္ဓာကိုလည်း ပိုင်ဆိုင်ထားခဲ့သည်။

ယခင်က သူသည် ဓားနတ်ဆိုး လူဝင်စား ရဲ့ကူချန်ကို စိန်ခေါ်ရန် သူ၏ ဟင်းလင်းပြင်ဓားတာအိုအား အသုံးခဲ့ဖူးသည်။ သို့သော်လည်း နောက်ဆုံးတွင် တစ်ချက်တည်းဖြင့် ရှုံးနိမ့်ခဲ့ပေသည်။

ယင်းက ဟင်းလင်းပြင်ဓားသမားအတွက်

ဖျောက်ဖျက်မရနိုင်သော အရှက်တရား ဖြစ်သည်။

ထိုပါရမီရှင်များ ပြောနေကြချိန်တွင်…

သူတို့အနောက်မှ အေးစက်စက် အသံတစ်ခု ထွက်ပေါ်လာသည်။

"ထပ်ပြောကြည့်လိုက်စမ်း"

ပါရမီရှင်များ လှည့်ကြည့်ပြီးနောက် ဟင်းလင်းပြင်ဓားသခင်ကို မြင်လိုက်ရရာ လွန်စွာ ထိတ်လန့်သွားကြသည်။

"ရှပ်"

ဟင်းလင်းပြင်က လှုပ်ခတ်သွားကာ ဓားအလင်း

ပေါ်လာခဲ့၏။ ဤပါရမီရှင်အားလုံး ချက်ချင်းပင် ဦးခေါင်းပြတ်ကျသွားတော့သည်။ ၎င်းတို့၏ ရှေးဦးဝိညာဉ်များပင် ပျက်ဆီးသွားရသည်။

ပါရမီရှင်အချို့ကို ရှောင်တခင်သတ်လိုက်သော်လည်း ဟင်းလင်းပြင်ဓားသမား၏ အမူအရာက ဘာမှမထူးခြားပေ။

"ငါ ငရဲကြယ်ကိုသွားပြီး ဒုတိယ အင်မော်တယ် စွမ်းအင်ကို ပေါင်းစည်းပြီးတဲ့အခါ ရဲ့ကူချန်ကို ထပ်ပြီး စိန်ခေါ်မယ်။ အံ့ဒီအချိန်က အရှက်တရားကို ငါ့လက်နဲ့ ဆေးကြောရမယ်"

ဟင်းလင်းပြင် ဓားသမားက အံကိုကြိတ်လိုက်သည်။

"နောက်ပြီး အခြား ဟင်းလင်းပြင်ကျမ်း တစ်ဝက်ကို ရှာနိုင်မယ်ဆိုရင် ရဲ့ကူချန်ကို ကိုင်တွယ်နိုင်မယ်ဆိုတာ

သေချာတယ်"

ဟင်းလင်းပြင်ဓားသမားက ခေါင်းကို အနည်းငယ် ခါယမ်းလိုက်သည်။

သူက ဟင်းလင်းပြင်တစ်ဝက်၏ ပိုင်ရှင် ဖြစ်ပေသည်။

"နောက်ပြီးတော့ ကေရာဇ်လမ်းရဲ့ ကိုးခုမြောက်ဂိတ်မှာ ခွန်ပန်အသိုက်ရှိတယ်လို့ ငါကြားတယ်။ အဲဒီကို သွားဖို့အချိန်မရှိပေမဲ့....."

ဟင်းလင်းပြင်ဓားသမားက ခေတ္တရပ်လိုက်သည်။

သူ့အနောက်မှ လေဟာပြင်သည် တွန့်လိပ်လှုပ်ရှားသွား၏။ သူနှင့် အတိအကျတူညီပြီး ပို၍အားနည်းသော ပုံရိပ်တစ်ခု ပေါ်လာတော့သည်။

၎င်းက အချိန်အတော်ကြာအောင်
သူပေါင်းစည်းထားရသော ဝိညာဉ်ခန္ဓာတစ်ခု
ဖြစ်သည်။

ဤဝိဉာဉ်ခန္ဓာက တခဏခြင်းတွင်၊ ကေရာဇ်လမ်း၏
ကိုးခုမြောက်ဂိတ်သို့ ပြေးထွက်သွား၏။

ဟင်းလင်းပြင်ဓားသမား ကိုယ်တိုင်ကတော့
ကေရာဇ်လမ်း၏ ဆယ့်နှစ်ခုမြောက်ဂိတ်ကို
ပြေးသွားတော့သည်။

…………

ကျန့်မန်ဂိတ်တွင် ရက်အနည်းငယ်ကြာ
အနားယူပြီးနောက် ကျွင်းရှောင်ယောက်နှင့်
မူယွဲ့ဟန်တို့လည်း အတူတူ ခရီးဆက်ခဲ့ကြသည်။

မူယွဲ့ဟန်က ကျွင်းရှောင်ယောက် တစ်ဦးတည်းကိုသာ ခေါ်ဆောင်သွား၏။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းက တပ်သားထောင်ပေါင်းများထက် အားကောင်းသောကြောင့် အခြားသူများနှင့် ပေါင်းစည်းသွားရန် လုံးဝမလိုပေ။

ထိုအချိန်တွင် မူယွဲ့ဟန်က စူးစမ်းလိုစိတ်ကို မထိန်းနိုင်ဘဲ မေးလိုက်သည်။

"သခင်လေး နတ်ဘုရားသားတော်ကို အတင့်ရဲပြီး မေးပါရစေ၊ နင် အင်မော်တယ်ချီ ဘယ်လောက်ထိ ပေါင်းစည်းပြီးပြီလဲ"

ကျွင်းရှောင်ယောက်က မျက်ခုံးကို အနည်းငယ်ပင့်ပြီး

ပြောချ၏။

"အများကြီးမဟုတ်ပါဘူး"

သူ၏ အနှိုင်းမဲ့သော အရည်အချင်းများအရ အင်မော်တယ်စွမ်းအင် သုံးခုမှာ အမှန်တကယ် အများကြီးမဟုတ်ပေ။

သို့သော်လည်း ဧကရာဇ်လမ်းက ယခုမှ အစသာ ဖြစ်သည်။ ကျွင်းရှောင်ယောက်က အနာဂတ်တွင် အင်မော်တယ် စွမ်းအင်များကို ပိုမို ပေါင်းစည်းနိုင်မည်ဟု ယုံကြည်ထားခဲ့သည်။

"တကယ်ပေါ့"

မူယွဲ့ဟန်လည်း အနည်းငယ် ခေါင်းညိတ်လိုက်ပြီးနောက် လိမ္မာပါးနပ်စွာ ထပ်မမေးတော့ပေ။

"သခင်လေး နတ်ဘုရားသားတော်က
ဒီအသက်အရွယ်နဲ့ သူတော်စင်နယ်ပယ်ကို
ရောက်နိုင်တာကြောင့် အရမ်း အစွမ်းထက်နေပြီ။
အင်မော်တယ်စွမ်းအင်ကိုပါ ပေါင်းစည်းထားနိုင်ရင်
ငါ့အတွက် နည်းနည်းရှက်စရာကောင်းလိမ့်မယ်'
မူယွဲ့ဟန်က သူ့ကိုယ်သူ တွေးလိုက်မိသည်။

ကျွင်းရှောင်ယောက်က နယ်ပယ် ဖြတ်ကျော်ရန်သာ
အာရုံစိုက်ထားပြီး အင်မော်တယ်စွမ်းအင်ကို
သိပ်သည်းရန် အပိုစွမ်းအင်မရှိဟု သူမ
ခံစားခဲ့ရလေသည်။

အကယ်၍ ကျွင်းရှောင်ယောက်က
အင်မော်တယ်စွမ်းအင် သုံးခုကို
ပေါင်းစည်းထားပြီးဖြစ်မှန်း သိသွားခဲ့လျှင်...

မူယွဲ့ဟန်လည်း မိမိဘဝကို
သံသယဝင်သွားနိုင်လောက်သည်။

အခန်း ( ၅၃၄ ) ကေရာဇ်လမ်း၏ နဝမမြောက်ဂိတ်၊
ကျောက်စိမ်းမုခ်ဝ၊ အသိမိတ်ဆွေဟောင်းကြီး
ရွှေတောင်ပံဘုရင် ရှောင်ပန်။

ကျွင်းရှောင်ယောက်နှင့် မူယွဲ့ဟန်သည် ကျန့်မန်ဂိတ်မှ
ထွက်ခွာပြီးနောက် ကေရာဇ်လမ်းအတိုင်း
ကြယ်ကောင်းကင်တွင် ခရီးဆက်ခဲ့သည်။

အတူတူ ခရီးဆက်လာပြီးမှ မူယွဲ့ဟန်သည်
ကျွင်းရှောင်ယောက်၏ အားမာန်ကို တစ်စွန်းတစ်စ
မြင်လာခဲ့ရ၏။

လမ်းတစ်လျှောက်တွင် ခြိမ်းခြောက်မှုများ၊
ကြယ်စားပြများ၊ အခြားပါရမီရှင်များနှင့်
ထူးခြားသော အန္တရာယ် နယ်မြေတို့ကို
ဖြတ်ကျော်ခဲ့ရသည်။

အချိန်တွင် ကျွင်းရှောင်ယောက်က
လက်တစ်ဖက်တည်းဖြင့်သာ အလျားလိုက်နီးပါး
တွန်းထုတ်ခဲ့၏။

သူတို့၏ ရှေ့ဆက်ရန်လမ်းကို မည်သည့်
အတားအဆီးကမှ မတားဆီးနိုင်ပေ။

ရှေ့လမ်းအတွက် တိုက်ပွဲဝင်လိုသော အင်အားကြီး
ပါရမီရှင်များနှင့် ရင်ဆိုင်ရလျှင်ပင်၊
ကျွင်းရှောင်ယောက်က တစ်ကြိမ်တည်းဖြင့်

အမြဲတမ်းလိုလို ဖြေရှင်းခဲ့သည်။ ဒုတိယလှုပ်ရှားမှုကို ဘယ်တော့မှ မပြုလုပ်ခဲ့ပေ။

ယင်းက မှုယွဲ့ဟန်ကို အလွန်တရာ သဘောကျလာစေသည်။

ရုတ်တရက်၊ ပျက်ဆီးခြင်းကောင်းကင် ကေရာဇ်လမ်းတွင် ပထမရခဲ့သော ဓားနတ်ဆိုး လူဝင်စားအကြောင်းကို သူမ တွေးမိသွားခဲ့သည်။

သူလည်း ဤကဲ့သို့ပင်။ သူ့ရန်သူများကို ရင်ဆိုင်ရချိန်တွင် ဘယ်တော့မှ ဒုတိယဓားချက် မသုံးဘူးဟု ကြားဖူးသည်။

ဤလူနှစ်ယောက်တွင် တစ်ယောက်က ဓားတစ်ချက်သာ သုံးပြီး ကျန်တစ်ယောက်ကတော့

တစ်ကွက်တည်း ရွှေ့၏။

သူတို့ နှစ်ယောက် ထိပ်တိုက်တွေ့ရင်
မည်မျှပြင်းထန်သော တိုက်ပွဲတစ်ခု
ဖြစ်လာပါမည်နည်း။ အဆုံးတွင် မည်သူက
အနိုင်ရခဲ့ပါမည်နည်း။

မူယွဲ့ဟန် ရုတ်တရက် သိချင်လာမိသည်။

ကျွင်းရှောင်ယောက်၏ တည်ရှိမှုဖြင့် သူတို့တွင်
မည်သည့် အတားအဆီးမှ မရှိခဲ့ပေ။

မူယွဲ့ဟန်က အလွန်လျင်မြန်သောအရှိန်ဖြင့်
ဟင်းလင်းပြင်ကို ဖြတ်ကျော်နိုင်သော
ကြယ်လှေတစ်စင်းကိုပင် ထုတ်ဖော်ခဲ့သည်။

သို့သော်လည်း ကြယ်လှေနှင့်ပင် ကေရာဇ်လမ်း၏
ကိုးခုမြောက်ဂိတ်သို့ မရောက်မီ နှစ်ဝက်နီးပါး
အချိန်ယူခဲ့ရသည်။

ကိုးခုမြောက်ဂိတ်ကို ကျောက်စိမ်းမုခ်ဝဟု ခေါ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်နှင့် မူယွဲ့ဟန်က
ကျောက်စိမ်းမုခ်ဝသို့ မဝင်ရောက်ခဲ့ပေ။

ယင်းအစား၊ ကျောက်စိမ်းမုခ်ဝအပြင်ဘက်
အဆုံးမဲ့ကြယ်ကောင်းကင်ကို တိုက်ရိုက်သွားခဲ့သည်။

အကြောင်းမူ၊ ခွန်ပန်အသိုက်က
ကြယ်ပင်လယ်တစ်ခုတွင် တည်ရှိသောကြောင့်ပင်။

တစ်ချိန်တည်းမှာပင်...

ကျောက်စိမ်းမုခ်ဝအပြင်ဘက်၊
မိုင်တစ်သန်းအကွာတွင်...

ကြီးမားကျယ်ပြန့်သော နဂါးငွေ့တန်း
ကြယ်ပင်လယ်ကြီးတစ်ခု ရှိနေသည်။

ပတ်ပတ်လည်ကိုကြည့်လျှင်၊
အင်မော်တယ်နယ်မြေကြီးတွင်ရှိသော
ပင်လယ်တချို့ထက် ပို၍ ကျယ်ပြောခဲ့ပေသည်။

ကြယ်များမှာ ပင်လယ်ထဲရှိ
သန္တာကျောက်တန်းများကဲ့သို့ နစ်မြုပ်ပြီး

ပျော်ပါနေခဲ့ကြသည်။

ဤကြယ်ပင်လယ်ကြီးရှေ့တွင် လူတစ်ယောက်က သဲကန္တာရထဲမှ သဲတစ်ပွင့်လောက်ပင် အရေးမပါတော့ပေ။

မူလက ဤကြယ်ပင်လယ်သည် အန္တရာယ်များသော နေရာတစ်ခု ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်သည် ဤနေရာကို မတော်တဆ ရောက်လာခဲ့ပါက လမ်းပျောက်နိုင်ရုံသာမကဘဲ၊  အမျိုးမျိုးသော ရေဝဲများ၊ ဝင်္ကပါ အကြွင်းအကျန်များနှင့် ဟင်းလင်းပြင် အက်ကြောင်းများကြောင့် သေဆုံးသွားနိုင်သည်။

သို့သော်လည်း မကြာသေးမီ ကာလကအတွင်း လူများ

ရောက်လာခဲ့သော ဤကြယ်ပင်လယ်မှာ
အလွန်အသက်ဝင်လာသည်။

အချိန်တိုင်းတွင် ပါရမီရှင်များ စုရုံးလာကြ၏။

ကြယ်ပင်လယ်ကြီးတစ်ခုလုံးတွင်၊
တစ်ချက်ကြည့်လိုက်ပါက အနည်းဆုံး
ပါရမီရှင်တစ်ထောင်ခန့် စုဝေးနေကြောင်း
မြင်တွေ့ရနိုင်သည်။

ကောရာဇ်လမ်း၏ ကိုးခုမြောက်ဂိတ်သို့
ရောက်နိုင်သူတိုင်းမှာ နဂါးများနှင့် ဖီးနစ်များ
ဖြစ်သည်။ ၎င်းတို့အားလုံးတွင် ကိုယ်ပိုင်
အထူးစွမ်းရည်များ ပိုင်ဆိုင်ထားခဲ့ကြပေသည်။

ယခုအချိန်တွင် ပါရမီရှင်အားလုံးက

တောက်လောင်နေသော အကြည့်များဖြင့် ကြယ်ပင်လယ်၏ နက်ရှိုင်းသောအပိုင်းကို ကြည့်နေခဲ့ကြသည်။

ကြယ်ပင်လယ်၏ အနက်ရှိုင်းဆုံးနေရာတွင် ရှေးကျသော အရှိန်အဝါများ ပြည့်နှက်နေသော အမှောင် သားရဲတွင်းတစ်ခုကို ဝေဝါးဝါး မြင်နေရပေသည်။

ဤအနက်ရောင် သားရဲတွင်းက ရှေးဟောင်း နတ်ဆိုးတောင်တန်းတစ်ခုကဲ့သို့ ခမ်းနားထည်ဝါသော အရှိန်အဝါများ ထွက်ပေါ်နေသည်။

၎င်းက ခွန်ပန်အသိုက် ဖြစ်ပေသည်။

သို့သော်လည်း ယခုအချိန်တွင် ခွန်ပန်အသိုက်ကို

ပိတ်ထားသည်။

ခွန်ပန်အသိုက်၏ မျက်နှာပြင်တစ်လျှောက်မှာတော့ အက်ကွဲကြောင်းများ ပျံ့နှံ့နေပေသည်။

ကြယ်ပင်လယ်မှ ဥက္ကာခဲများက ရံဖန်ရံခါ ခွန်ပန်အသိုက်ပေါ်သို့ ကျဆင်း၍ အက်ကြောင်းများကို ပို၍ ကြီးမားလာစေသည်။

"ခွန်ပန်အသိုက်က မကြာခင် ပွင့်လာမယ်လို့ ထင်တယ်"

ပါရမီရှင် အများစုက စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

ဤသည်က ရှားရှားပါးပါး အခွင့်အရေးတစ်ခုပင်။

"ဒီမှာ ရှေးဟောင်း သူတော်စင်လက်နက်၊ အစိပဓိလက်နက်၊ အင်မော်တယ်ဆေး ဒါမှမဟုတ် ခွန်ပန်ရဲ့ သန့်စင်တဲ့သွေး ဘာရှိမယ်လို့ မင်းထင်လဲ"

"ငါကတော့ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်ကို ရနိုင်မယ်လို့ မျှော်လင့်တယ်။ ဒီနည်းနဲ့ ကောရာဇ်လမ်းဆုံးကို လျှောက်လှမ်းပြီး အဆုံးစွန် ကောရာဇ်လမ်းကို လျှောက်ဖို့အတွက် ယုံကြည်မှု ပိုရှိလာလိမ့်မယ်"

တချို့ ပါရမီရှင်များက စိတ်အားထက်သန်စွာ ဆွေးနွေးပြောဆိုခဲ့ကြသည်။ ဟုတ်ပေသည်၊ သတိထားနေသော ပါရမီရှင်များစွာလည်း ရှိသည်။

လေထုက အတော်လေး တည်ငြိမ်အေးချမ်းနေသည်။

သို့သော်လည်း ခွန်ပန်အသိုက် ပွင့်သောအခါ
သွေးထွက်သံယို တိုက်ပွဲကြီးတစ်ခု သေချာပေါက်
ဖြစ်လာပေလိမ့်မည်။

နောက်ဆုံးတွင် လူဦးရေများလွန်းပြီး အခွင့်အလမ်းက
နည်းသောကြောင့် လူတိုင်း မျှဝေယူရန် မဖြစ်နိုင်ပေ။

ထိုအချိန်တွင်၊ ကောင်းကင်ယံမှ လှိုင်းခတ်သံများကို
ကြားလိုက်ရသည်။

လူတချို့က အသံဦးလာရာကို ကြည့်လိုက်သောအခါ
ဟိုးအဝေး ကြယ်ကောင်းကင်မှ လှိုင်းလုံးများ
ပေါ်လာသည်ကို မြင်လိုက်ရ၏။

မယုံနိုင်စရာပင်။

၎င်းတို့က စကြာဝဠာတွင် ရှိနေကြကြောင်း ထင်ရှားသော်လည်း လှိုင်းလုံးကြီးများ ပေါ်လာခဲ့ဆဲ ဖြစ်သည်။

"ဖြစ်ကောင်းဖြစ်နိုင်တာက... သူရောက်လာပြီ"

အချို့သူများက ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းတွင် နာမည်ကြီးနေသော ပါရမီရှင်အကြောင်း ချက်ချင်း တွေးတောမိသွားသည်။

ပင်လယ်နတ်ဘုရား၏ တတိယမင်းသား...

၎င်းမှာ ပင်လယ်နတ်ဘုရား
ရှေးဟောင်းကြယ်စက်ဝိုင်းတွင် မွေးဖွားခဲ့သည့်
ပါရမီရှင်တစ်ဦး ဖြစ်သည်။

သူသည် ရှေးဟောင်းကြယ်စက်ဝိုင်းတွင်
မွေးဖွားလာသော ပါရမီရှင်တစ်ဦးဖြစ်သော်လည်း၊
သူ၏ပါရမီက အလွန်မြင့်မားသည်။
သူ့စွမ်းရည်များက ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးရှိ
အင်မော်တယ်အင်အားစုများမှ ပါရမီရှင်များထက်
အားမနည်းပေ။

သူဟာ အလွန်ရှေးကျသော ပင်လယ်နတ်ဘုရား
သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသည်ဟူသော
ကောလဟာလများပင် ထွက်ပေါ်နေခဲ့သည်။ ၎င်းက
သူတော်စင်စာရင်းတွင် မြင့်မားသော
အနေအထားရှိပြီး မည်သူမျှ သူ့ကို ရန်မစဝံ့ပေ။

လှိုင်းလုံးကြီးများအထက်တွင် ပုံရိပ်နှစ်ခု ထွက်ပေါ်လာသည်။ သူတို့က ထူးကဲသော အရှိန်အဝါရှိသည့် လူငယ်နှစ်ဦး ဖြစ်ပေသည်။

သူတို့ထဲမှ တစ်ယောက်၏ အရေပြားများမှာ ငါးအကြေးခွံကဲ့သို့ အကြေးခွံများ ဖုံးအုပ်ထားသည်။

နောက်တစ်ဦးကတော့ အနောက်ဘက်တွင် ရေဘဝဲ လက်တံတစ်ခုကဲ့သို့ စွမ်းအင်များ ဖြာထွက်နေလေသည်။

"ဒါက ပင်လယ်နတ်ဘုရားရဲ့ တတိယမင်းသားမဟုတ်ဘူးပဲ။ သူ့နောက်လိုက်နှစ်ယောက်ဖြစ်တဲ့ သခင်ဖန်ကျန့်နဲ့ သခင်နောင်ဟိုင်ပဲ"

ပါရမီရှင်တချို့က ပြောလိုက်သည်။

အရေပြားကို ငါးအကြေးခွံများ ဖုံးအုပ်ထားသော လူငယ်က သခင်ဖန်ကျန့် ဖြစ်သည်။

သူက ပတ်ဝန်းကျင်ကို အေးစက်စက်ဖြင့် ကြည့်ကာ ပြောလိုက်သည်။

"ဒီခွန်ပန် မဟာနတ်ဘုရားစွမ်းရည်က မင်းသားအတွက် အရမ်းအရေးကြီးတယ်၊ ငါတို့ ရအောင်ယူရမယ်"

"ဒါက သဘာဝပါပဲ။ တတိယမင်းသားသာ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်ကို ရနိုင်ခဲ့ရင်၊ ပိုလို့တောင် အားကောင်းလာမှာ သေချာတယ်။ ဒုတိယ အင်မော်တယ် စွမ်းအင်ကို လေ့ကျင့်ဖို့တောင် အသုံးချနိုင်လိမ့်မယ်"

နောင်ဟိုင်ကလည်း ပြောသည်။

ခွန်ပန်အသိုက်၏ ဆွဲဆောင်ခံရသည်မှာ ပင်လယ်နတ်ဘုရား၏ တတိယမင်းသားချည်းပဲ မဟုတ်ပေ။

တစ်ဖက်မှ လေပြင်းတိုက်ခတ်သံနှင့်အတူ ရွှေရောင် အလင်းများ ဖြာထွက်လာသည်။

ရွှေရောင်အလင်းများနှင့် ရွှေတောင်ပန် ငှက်တစ်ကောင် ကောင်းကင်ကိုဖြတ်ကာ ပျံသန်းလာခဲ့၏။

အကယ်၍ ကျွင်းရှောင်ယောက်သာ ဤနေရာတွင် ရှိနေပါက၊ ဤသူမှာ သူ၏ အသိအကျွမ်းဟောင်းကြီး ရွှေတောင်ပံဘုရင် ရှောင်ပန်ဖြစ်ကြောင်း

သေချာပေါက် အသိအမှတ်ပြုလိမ့်မည်။

"ရွှေတောင်ပံ ဘုရင် ရှောင်ပန်ပဲ၊ သူလည်း ဒီကို ရောက်လာပြီ"

ပါရမီရှင်များ၏ မျက်လုံးများတွင် သတိထားခြင်းများ လှစ်ဟလာသည်။

ရွှေတောင်ပံဘုရင် ရှောင်ပန်က သနားစရာကောင်းသော ပါရမီရှင်များထဲမှ တစ်ဦး ဖြစ်ချေသည်။

သူ့ကို ကျွင်းရှောင်ယောက်က အကြိမ်ကြိမ် အနိုင်ယူခဲ့သည်။ ထို့ကြောင့် ရှန်းကုတာအိုရေကန်တွင် ကျွင်းရှောင်ယောက်ကို မြင်သောအခါ တိုက်ခိုက်ရန်ပင် မဝင်တော့ဘဲ တချိုးတည်း လစ်ပြေးခဲ့ရသည်။

သို့သော်လည်း နောက်ပိုင်းတွင်၊
ကျွင်းရှောင်ယောက်က
ကြေးအင်မော်တယ်နန်းတော်ထဲ၌ ကျသွားပြီကြောင်း
ကြားသိရသောအခါ၊ ရွှေတောင်ပံဘုရင်
ရှောင်ပန်လည်း မြူခိုးများ ပျောက်ကွယ်သွားသကဲ့သို့
ခံစားလိုက်ရပြန်သည်။

သူ၏ တာအိုနှလုံးသားက ပြန်ကောင်းလာကာ
သူ့အခြေအနေလည်း အတော်
တိုးတက်လာခဲ့ပေသည်။

"အမှောင်တွေ လွန်သွားပြီ၊ ငါ့အနာဂတ်ကို
အာရုံစိုက်ရတော့မယ်။ ခွန်ပန်
မဟာနတ်ဘုရားစွမ်းရည်ကို ရရှိတာနဲ့
ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းရဲ့
ထိပ်တန်းဆယ်ယောက်ကို ငါ

သေချာပေါက်ရောက်နိုင်လိမ့်မယ်"

ရွှေတောင်ပံဘုရင် ရှောင်ပန်၏ မျက်လုံးများက ယုံကြည်မှုအပြည့်ဖြင့် တောက်ပနေခဲ့သည်။

ကျွင်းရှောင်ယောက်၏ ခေတ်ကုန်သွားခဲ့ပြီ။

အသက်ရှင်နေသေးသော ပါရမီရှင်သာလျှင် အနာဂတ်အကြောင်းပြောရန် အရည်အချင်း ပြည့်မီသည်။

"ရွှေတောင်ပံဘုရင် ရှောင်ပန်က ခွန်ပန်တစ်ကောင်ပဲ။ သူသာ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်ကို ရရှိနိုင်ရင် ကျားကို အတောင်တပ်ပေးလိုက်သလို ဖြစ်သွားတော့မှာ သေချာတယ်"

ပါရမီရှင်တချို့၏ မျက်လုံးများက မကောင်းသော အ

င်းရောင်အနည်းငယ် လက်လာသည်။

သူတို့က ကေရာဇ်လမ်းတွင် နောက်ထပ် အစွမ်းထက်သော ပါရမီရှင်တစ်ဦးကို ပေါ်မလာစေချင်ကြပေ။

"ဒီခွန်ပန်အသိုက်ရဲ့ အရင်းအမြစ်တွေကို ဗုဒ္ဓအရှင်က ပိုင်ဆိုင်တယ်"

ထိုအချိန်တွင် အမျိုးသမီးတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

အဝေးမှ ကြယ်ကောင်းကင်တွင် မှိန်ဖျော့ဖျော့ အလင်းကိုးခု လင်းလက်လာခဲ့၏။

အပြာရောင်ဒေါင်းဝတ်စုံဝတ်ထားသော လှပသော
အမျိုးသမီးတစ်ဦး လျှောက်လှမ်းလာခဲ့ပေသည်။
သူ့ထံမှ အစွမ်းထက်သော အရှိန်အဝါများ
ထွက်ပေါ်နေကာ ဟင်းလင်းပြင်ကို
တုန်ယင်စေခဲ့သည်။

"ဒါက ကျောက်စိမ်းဗုဒ္ဓရဲ့
နောက်လိုက်တစ်ယောက်ဖြစ်တဲ့ ခုန်းရှမ်ပဲ"

ပါရမီရှင်များစွာ၏ မျက်လုံးများက သတိထားမှုကို
လှစ်ဟလာသည်။

ကျောက်စိမ်းဗုဒ္ဓက ကေရာဇ်လမ်းပေါ်တွင်
အဆိုးဆုံးသူများထဲမှ တစ်ဦးဖြစ်သည်။

ခုန်းရှမ် ရောက်လာတာကိုမြင်တော့ ရွှေတောင်ပံဘုရင်
ရှောင်ပန်၏ မျက်လုံးများက

အရောင်လက်သွားသည်။ သို့သော်လည်း
သူ့စကားများကို ကြားသောအခါ
မကျေမနပ်ဖြစ်သွားပြန်တော့သည်။

သူက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။
"ခုန်းရှမ်၊ ကျောက်စိမ်းဗုဒ္ဓက မင်းကို ဘယ်လိုဆေးမျိုး
တိုက်ကျွေးထားလို့ ဒီလောက်ထိ
သစ္စာစောင့်သိနေတာလဲ"

သူ့လေသံတွင် မနာလိုခြင်း အရိပ်အမြွက်များ
ပါဝင်ခဲ့ပေသည်။

ရွှေတောင်ပံ ခွန်ပန်နှင့် တောက်ပသော
ဥဒေါင်းမင်းတို့က တူညီသော သွေးမျိုးဆက်တစ်ခုမှ
ဖြစ်သည်။ ၎င်းတို့က မျိုးဆက်ပေါင်းများစွာ
မိတ်ဆွေကောင်းများ ဖြစ်ခဲ့ကြပေသည်။

ရွှေတောင်ပန်ဘုရင် ရှောင်ပန်သည်လည်း ခုန်းရှမ်ကို သိသည်။

သူက ခုန်းရှမ်ကို အနည်းငယ်ပင် စိတ်ဝင်စားနေခဲ့ပေသည်။

ကံမကောင်းစွာဖြင့် ခုန်းရှမ်က ကျောက်စိမ်းဗုဒ္ဓ၏ သစ္စာရှိ နောက်လိုက်တစ်ဦး ဖြစ်နေသည်။ ယင်းက ရွှေတောင်ပန်ဘုရင် ရှောင်ပန်ကို ကျောက်စိမ်းဗုဒ္ဓအပေါ်၌ ကြီးစွာသော ရန်ငြိုးထားခြင်း ဖြစ်စေခဲ့သည်။

"ဗုဒ္ဓသခင်ရဲ့ ခွန်အားက နင် နားလည်နိုင်တာ မဟုတ်ဘူး"

ခုန်းရှမ်က လှပသော မျက်လုံးများနှင့်

ရွှေတောင်ပံဘုရင် ရှောင်ပန်ကို ကြည့်လိုက်သည်။

"မင်း..."

ရွှေတောင်ပံဘုရင် ရှောင်ပန်၏ မျက်ခုံးများက တင်းကြပ်သွားခဲ့သည်။

"ဟမ့်၊ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်ကို ရယူပြီး ငါ့ခွန်အားတွေ တိုးလာတဲ့အခါကျရင် အဲဒီကျောက်စိမ်းဗုဒ္ဓကို တွေ့ဖြစ်အောင် သွားတွေ့လိုက်ဦးမယ်"

ရွှေတောင်ပံဘုရင် ရှောင်ပန်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

"သခင် ကျောက်စိမ်းဗုဒ္ဓက တုန္နိုင်းမဲ့ပါတယ်။ နင့်မှာ အခွင့်အရေးမရှိဘူး"

ခုန်းရှမ်က ခေါင်းခါယမ်းလိုက်သည်။

အခန်း ( ၅၃၅ ) ရှမ်ယွမ်ရှေးဟောင်းကြယ်စက်ဝိုင်းမှ စုပြီယု၊ ကျန်ကျင်းကျောက်ဝိညာဉ်ကို လက်နက်သန့်စင်ဖို့အတွက် အသုံးပြုချင်တယ်။

ခုန်းရှမ်က ကျောက်စိမ်းဗုဒ္ဓကို မျက်စိစုံမှိတ်ပြီး ကိုးကွယ်သလောက် ဖြစ်နေပြီ ဖြစ်သည်။

သူမ၏အမြင်တွင် ကျောက်စိမ်းဗုဒ္ဓက အဆုံးစွန် ကေရာဇ်လမ်းကို ရည်မှန်းထားသော ကေရာဇ်လမ်းမှ နံပါတ်တစ် ပါရမီရှင်ခေါင်းဆောင်ပင်။

ခုန်းရှမ်၏ မျက်လုံးများမှ မြတ်နိုးသော အကြည့်များကို မြင်လိုက်ရတော့ ရွှေတောင်ပံဘုရင်ရှောင်ပန်လည်း အလွန်ပင်

မကျေမနပ်ဖြစ်ပြီး အူတိုသွားမိသည်။

သို့သော်လည်း ကျောက်စိမ်းဗုဒ္ဓက
အလွန်အားကောင်းသည်ကိုတော့ ဝန်ခံရပေမည်။

အကယ်၍ သူသာ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်
သို့မဟုတ် ခွန်ပန် သွေးအနှစ်သာရကို မရခဲ့ပါက
ကျောက်စိမ်းဗုဒ္ဓကို တိုက်ခိုက်ရန် အရည်အချင်းပင်
ရှိမည်မဟုတ်ပေ။

ဤအချက်ကြောင့်ပင် ရွှေတောင်ပံဘုရင်ရှောင်ပန်၏
မျက်လုံးများက စိတ်ပိုင်းဖြတ်မှုများ ပြည့်နေခြင်း
ဖြစ်သည်။

ခွန်ပန်အသိုက်၏ ဤအခွင့်အရေးကို သူ
လုံးဝလက်လွှတ်မခံနိုင်ပေ။

ဤကဲ့သို့ စောင့်ဆိုင်းနေစဉ်တွင် ဟင်းလင်းပြင်ကို ဖြိုခွဲပြီး အခြားပုံရိပ်တစ်ခု ပေါ်လာသည်။

၎င်းက နောက်ကျောတွင် ဓားတစ်လက်ကို လွယ်ပိုးထားသော အပြာရောင်ဝတ် လူငယ်တစ်ယောက် ဖြစ်သည်။ သူက ဟင်းလင်းပြင်ကိုဆုပ်ဖြဲကာ ရောက်ရှိလာပြီး အားလုံးကို လျစ်လျူရှုထားပုံ ရသည်။

သူပေါ်လာသောအခါ၊ ပတ်ဝန်းကျင် လေဟာပြင်က တုန်ခါနေပြီး ဓားစွမ်းအင်များ ပျံ့နှံ့သွား၏။ ပတ်ဝန်းကျင်မှ ပါရမီရှင်တချို့လည်း မရှောင်လွှဲနိုင်ဘဲ သွေးမြူများအဖြစ် တိုက်ရိုက် ပြောင်းလဲသွားတော့သည်။

"ဒါက ဟင်းလင်းပြင်ဓားသမားပဲ၊ သူ ရောက်လာပြီ"

ဤအပြာရောင်ဝတ်လူက အမှန်တကယ် ဟင်းလင်းပြင်ဓားသမား ဖြစ်သည်။

အတိအကျဆိုရလျှင် ၎င်းက ဟင်းလင်းပြင်ဓားသမား၏ ဝိညာဉ်ခန္ဓာ ဖြစ်ချေသည်။

သို့သော် ၎င်းက ဝိညာဉ်ခန္ဓာတစ်ခုသာဖြစ်လျှင်ပင် တော်ရုံ ပါရမီရှင်များအတွက် တုနှိုင်းမရပေ။

၎င်းက ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းတွင် ထိပ်တန်းဆယ်ဦးအတွင်း အဆင့်သတ်မှတ်ခံရသော ဘီလူးတစ်ကောင် ဖြစ်သည်။

"ဟင်းလင်းပြင်ဓား..."

ရွှေတောင်ပံဘုရင်ရှောင်ပန်၊ ခုန်းရွှမ်နှင့်
အခြားသူများလည်း ဟင်းလင်းပြင်ဓားသမား
ရောက်လာသည်အား မြင်ရသောအခါ
မျက်နှာအမူအရာများ လေးနက်သွားကြသည်။

သို့သော်လည်း ဟင်းလင်းပြင်ဓားသမားကို ဂရုတစိုက်
အာရုံခံပြီးသောအခါ အနည်းငယ် စိတ်သက်သာရာ
ရသွား၏။

ဤသူကား ဝိညာဉ်ခန္ဓာတစ်ခုသာဖြစ်ကြောင်း
ထင်ရှားသည်။

သို့သော်လည်း သူတို့၏ သတိကိုတော့
မလျှော့ဝံ့ကြပေ။

ဟင်းလင်းပြင်ဓားသမားက
ထိုက်ရှီရှေးဟောင်းကြယ်စက်ဝိုင်းမှ
ဆင်းသက်လာခဲ့သူ ဖြစ်သည်။

အံ့သြစရာကောင်းသည်က သူ့နောက်ကွယ်တွင်
အင်မော်တယ်အင်အားစု သို့မဟုတ်
အဓိပဓိမျိုးနွယ်စုများ မရှိပေ။

သူ့တွင် ဆရာတစ်ယောက်သာ ရှိသည်။

သို့ရာတွင်၊ ထိုဆရာက
ထိုက်ရှီရှေးဟောင်းကြယ်စက်ဝိုင်းတွင် အသန်မာဆုံး
ဟင်းလင်းပြင်ဓားသခင် ဖြစ်၏။

ဟင်းလင်းပြင်ဓားသခင်က ထိုက်ရှီ

ရှေးဟောင်းကြယ်စက်ဝိုင်းတွင်မက အခြား
ရှေးဟောင်းကြယ်စက်ဝိုင်း များစွာတွင်ပါ
ကျော်ကြားသူ ဖြစ်သည်။

အတိုချုပ်ပြောရလျှင်၊
ဟင်းလင်းပြင်ဓားသခင်လေးတွင် အားကောင်းသော
အင်အားစုများမရှိလျှင်ပင် မည်သူမှ
လျှော့မတွက်ဝံ့ပေ။

"ဒီခွန်ပန်အသိုက်ကို ငါယူရမယ်"
ဟင်းလင်းပြင် ဓားသခင်လေးက လက်နှစ်ဖက်ကို
နောက်ပစ်လိုက်သည်။ ၎င်းက
ဝိညာဉ်ခန္ဓာတစ်ခုသာဖြစ်လျှင်ပင် အန္တိုင်းမဲ့သော
အရှိန်အဝါမျိုး ရှိသေးသည်။

'ခွန်အသိုက်ရဲ့ အခွင့်အလမ်းကို ဖမ်းဆုပ်ဖို့က

မလွယ်ဘူးထင်တယ်'

ရွှေတောင်ပံဘုရင်ရှောင်ပန်လည်း ဖိအား အနည်းငယ် ခံစားခဲ့ရသည်။

"ဝမ်"

ထိုအချိန်တွင် ကြယ်ကောင်းကင်မှ ကြယ်လှေတစ်စင်း ပေါ်လာပြီး လူများစွာ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

"ဟင်၊ ဒါက ဘယ်သူလဲ"

အချို့က ရေရွတ်လိုက်သည်။

အဖြူရောင်ဝတ်စုံနှင့် လှပသော မိန်းကလေးတစ်ယောက်သည် အတွင်းမှ ထွက်လာခဲ့၏။ သူမ၏ ဆံနွယ်ရှည်များက လေထဲတွင် တဖျပ်ဖျပ် လူးလွန့်နေသည်။ သူမက လရောင်အောက်မှ နတ်သမီးကဲ့သို့ အပြစ်ကင်းစင်ပြီး

အေးစက်ခဲ့သည်။

ထိုမိန်းကလေးက မူယွဲ့ဟန်ပင်။

"ကွယ်ဟာန်နန်းတော်က ယွဲ့ဟန်နတ်သမီးပဲ"

မူယွဲ့ဟန်ကို မြင်လိုက်ရသော ပါရမီရှင်များစွာ၏ မျက်လုံးများက တောက်ပလာသည်။

သူမက ကောရာဇ်လမ်းတွင် နာမည်ကြီးသော ပါရမီရှင်တစ်ဦး ဖြစ်ပေသည်။ သူက လှပရုံသာမကဘဲ ခွန်အားကလည်း အထင်ကြီးလောက်စရာ ဖြစ်သည်။

သူမက ပါရမီရှင်များစွာ၏ အိပ်မက်ထဲမှ မိန်းမလှလေးပင်။

သို့ရာတွင် မူယွဲ့ဟန်တွင် စရိုက်တစ်ခုရှိသည်။ ယင်းမှာ ထိုမိန်းကလေးက အေးစက်လွန်း၍ သာမန်လုလင်များ ချဉ်းကပ်နိုင်ရန် မလွယ်ကူခြင်းပင်။

သို့သော်လည်း အမျိုးသားများက ထိုသို့ဖြစ်လေလေ၊ ပို၍ အာရုံစိုက်ကြလေ ဖြစ်သည့်

"ယွဲ့ဟန်နတ်သမီးပဲ။ တတိယမင်းသားက မင်းကို ကောရာဇ်လမ်းကို အတူတူလျှောက်ဖို့ အကြိမ်ပေါင်းများစွာ ဖိတ်ခဲ့ပေမဲ့ မင်းပြန်မဖြေဘူး။ အခု မင်းမှာ အဖြေရှိပြီလား"

သခင်ဖန်ကျန့်နှင့် သခင်နှောင်ဟိုင်က မူယွဲ့ဟန်ကိုမြင်သောအခါ မျက်လုံးများ အရောင်လက်သွားပြီး မသိချင်ယောင်ဆောင်ကာ မေးလိုက်ကြသည်။

ထိုစကားကိုကြားသောအခါ မူယွဲ့ဟန်၏
မျက်လုံးများတွင် ပျင်းရိငြီးငွေ့မှု အရိပ်အမြွက်တို့
ပေါ်လာခဲ့၏။

ဤမတိုင်ခင်က၊ ပင်လယ်နတ်ဘုရား
တတိယမင်းသားသည် သူမကို သဘောကျ၍
ကေရာဇ်လမ်းကို အတူတူလျှောက်လှမ်းရန်
ဖိတ်ခေါ်ခဲ့ဘူးသည်။

စကားပြောကတော့ အလွန်ကောင်း၏။

သို့သော်လည်း အမှန်အတိုင်းပြောရလျှင်၊ သူမ၏
သန့်စင်သောယင်ခန္ဓာကို လောဘကြီးပြီး သူ၏
ကျင့်ကြံမှုအရှိန်ကို မြှင့်တင်လိုခြင်းသာ ဖြစ်သည်။

မူယွဲ့ဟာန်အနေဖြင့် သဘာဝအတိုင်း သဘောတူရန်
မဖြစ်နိုင်သောင့် တမင် ရွှေ့ဆိုင်းထားခဲ့သည်။

ယခုတော့၊ ကျွင်းရှောင်ယောက်နှင့် တွေ့ပြီးပြီဖြစ်ရာ
မူယွဲ့ဟာန်နှင့် ပင်လယ်နတ်ဘုရား တတိယမင်းသား၏
ဆက်ဆံရေးက မည်သို့မျှ မဖြစ်နိုင်တော့ပေ။

ကျွင်းရှောင်ယောက်နှင့် နှိုင်းယှဉ်လျှင်
သူတော်စင်စာရင်းဝင် ပင်လယ်နတ်ဘုရား
တတိယမင်းသားက အမှိုက်တစ်စပင် မဖြစ်နိုင်ပါချေ။

“တတိယမင်းသားကို စိတ်ကူးယဉ်ဆန်တဲ့အတွေးတွေ
ရပ်ဖို့ ပြောလိုက်ပါ”
မူယွဲ့ဟာန်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ကောင်းပါပြီ၊ အချိန်တန်ရင်သာ ယွဲ့ဟာန်နတ်သမီး

နောင်တရပြီး တတိယမင်းသားဆီခေါ်သွားဖို့ ငိုပြီး မတောင်းပန်ဖို့ မျှော်လင့်တယ်"

ဖန့်ကျန်က လှောင်ပြောင် လိုက်သည်။

မူယွဲ့ဟန်လည်း ရယ်စရာကောင်းသလို ခံစားလိုက်ရ၏။

သူမက နောင်တရမှာလား။

အရူးမှသာ ကျွင်းရှောင်ယောက်၏ပေါင်ကို ပွေ့ဖက်မည့်အစား တတိယမင်းသားဆီသို့ သွားလိမ့်မည်။

"ဟင်းဟင်းဟင်း၊ စိတ်မရှိကြပါနဲ့။ မူယွဲ့ဟန်ရဲ့ စရိုက်က အေးစက်ပြီး ခပ်ခွာခွာ နေတတ်တာ၊ သူက

ဘယ်သူ့ကိုမှ မကြိုက်ဘူး"

အမျိုးသမီးတစ်ယောက်၏ ရွှံ့စောင်းသောအသံ ထွက်ပေါ်လာသည်။

မူယွဲ့ဟန် မျက်မှောင်ကြုတ်လိုက်၏။

မနီးမဝေးတွင် လူနှစ်ယောက် ချဉ်းကပ်လာသည်။

စကားပြောလာသူမှာ အစိမ်းရောင်ဝတ်စုံနှင့် လှပသော မိန်းကလေးတစ်ဦး ဖြစ်ပေသည်။

"ဟင်၊ ဒါက ရွှမ်ယွမ်ရှေးဟောင်းကြယ်စက်ဝိုင်း၊ ကျောက်စိမ်းကောင်းကင်ဂိုဏ်းရဲ့ သူတော်စင်လေး စုပီယုပဲ"

ပါရမီရှင်တချို့က အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။

ဤသည်မှာလည်း ပါရမီရှင် မိန်းကလေးတစ်ဦး ဖြစ်ပေသည်။

စုပီယု အမည်ရှိသော မိန်းကလေးက မူယွဲ့ဟန်ကို မြင်သောအခါတွင် မနာလိုမှု၊ မုန်းတီးမှု အရိပ်အယောင်များ ပေါ်လာသည်။

ရွှမ်ယွမ်ရှေးဟောင်းကြယ်စက်ဝိုင်းက ကွယ်ဟန်ရှေးဟောင်းကြယ်စက်ဝိုင်းနှင့် အိမ်နီးချင်းများ ဖြစ်သည်။

ကျောက်စိမ်းကောင်းကင်ဂိုဏ်းမှ သူတော်စင်လေးအနေဖြင့် စုပီယုသည် မူယွဲ့ဟန်နှင့်

မကြာခဏ နှိုင်းယှဉ်ခံခဲ့ရသည်။

သို့ရာတွင်၊ မူယွဲ့ဟန်၏ရှေ့တွင် သူမက ဘာမျှမဟုတ်ပေ။

အချိန်ကြာလာသည်နှင့်အမျှ စုပီယု၏ မူယွဲ့ဟန်အပေါ် မနာလိုမှုနှင့် မုန်းတီးမှုများက ကြီးမားလာပြီး သူ့ကို အမြန်ဖယ်ရှားပစ်ချင်ခဲ့သည်။

စုပီယုကို မြင်ရသော်လည်း မူယွဲ့ဟန်၏ အမူအရာက မပြောင်းလဲပေ။

သို့ရာတွင်၊ သူမ ဘေးနားမှလူက မူယွဲ့ဟန်ကို မျက်လုံးများ ကျဉ်းမြောင်းသွားစေခဲ့သည်။

၎င်းက တိတ်ဆိတ်ပြီး ကြီးကျယ်ခမ်းနားသော သတ္တဝါဖြစ်သည်။ ၎င်း၏ တစ်ကိုယ်လုံးက သတ္တုရောင် တောက်ပနေကာ မည်သို့သော အရှိန်အဝါမျှ ထွက်ပေါ်မနေပေ။

ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ပင် ဖြစ်သည်။

သို့သော် ဤသတ္တဝါက ပါရမီရှင်အများအပြားကို တုန်ယင် မောဟိုက်သွားစေသည်။

"အဲ့ဒါက ကန်ကျင်းကျောက်ဝိညာဉ်ပဲလား"

"ဟုတ်တယ်၊ အဲဒါက မြင့်မြတ်ကျောက်ကနေ အသွင်ပြောင်းထားပြီး အရမ်းအစွမ်းထက်တယ်လို့ ကောလဟာလတွေ ထွက်နေတာ"

ကန်ကျင်းကျောက်ဝိညာဉ်ကို မြင်လိုက်ရတော့ ပါရမီရှင်များ၏ မျက်လုံးများတွင် ကြောက်ရွံ့မှုများ ပေါ်လာသည်။

နတ်ဝိညာဉ် ပြောင်းလဲထားသော ဤသတ္တုမျိုးက အလွန်ထက်မြက်ပြီး အကန့်အသတ်မရှိသော အနာဂတ် ရှိသည်။

စစ်မှန်သော မြင့်မြတ်ဝိညာဉ်ဆိုလျှင် မဟာဧကရာဇ်၊ ရှေးဧကရာဇ်တို့နှင့်ပင် ပခုံးချင်းယှဉ် ရပ်တည်နိုင်သော တည်ရှိမှုတစ်ခု ဖြစ်လေသည်။

"နင် တကယ်ပဲ မဟာမိတ်အဖြစ် ကန်ကျင်းကျောက်ဝိညာဉ်ကို ရှာတွေ့ခဲ့တာပဲ"

မူယွဲ့ဟန် အံ့သြသွားသည်။

"ဒီတော့ နင်သတိထားနေပေါ့၊ မူယွဲ့ဟာန်။ ဒါထက်...
နင့်ရဲ့ မဟာမိတ်တွေကို ဘာလို့မတွေ့တာလဲ"
စုပီယုက လှောင်ပြောင်လိုက်သည်။

သူမ၏အမြင်တွင်၊ သူမက
ကန်ကျင်းကျောက်ဝိညာဉ်ကို ဆွဲဆောင်နိုင်ခဲ့၍
ယခုတစ်ကြိမ် ခွန်ပန်အသိုက်တွင် အသားစားနိုင်မည်
ဖြစ်သည်။

သူ မျက်စိစပါးမွှေးစူးနေသော မူယွဲ့ဟာန်ကို
ဖယ်ရှားရန်ပင် ဖြစ်နိုင်သည်။

ကန်ကျင်းကျောက်ဝိညာဉ်က မျက်လုံးကစား၍
ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ သူက
ကောင်းကင်မှ ကြယ်လှေကိုကြည့်ကာ

အေးစက်စက်ဖြင့် ပြောလိုက်၏။

"အမြီးကိုပြပြီး ဦးထောင်းဝှက်ထားတဲ့ ကြွက်"

သူပြောပြီးသည်နှင့် အလင်းတန်းတစ်ခုက မူယွဲ့ဟန်နှင့် ကြယ်လေ့ဆီကို
ထိုးဖောက်ဝင်ရောက်သွားတော့သည်။

မူယွဲ့ဟန်၏ အမူအရာက ပြောင်းလဲသွားသည်။

သို့သော်၊ ကန်ကျင်းသတ္တု အလင်းရောင်က ကြယ်လေ့မှ ဆယ်ပေအကွာအဝေးသို့
ရောက်ရှိလာသည်နှင့် တပြိုင်နက် ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။

"ဟင်"

ကန်ကျင်းကျောက်ဝိညာဉ်၏ မျက်လုံးများက လင်းလက်လာသည်။

ပါရမီရှင် တော်တော်များများကလည်း အံ့အားသင့်သွားကြသည်။

"ယွဲ့ဟန်နတ်သမီးမှာလည်း အင်အားကြီးတဲ့ မဟာမိတ်တွေ ရှိနေတာများလား"

ပါရမီရှင်တချို့က သိချင်သွားကြ၏။

ထိုအချိန်တွင် ငြိမ်သက်စွာ ရှိနေသော ကြယ်လှေအတွင်းမှ တည်ငြိမ်သော အသံတစ်ခု ထွက်ပေါ်လာသည်။

"ကန်ကျင်းကျောက်ဝိညာဉ်လား၊ မဆိုးဘူး။ အဲဒါကို

ငါ့ရဲ့ နတ်လက်နက်အဖြစ် သန့်စင်ပေးနိုင်တယ်"

အသံထွက်လာသည်နှင့် ပရိသတ်အားလုံး
တိတ်ဆိတ်ငြိမ်သက်သွား၏။

သူတို့ ဘာကို ကြားခဲ့ရသနည်း။

တစ်စုံတစ်ယောက်က ကန်ကျင်းကျောက်ဝိညာဉ်ကို
လက်နက်တစ်ခုအဖြစ် အမှန်တကယ်
အသုံးပြုဝံ့သလော။

အခန်း ( ၅၃၆ ) ရွှေတောင်ပံဘုရင် ရှောင်ပန်၏
အတွင်းစိတ်နတ်ဆိုး၊ ခွန်ပန်အသိုက် ပွင့်လာပြီ၊
တံဆိပ်ခတ်လိုက်ခြင်း။

ကန်ကျင်းကျောက်ဝိညာဉ်က
ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းတွင်
ပါဝင်နိုင်သော အစွမ်းထက် ပါရမီရှင်တစ်ဦး
ဖြစ်သည်။

၎င်းက နတ်သတ္တု ဝိညာဉ်တစ်ခုလည်းဖြစ်ပေရာ၊
ဖျက်ဆီးမရနိုင်သော ခန္ဓာကိုယ်နှင့်
အားသာချက်ကြီးတစ်ခုကို ပိုင်ဆိုင်ထား၏။

အင်မော်တယ်စွမ်းအင်ကို သိပ်သည်းထားနိုင်သော
ပါရမီရှင်များသည်ပင် ကန်ကျင်းကျောက်ဝိညာဉ်ကို
အလွယ်တကူ ကိုင်တွယ်နိုင်မည် မဟုတ်ပေ။

ယခုတော့၊ ကြယ်ကောင်းကင်ရှိ ကြယ်လှေပေါ်မှ
အသံရှင်ဟာ ကန်ကျင်းကျောက်ဝိညာဉ်ကို
လက်နက်တစ်ခု သန့်စင်ရန်အတွက်

အမှန်တကယ်အသုံးပြုချင်နေခဲ့သည်။

ဤသည်က ပြောင်ပြောင်တင်းတင်း
ရှုတ်ချလိုက်ခြင်းပင်။

ပန်ကျင်းကျောက်ဝိညာဉ်က အလွန်ရှားပါးသော
သတ္တုတစ်မျိုးဖြစ်တာ မှန်ကန်သည်။ သို့ရာတွင် သူ့ကို
သန့်စင်ရန်အတွက် ပစ္စည်းတစ်ခုအဖြစ် မည်သူက
အသုံးပြုဝံ့မည်နည်း။

ဤနေရာကို ရောက်နေသူ ပါရမီရှင်အားလုံး
မယုံနိုင်လောက်အောင် ခံစားခဲ့ရသည်။

အချို့သော ပါရမီရှင်များဆိုလျှင်
ရယ်စရာကောင်းသည်ဟု ထင်၍ တဝါးဝါးတဟားဟား
ရယ်မောလိုက်ကြသည်။

ခုန်းရှမ်လည်း ခေါင်းကို အနည်းငယ်ခါယမ်းလိုက်၏။ သူမ၏ မျက်လုံးများ၌ မထီမဲ့မြင်ပြုသော အရိပ်အမြွက်တို့ လှစ်ဟလာကာ ပြောလိုက်သည်။

"ဗုဒ္ဓသခင်က ဒီလိုပြောရင်တောင် ဖြစ်ကောင်းဖြစ်နိုင်သေးတယ်။ ဒီလူက... နည်းနည်း နုံအတာပဲ"

ခုန်းရှမ်က ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင် ဖြစ်သော်လည်း ကြေးအင်မော်တယ်နန်းတော်တွင် ကျွင်းရှောင်ယောက် ပျောက်ကွယ်သွားပြီးမှ မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်ကို တစ်ခါမှ မမြင်ဖူးသလို သူ့အသံကိုလည်း မကြားခဲ့ရပေ။ အလွန်ဆုံး သူ့နာမည်ကိုသာ သိခဲ့သည်။

စုပီယုလည်း သူမ၏ နှုတ်ခမ်းကို လက်နှင့်ကွယ်ကာ ရယ်မောပြီး ပြောလိုက်လေသည်။

"ခစ်ခစ်၊ မူယွဲ့ဟန်... နင့်ရဲ့ မဟာမိတ်က ဉာဏ်မဲ့လွန်းတာပဲ။ ဒီလိုရယ်စရာကောင်းတဲ့ စကားမျိုးကို ဘယ်လိုတောင် ပြောထွက်တာလဲ"

"မသိနားမလည်တာက နင်ပဲဟဲ့"

မူယွဲ့ဟန်၏ မျက်လုံးများက အေးစက်သွားသည်။

ကြယ်လေ့ထဲတွင် ထိုင်နေသူက မည်သူမှန်း သိသွားခဲ့လျှင် သူတို့ ရယ်နေနိုင်ကြဦးမှာလား။

ထိုအထဲတွင် မရယ်နိုင်သောသူက ရွှေတောင်ပံဘုရင် ရှောင်ပန်တစ်ဦးသာ ရှိသည်။

ထိုလျစ်လျူရှုသော အသံကို ကြားလိုက်ရသည်နှင့် ရွှေတောင်ပံဘုရင် ရှောင်ပန်၏ တကိုယ်လုံး အလိုလို အေးခဲသွားကာ ခေါင်းမွေးထောင်ထသွားလေသည်။

ဤအသံက သူ့ကို မရေမတွက်နိုင်သော အိပ်မက်ဆိုးများ ဖြစ်ပေါ်စေခဲ့ဘူးသည်။ သူ့အတွက်တော့ ယင်းမှာ နောက်တစ်ကြိမ် မကြုံချင်သော အိပ်မက်ဆိုးကြီးပင်။

"မဟုတ်ဘူး၊ ငါနာကြားတာမှားတာပဲ ဖြစ်မယ်၊ အဲဒီလူ မဖြစ်နိုင်ဘူး"

ရွှေတောင်ပံဘုရင် ရှောင်ပန်၏ နောက်ကျောက ချွေးဒီးဒီး စီးကျလာကာ သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။

"အဲဒီလူက အရင်ကတည်းက ကျသွားပြီပဲလေ။ သူ မဖြစ်နိုင်ဘူး၊ အသံတူတာပဲ ဖြစ်ရင်ဖြစ်မယ်"

ရွှေတောင်ပံဘုရင် ရှောင်ပန်က သူ့ကိုယ်သူ တည်ငြိမ်စေရန် အသက်ပြင်းပြင်းရှူလိုက်သည်။

"ဒါဟာ ငါ့ရဲ့ အတွင်းစိတ်နတ်ဆိုးတွေပဲ၊ နောက်ထပ် အတွင်းစိတ်နတ်ဆိုးတွေ မပေါက်ဖွားနိုင်စေရတော့ဘူး"

ရွှေတောင်ပံဘုရင် ရှောင်ပန်က သူ၏ တာအိုနှလုံးသားကို ငြိမ်သက်သွားစေခဲ့လေသည်။

၎င်းသည် ယခင်က ကျန်ရှိနေသော အတွင်းစိတ်နတ်ဆိုးများကြောင့် ဖြစ်သင့်သည်ဟု သူခံစားခဲ့ရသည်။ ထို့ကြောင့်ပင် ထိုလူ၏အသံဟု ထင်မှတ်ကာ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရခြင်းပင်။

ကန်ကျင်းကျောက်ဝိညာဉ်ကတော့
ထိုစကားကိုကြားသောအခါ သူ့မျက်လုံးများ၌
သတ်ဖြတ်လိုစိတ်တို့ လင်းလက်လာခဲ့သည်။

သူ အမုန်းဆုံးအရာက သူ့ခန္ဓာကိုယ်ကို သန့်စင်ခြင်း
ပစ္စည်းတစ်ခုအဖြစ် အသုံးပြုရန် ပြောဆိုကြခြင်းပင်။

"အတင့်ရဲလိုက်တာ"

ကန်ကျင်းကျောက်ဝိညာဉ်က သူ့လက်ကို
မြှောက်လိုက်သည်သည်။ သူ၏စွမ်းအင်များက
မီတာတစ်ရာရှည်သော ဓားတစ်လက်အဖြစ်သို့
ပြောင်းလဲသွားကာ ခုတ်ပိုင်းရန် ဟန်ပြင်လိုက်၏။

သို့သော်လည်း ဤအခိုက်အတန့်တွင်
ကြယ်ပင်လယ်ကြီး၏ နက်ရှိုင်းသောအပိုင်းမှ...

အနက်ရောင် ခွန်ပန်အသိုက်သည် ရုတ်တရက်
တုန်ယင်အက်ကွဲသံကြီးများ ထွက်လာသည်။

မျက်နှာပြင်ပေါ်မှ ကြီးမားသော အက်ကြောင်းများက
ကျယ်ပြန့်ကာ ပျံ့နှံ့လာခဲ့၏။

ရှုပ်ထွေးသော တာအိုကမ္ဘည်းများနှင့်
ပြိုးပြိုးပြက်ပြက် တောက်ပနေသော
ရွှေရောင်အလင်းများ ထွက်ပေါ်လာတော့သည်။

၎င်းမှာ မြင့်မြတ်နယ်မြေတစ်ခု
ဖွင့်လာတော့မည့်ကဲ့သို့ပင် ဖြစ်သည်။

"ခွန်ပန်အသိုက်ဖွင့်တော့မယ်ဟေ့"

"စပြီ"

"တကယ်သာ ခွန်ပန်မဟာနတ်ဘုရားစွမ်းရည်
ရှိနေမယ်ဆိုရင် ငါ အဲဒါတွေကို ရအောင်ယူမယ်"

ပါရမီရှင် ထောင်ချီတို့၏ မျက်လုံးများက
စိတ်လှုပ်ရှားမှုဖြင့် နီရဲသွားသည်။

ခွန်ပန်အသိုက်က ကေရာဇ်လမ်းပေါ်ရှိ
ရှားပါးအခွင့်အရေးများထဲမှ တစ်ခုဖြစ်သည်မှာ
အသေချာပင်။ အကယ်၍ ခွန်ပန် သန့်စင်သောသွေး
သို့မဟုတ် ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်ကို
ရရှိနိုင်လျှင် ပျက်ဆီးခြင်းကောင်းကင်
သူတော်စင်စာရင်းသို့ ဝင်ရောက်နိုင်စွမ်း
ရှိကြပေလိမ့်မည်။

သို့ဖြစ်ပေရာ မည်သည့် ပါရမီရှင်မျှ စိတ်အေးအေး မထားနိုင်တော့ပေ။

"ဟမ့်၊ ငါမင်းကို အခု နည်းနည်းအသက်ရှည်ခွင့်ပေးလိုက်မယ်"

ကန်ကျင်းကျောက်ဝိညာဉ်က သူ့လက်ကို ပြန်ရုတ်လိုက်သည်။

ဤစိတ်အနှောက်အယှက်ဖြစ်သူကို သတ်ခြင်းနှင့်ယှဉ်လျှင် ခွန်ပန်အသိုက်က ပိုအရေးကြီးတယ်။

နေရာရှိ ပါရမီရှင်အားလုံးနီးပါး ကြယ်ပင်လယ်ထဲကို တပြိုင်နက်တည်း ပြေးသွားကြလေသည်။

ကြယ်ပင်လယ်တွင် အန္တရာယ်များစွာ၊ ထူးဆန်းသော

ဟင်းလင်းပြင်အက်ကြောင်းများ၊ ဖရိုဖရဲ ရေဝဲကြီးများရှိ၍ ရုံဖန်ရုံခါ ပါရမီရှင်များစွာတို့ ဝါးမျိုခံခဲ့ကြရသည်။

သို့ရာတွင် ဤအချက်က ပါရမီရှင်များ၏ ခွန်ပန်အသိုက်ထဲသို့ဝင်ရန် စိတ်ပိုင်းဖြတ်မှုကို မတားဆီးနိုင်ပေ။

သခင်ဖန်ကျန့်၊ သခင်နောင်ဟိုင်၊ ရွှေတောင်ပံဘုရင် ရှောင်ပန်၊ ခုန်းရှွမ်၊ ဟင်းလင်းပြင်ဓားသမား၊ ကန်ကျင်းကျောက်ဝိညာဉ်၊ စုပီယုနှင့် အခြား ပါရမီရှင်အားလုံး ကြယ်ပင်လယ်ဆီသို့ ပြေးသွားခဲ့ကြသည်။

သို့သော်လည်း မူယွဲ့ဟန်နှင့် ကျွင်းရှောင်ယောက်ကတော့ မဝင်ရောက်သေးပါ။

"သခင်လေး နတ်ဘုရားသားတော်၊ ငါတို့
မြန်မြန်မဝင်ကြဘူးလား"

မှူယွဲ့ဟန်က ပြောလိုက်သည်။

ကျွင်းရှောင်ယောက်နှင့် အတူရှိနေခြင်းက သူမကို
အလွန် စိတ်သက်သာရာ ရစေသည်။

သို့သော်လည်း၊ အခြားပါရမီရှင်များ
ခွန်ပန်အသိုက်ဆီသို့ အပြေးအလွှား သွားကြသည်ကို
မြင်လိုက်ရသောအခါ အနည်းငယ် စိုးရိမ်မကင်း
ဖြစ်သွားသည်။

"စိတ်မပူပါနဲ့၊ ခွန်ပန်အသိုက်ရဲ့ ရတနာက ရယူဖို့
အရမ်းလွယ်မယ်လို့ မင်းထင်တာလား"

ကျွင်းရှောင်ယောက်က ကြယ်လှေ့ပေါ်မှ

ဆင်းသက်လိုက်သည်။

သူက လေးနက်သော မျက်လုံးများနှင့်
ခွန်ပန်အသိုက်ကို လှမ်းကြည့်လိုက်၏။

ကျွင်းရှောင်ယောက်ဟာ ခွန်ပန်အသိုက်တွင်
စိတ်ဝင်စားဖွယ်ကောင်းသော
သတ္တဝါအချို့ရှိပုံရသည်ဟု ခံစားခဲ့ရသည်။

ခွန်ပန်အသိုက်တွင် ရတနာကို ရယူချင်ပါက
သေချာပေါက် မရိုးရှင်းနိုင်ပေ။

"သခင်လေးနတ်ဘုရားသားတော် ပြောနေမှတော့
ယွဲ့ဟာန် စိတ်ချနိုင်ပါပြီ"
မူယွဲ့ဟာန်က ပြုံးလိုက်သည်။

ကျွင်းရှောင်ယောက်၏ ယုံကြည်မှုရှိသော အသွင်အပြင်ကို မြင်လိုက်ရတော့ သူမ လုံးဝမစိုးရိမ်တော့ပေ။

"သွားကြရအောင်"

ကျွင်းရှောင်ယောက်က ကိုယ်ပိုင်ခြံဝင်းထဲတွင် လမ်းလျှောက်နေသကဲ့သို့ မူယွဲ့ဟာန်နှင့်အတူ ကြယ်ပင်လယ်ထဲသို့ လျှောက်သွားသည်။

နာရီဝက်ခန့် ကြာသွား၏။

ကြယ်ပင်လယ်ထဲသို့ ပထမဆုံးဝင်ရောက်လာသော ပါရမီရှင်တို့မှာ ခွန်ပန်အသိုက်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားကြသည်။

ပတ်ပတ်လည်ကိုကြည့်လိုက်လျှင်၊ အက်ကွဲနေသော ခွန်ပန်အသိုက်က တောက်ပသော ရွှေရောင်အလင်းတန်းများ ပြည့်နှက်နေသည်။ ၎င်းက ရှေးကျ၍ မြင့်မြတ်သော  မြင့်မြတ်သော ရောင်ဝါများကို သယ်ဆောင်ထားကာ ပါရမီရှင်အားလုံးကို မျက်လုံး အရောင်တောက်စေခဲ့သည်။

ဟင်းလင်းပြင်ဓားသမား၏ ခြေဖဝါးအောက်မှ လျှို့ဝှက်ဆန်းကြယ်သော ဟင်းလင်းပြင်ကမ္ဘည်းများ စီးဆင်းလာသည်။

သူက အလင်းတန်းတစ်ခုကဲ့သို့ ရှေ့ကို ပျံသန်းသွား၏။ ၎င်းက ခွန်ပန်အသိုက်ထဲသို့ ပြေးဝင်သွားခြင်း ဖြစ်တော့သည်။

ဖန်ကျန့်၊ နောင်ဟိုင်တို့၏ ခြေဖဝါးများမှလည်း
လှိုင်းလုံးများ ပေါ်ပေါက်လာကာ ၎င်းတို့ကို
ခွန်ပန်အသိုက်ဆီသို့ သယ်ဆောင်သွားကြသည်။

ခုန်းရွှမ်၊ ရွှေတောင်ပံဘုရင် ရှောင်ပန်၊
ကန်ကျင်းကျောက်ဝိညာဉ်၊ စုပီယုနှင့်
အခြားပါရမီရှင်များကလည်း အနောက်တွင်
မကျန်လိုဟန်ဖြင့် အရှိန်မြှင့်လိုက်၏။

ပါရမီရှင်အားလုံး ပြေးဝင်သွားတော့သည်။

ဆယ့်ငါးမိနစ်ခန့် ကြာပြီးမှ မူယွဲ့ဟန်နှင့်
ကျွင်းရှောင်ယောက်တို့ ခွန်ပန်အသိုက်သို့
ရောက်လာခဲ့ကြသည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်၏ ခြေလှမ်းများက ရပ်တန့်သွားပြန်သည်။

"ဘာဖြစ်လို့လဲ"

မူယွဲ့ဟန် စိတ်ရှုပ်ထွေးသွား၏။

ကျွင်းရှောင်ယောက်ကတော့ ဘာမျှမပြောပေ။ သူက ခွန်ပန်အသိုက် တဝိုက်တွင် လှူပ်ရှားနေခဲ့သည်။

ပိတ်လှောင်ခြင်း ကမ္ပည်းများက ဝေဝါးဝါး ပေါ်လာကာ လေထဲတွင် ကွယ်ပျောက်သွား၏။

"ဒါက......"

မူယွဲ့ဟန်သည် အစပိုင်းတွင် ပဟေဠိဖြစ်ခဲ့သော်လည်း တားမြစ်အရှိန်အဝါအား ခံစားရပြီးနောက်

မျက်လုံးများ ပြူးကျယ်ကာ မယုံကြည်နိုင်မှုများကို လှစ်ဟလာတော့သည်။

မဖြစ်နိုင်ပေ၊ မည်သို့မျှ မဖြစ်နိုင်ပါချေ။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်က ထိုမျှ မရက်စက်နိုင်ဘူး မဟုတ်လား။

ခဏအကြာတွင်၊ ကျွင်းရှောင်ယောက်က တည်ငြိမ်သောအပြုံးဖြင့် မူလနေရာသို့ ပြန်လာခဲ့သည်။

"သွားရအောင်၊ ဝင်ကြစို့"
ကျွင်းရှောင်ယောက်က ရှေ့မှ လျှောက်သွားသည်။

ကိုယ်ပိုင်ခြံဝင်းတွင် လမ်းလျှောက်နေသကဲ့သို့ လက်နှစ်ဖက်ကိုနောက်ပစ်၍ အေးအေးလူလူ လျှောက်သွားသော ကျွင်းရှောင်ယောက်ကို ကြည့်ကာ...

မူယွဲ့ဟန်၏ စိတ်ထဲ၌ ခွန်ပန်အသိုက်ထဲသို့ဝင်ခဲ့သော ပါရမီရှင်များအတွက် တိတ်တဆိတ် ဆုတောင်းပေးလိုက်မိသည်။

တံငါသည် ကျွင်းရှောင်ယောက်က ငါးအားလုံးကို ဖမ်းချင်ပေသည်။

ခွန်ပန်အသိုက်ထဲတွင်၊ ပါရမီရှင်များအားလုံး ဝင်ရောက်လာသည်နှင့် တပြိုင်နက် သိပ်သည်းလွန်းသော စွမ်းအင်များကို ခံစားလိုက်ရသည်။

အထဲတွင် ရတနာများမရှိလျှင်ပင် ခွန်ပန်အသိုက်တွင် လေ့ကျင့်ရုံမျှဖြင့် အကျိုးအမြတ်အများကြီး ရနိုင်သည်။

"ဟင်၊ ဒါက သူတော်စင်တစ်ပိုင်း ဆေးပင်ပဲ"

"သူတော်စင်ဆေးပင်တွေလည်း အများကြီးရှိသေးတယ်"

"ဒါက ဝိညာဉ်အရည်တွေစုနေတဲ့ ရေကန်ပါလား"

ခွန်ပန်အသိုက်ထဲသို့ ဝင်လာခဲ့သော ပါရမီရှင်အားလုံး နေရာတိုင်းရှိ ဝိညာဉ်မြက်များနှင့် ဆေးပင်များ၊ ဝိညာဉ်ရေကန်နှင့် ဝိညာဉ်နွေဦးစမ်းတို့ကို

မြင်ရသောအခါ မျက်လုံးများ ပြူးကျယ်သွားသည်။

ထို့နောက် စိတ်အားထက်သန်စွာ ရှာဖွေမှုများ
စတင်ခဲ့၏။

သို့သော်လည်း ဆန့်ကျင်ဘက်အနေဖြင့်၊
ရွှေတောင်ပံဘုရင် ရှောင်ပန်၊ ခုန်းရှမ်၊
ဟင်းလင်းပြင်ဓားသမားနှင့် အခြားသူများကတော့
ဤအရာများကို မြင်ရသည့်တိုင် အမူအရာ
မပြောင်းလဲကြပေ။

သူတော်စင်ဆေးက အဖိုးတန်သော်လည်း၊
သူတို့အမြင်တွင်မူ ယင်းက ဘာမျှမဟုတ်ပေ။

'ခွန်ပန်အသိုက်ရဲ့ ရတနာတွေက ဘယ်မှာပါလိမ့်'

ရွှေတောင်ပံဘုရင် ရှောင်ပန်က တွေးလိုက်သည်။

ထိုအချိန်တွင်၊ ပါရမီရှင်တစ်ယောက်က ရှေးဟောင်းကျောက်တံခါးတစ်ခုကို ရုတ်တရက် တွန်းဖွင့်လိုက်၏။

ထို့နောက်မှာတော့ အသံတစ်ခု ထွက်ပေါ်လာကာ ပါရမီရှင်အားလုံး၏ အာရုံကို စွဲဆောင်သွားတော့သည်။

"အဲဒါက......"

အခန်း ( ၅၃၇ ) ရှေးဦးပြိုလ်သား သားရဲကြီး တံလျှပ်၊ ဓားတစ်ချက်နှင့် ချက်ချင်းသတ်လိုက်ခြင်း၊ ရဲ့ကူချန်

ရောက်လာပြီလား။

ပါရမီရှင် တော်တော်များများက အဝေးကို
လှမ်းကြည့်လိုက်ကြသည်။

ကျောက်တံခါးအနောက်တွင် ကျယ်ပြောပြီး
အကန့်အသတ်မရှိသော
ပင်လယ်တစ်ခု ရှိ၏။

ခွန်ပန်အသိုက်၏ အပြင်ဘက်က ကြယ်ပင်လယ်
မဟုတ်ဘဲ တကယ့်ပင်လယ် ဖြစ်နေသည်။

"ဒါက ကမ္ဘာငယ်လေးလား"

"ဟုတ်တယ်၊ ရှေးဦးခွန်ပန်မှာပဲ ဒီလိုစွမ်းရည်မျိုး

ရှိလိမ့်မယ်"

ကိုယ်ပိုင်ကမ္ဘာငယ်လေးတစ်ခုကို တည်ဆောက်ပြီး လိုဏ်ဂူပုံဖော်ခြင်း။

ဤသည်မှာ ထိပ်တန်း ထိပ်တန်းကျွမ်းကျင်သူများသာ လုပ်နိုင်ကြသော စွမ်းရည်ပင်။

ဤကေရာဇ်လမ်းမှ ပါရမီရှင်များ၏အမြင်မှာတော့ ဤသည်မှာ မထင်မှတ်လောက်အောင် ကြောက်စရာကောင်းလွန်းသော အံ့ဖွယ်နည်းလမ်း ဖြစ်နေပြီ ဖြစ်သည်။

"မြန်မြန်"

ပါရမီရှင်များလည်း တုံ့ဆိုင်းမနေတော့ပါ။ ၎င်းတို့ရှေ့မှ အခွင့်အလမ်းများနှင့် နှိုင်းယှဉ်လျှင်၊

ခွန်ပန်အသိုက်၏ တကယ့်အခွင့်အလမ်းက ထိုကမ္ဘာငယ်လေးတွင် ဝှက်ထားသင့်သည်။

ပါရမီရှင်အားလုံးက ထိုအထဲကို ပျံသန်းဝင်သွား၏။

သိပ်မကြာခင်မှာပဲ ကောင်းကင်ယံမှ အနက်ရောင် ကျွန်းလေးတစ်ကျွန်းကို ကမ္ဘာငယ်လေး၏ နက်နဲသော နေရာတွင် တွေ့လိုက်ရတော့သည်။

ကျွန်းပေါ်တွင် အလင်းရောင်များ ဖြာထွက်နေသည့် ရွှေရောင် လှိုဏ်ခေါင်းတစ်ခုရှိသည်။

"အဲဒါကမှ တကယ့် ခွန်ပန်အသိုက်ပဲ။ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်၊ သွေးနဲ့ သဘာဝစွမ်းရည်တွေ အဲဒီနေရာမှာ ရှိနိုင်တယ်"

ရွှေရောင်လှိုဏ်ခေါင်းကို မြင်လိုက်ရတော့ ပါရမီရှင်အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

အခြားတစ်ဖက်တွင်မူ ဟင်းလင်းပြင်ဓားသမား၊ ခုန်းရွှမ်၊ ရွှေတောင်ပံဘုရင်ရှောင်ပန်၊ ကန်ကျင်းကျောက်ဝိညာဉ်နှင့် အခြားသူများ၏ မျက်လုံးများက သံသယအရိပ်အမြွက်များကို လှစ်ဟလာသည်။

ထိုအချိန်တွင် ပါရမီရှင်အချို့က ကောင်းကင်ကျွန်းသို့ ရောက်ရှိနေကြပြီ။

သို့သော်၊ မကြာမီပင် ထူးဆန်းသော အရာတစ်ခု ဖြစ်ခဲ့၏။

ပါရမီရှင်အချို့က ထူးထူးခြားခြား
ပျောက်ကွယ်သွားတော့သည်။

"ဘာတွေဖြစ်နေတာလဲ"

"ဒီကျွန်းက တစ်ခုခုလွဲနေပြီ"

အခြား ပါရမီရှင်များလည်း ရှေလှိုက်ဂူအနီးသို့
မချဉ်းကပ်မီကပင် တစ်စုံတစ်ခု မှားယွင်းနေပြီဟု
ခံစားမိခဲ့သည်။

ယင်းကိုမြင်တော့ ဟင်းလင်းပြင် ဓားသခင်လေး၏
မျက်လုံးများက အရောင်လက်သွားသည်။

"အပေါ်စား လှည့်ကွက်တွေ"

ဟင်းလင်းပြင်ဓားသခင်လေးက သူ့လက်ကို မြှောက်လိုက်သည်နှင့် သူ့နောက်ကျောမှ ဓားရှည်က ကောင်းကင်သို့ တက်သွားသည်။ သူက အားကောင်းသော ဟင်းလင်းပြင်ဓားအလင်းတစ်ခုကို အနက်ရောင်ကျွန်းပေါ်သို့ ခုတ်ပိုင်းလိုက်၏။

"ဝုန်း"

ပြင်းထန်သော တုန်ခါမှုနှင့်အတူ ကျွန်းက အမှန်တကယ်ပင် တုန်လှုပ်လာတော့သည်။

တစ်ချိန်တည်းမှာပင် စူးရှသော ဟိန်းဟောက်သံတစ်ခုကို ကြားလိုက်ရသည်။

"ဘာတွေဖြစ်နေတာလဲ၊ ဒီကျွန်းက အသက်ဝင်လာတာလား"

"မဟုတ်ဘူးဟ့ေ၊ ဒါက ကျွန်းမဟုတ်ဘူး..."

ကျန်ပါရမီရှင်များလည်း ဖြစ်ပျက်နေတာကို သဘောပေါက်သွားခဲ့သည်။

အနက်ရောင်ကျွန်းတစ်ဝိုက်ရှိ ဟင်းလင်းပြင်က ပုံပျက်ကာ တွန့်လိပ်လာခဲ့၏။

နောက်ဆုံးမှာတော့ လူတိုင်း၏ မျက်စိရှေ့တွင် ကျွန်းငယ်လေးတစ်ကျွန်း၏ အရွယ်အစားရှိသည့် ခုံးကောင်တစ်ကောင် ပေါ်လာတော့သည်။

"အဲဒါ... ရှေးဦးသက်ရှိ သားရဲကြီး တံလျှပ်ပဲ" ဖန်ကျန့်နှင့် နောင်ဟိုင်တို့ ထိတ်လန့်သွားကြသည်။

၎င်းတို့က နယ်မြေတစ်ခုလုံးနီးပါးကို ပင်လယ်ပြင်က
နေရာယူထားသော ပင်လယ်နတ်ဘုရား
ရှေးဟောင်းကြွယ်စက်ဝိုင်းမှ
ဆင်းသက်လာကြခြင်းဖြစ်သည်။

ထို့ကြောင့်၊ ၎င်းတို့က ပင်လယ်သားရဲ
အမျိုးအစားအားလုံးကို နက်နက်ရှိုင်းရှိုင်း
နားလည်သဘောပေါက်ခဲ့ပေသည်။ ၎င်းတို့က
တစ်ချက်ကြည့်လိုက်ရုံဖြင့် မှတ်မိသွားသည်။

သူတို့ရှေ့မှ ဤခုံးကောင်ကတော့ ဒဏ္ဍာရီလာ
တံလျှပ်သားရဲကြီးမှန်း သံသယမရှိနိုင်တော့ပေ။

ဤနတ်ဆိုးသားရဲ အမျိုးအစားကို တံလျှပ်ဟူ၍လည်း
ဖော်ပြကြသည်။

တံလျှပ်က ကျင့်ကြံသူများကို
စိတ်ရှုပ်ထွေးစေနိုင်သော ပုံရိပ်မှားများ ဖြစ်စေသည့်
မြူများနှင့် အခိုးအငွေ့များကို
ထွေးထုတ်တတ်ပေသည်။

ဤတံလျှပ်သားရဲကြီးက သွေးသန့်စင်သော
ရှေးဦးသားရဲကြီး မဟုတ်သည့်တိုင် ရှေးဦးတံလျှပ်
သွေးမျိုးဆက်အစိတ်အပိုင်းကို
ပိုင်ဆိုင်ထားဆဲဖြစ်သည်။

ထို့ထက် ပို၍အရေးကြီးသည်မှာ၊
တံလျှပ်သားရဲကြီး၏ အရှိန်အဝါက
သူတော်စင်နယ်ပယ် ကြီးမားသော
ပြီးပြည့်စုံမှုအဆင့်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း
ပါရမီရှင်အားလုံး ခံစားနေရခြင်း ဖြစ်သည်။

ဤအရာက ကျပန်း ပါရမီရှင်တစ်ဦးမှ ကိုင်တွယ်ဖြေရှင်းနိုင်သည့် အရာမဟုတ်တော့ပေ။

တံလျှပ်က စေ့ပိတ်ထားသော ခုံးအခွံကို ရုတ်တရက် ဖွင့်လိုက်သည်။

ချက်ချင်းဆိုသလို၊ ကြောက်မက်ဖွယ်ကောင်းသော ရေဝဲကြီးများ တစ်ခုပြီး တစ်ခု ပေါ်လာခဲ့၏။ တချိန်တည်းမှာပင် ကြောက်မက်ဖွယ်ကောင်းသော စုပ်ယူအားများ ထွက်ပေါ်လာကာ ပါရမီရှင်တချို့ကို စုပ်ယူသွားတော့သည်။

ယခင်က ပျောက်ကွယ်သွားခဲ့သော ပါရမီရှင်တချို့လည်း ရေဝဲထဲတွင် တိတ်တဆိတ် ပျောပါနေခဲ့သည်။

"အား၊ ပြေးကြ"

"ဒီတံလျှပ်သားရဲကြီးက
ကြောက်စရာကောင်းလွန်းတယ်"

ကြောက်လန့်တကြား အော်သံများ ပေါ်လာခဲ့ကြသည်။

ပါရမီရှင်အများစုက တာအိုနတ်ဘုရား နယ်ပယ်၌သာ
ရှိ၏။ အလွန်နည်းပါးသော ပါရမီရှင်တချို့သာ
သူတော်စင်တစ်ပိုင်းနယ်ပယ်တွင် ရှိခဲ့သည်။

သူတို့တွင် စစ်မှန်သော သူတော်စင်များပင် မရှိကြပေ။
၎င်းတို့က သူတော်စင်နယ်ပယ် ကြီးမားသော
ပြီးပြည့်စုံခြင်းအဆင့်မှ ဤတံလျှပ်သားရဲကြီးကို
မည်သို့ တိုက်ခိုက်နိုင်မည်နည်း။

ဟင်းလင်းပြင်ဓားသမားက ကြောက်စရာကောင်းသော
အတက်အကျများနှင့် ဓားချက်
ထပ်မံထုတ်ဖော်လိုက်သည်။

"ဟန်ချင်းဓားသိုင်း"

ဟင်းလင်းပြင် ဓားသမားက သူ၏ဓားဖြင့်
ခုတ်ပိုင်းချလိုက်သည်။ သူ့ရှေ့မှ ဟင်းလင်းပြင်သည်
ထက်ခြမ်းကွဲကျသွား၏။

သို့သော်လည်း၊ ဓားအလင်းက တံလျှပ်၏
ခုံးအခွံပေါ်သို့ ရောက်သွားသောအခါတွင်
မီးပွားအချို့သာ ဖန်တီးနိုင်ခဲ့သည်။

"ချီးပဲ"

ဟင်းလင်းပြင် ဓားသမား၏ မျက်လုံးများ

အေးစက်သွားသည်။

"ငါ့ရဲ့မူလခန္ဓာကိုယ်သာ ဒီမှာရှိနေရင် ဒီကောင်ကြီးကို မကြောက်ဘူး"

ဟင်းလင်းပြင်ဓားသမား လက်မခံချင်ခဲ့ပေ။

ဤတစ်ခေါက်တွင် သူက ဝိညာဉ်ခန္ဓာတစ်ခုကိုသာ စေလွှတ်ခဲ့သည်။ ဤခန္ဓာတွင် တိုက်ခိုက်နိုင်စွမ်းအချို့ရှိသော်လည်း မူလခန္ဓာကိုယ်နှင့် နှိုင်းယှဉ်၍မရပေ။

ခုန်းရှမ်လည်း တိုက်ခိုက်ခဲ့သည်။ သူမ၏လက်မှ အလင်းကိုးခု ဖြာထွက်လာကာ အလင်းတိုင် ကိုးတိုင် ထွက်ပေါ်လာသည်။

ရွှေတောင်ပံဘုရင် ရှောင်ပန်ကလည်း

သူ့တောင်ပံများကို ဖြန့်လိုက်၏။ သူ၏
အမွေးအတောင်များက ရွှေရောင်ဓားသွားများကဲ့သို့
ပေါ်ထွက်လာကာ တရှိန်ရှိန်အသံများ
ထွက်ပေါ်လာတော့သည်။

သူ၏ ဓားအမွေး တစ်သိန်းရှစ်ထောင်ကို
တပြိုင်နက်တည်း ပစ်လွှတ်လိုက်ရာ ပြင်းထန်သော
မီးပွားများ ထွက်ပေါ်လာခဲ့ရသည်။

ဖန်ကျန့်၊ နောင်ဟိုင်၊ ကန်ကျင်းကျောက်ဝိညာဉ်၊
စုပီယုနှင့် အခြားသူများလည်း တိုက်ခိုက်ခဲ့၏။

သို့သော် သူတို့က တံလျှပ်ကို လုံးဝ
မထိခိုက်စေနိုင်ပေ။

ဆန့်ကျင်ဘက်အနေဖြင့် ကေရာဇ်လမ်းမှ

ပါရမီရှင်များ အသေအပျောက် ပို၍များလာသည်။

ပါရမီရှင် နှစ်ရာမှ သုံးရာအထိ ဝါးမျိုခြင်းကို ခံခဲ့ရပေသည်။

"ဒီလိုသာဆက်သွားရင်၊ တကယ့် ခွန်ပန်အသိုက်ကို မရှာနိုင်ခင်မှာ ငါတို့အားလုံး သေလိမ့်မယ်" စုပီယုက မကြည်မသာဖြင့် ပြောလိုက်သည်။

ကန်ကျင်းကျောက်ဝိညာဉ်ကို ခေါ်ဆောင်လာနိုင်သည့်တိုင် ခွန်ပန်အသိုက်ကို စူးစမ်းရန်က မလွယ်သေးပေ။

"ငါတို့ အခုတော့ အတူတူ တိုက်ခိုက်ကြမယ်ဟေ့၊ တံလျှပ်ကို အရင်သတ်ပြီးမှ အခွင့်အလမ်းအတွက်

ကိုယ်ပိုင် အစွမ်းအစနဲ့ တိုက်ပွဲဝင်ကြရအောင်"
ခုန်းရှမ်က အော်လိုက်သည်။

"ဟုတ်တယ်ဟေ့၊ အတူတူလက်တွဲပြီး
ဒီမကောင်းဆိုးရွားကြီးကို အရင်သတ်ကြရအောင်"

"ငါတို့က လူအများကြီးပဲ။ ငါတို့ ဘာဖြစ်လို့
ကြောက်ရမှာလဲ"

အခြား ဧကရာဇ်လမ်းမှ ပါရမီရှင်များလည်း
အော်ဟစ်လိုက်ကြသည်။

ထို့နောက်တွင် ပါရမီရှင်များအားလုံး ဝိုင်းအုံသွား၏။
အမျိုးမျိုးသော တိုက်ခိုက်မှုများက ပေါင်းစပ်ကာ
တံလျှပ်ဆီသို့ တိုးဝင်သွားတော့သည်။

တံလျှပ်၏ အခွံက ရောင်စုံ နတ်အလင်းရောင်များဖြင့် တောက်ပလာသည်။ သူတော်စင်နယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှု အရှိန်အဝါက ပေါက်ကွဲထွက်လာပြီး အားလုံးကို တုန်လှုပ်စေခဲ့၏။

"ဝုန်း ဂျုန်း"

ဤကမ္ဘာငယ်လေး၌ မုန်တိုင်းထန်ပြီး လှိုင်းလုံးများက ရိုက်ခတ်နေတော့သည်။

သို့သော်...

ဆက်တိုက် တိုက်ခိုက်ပြီးသော်လည်း တံလျှပ်တွင် ဒဏ်ရာမရှိခဲ့ပေ။ သူ့အခွံတွင် ခြစ်ရာကလေးပင် မရှိပါချေ။

“ဒါ...”

လူတိုင်း အံ့သြသွားကြသည်။

ရွှေတောင်ပံဘုရင်၊ ခုန်းရှမ်၊
ဟင်းလင်းပြင်ဓားသခင်လေး၊
ကန်ကျင်းကျောက်ဝိညာဉ်နှင့် တခြားသူများဆိုလျှင်
ပိုတောင်ဆိုးသေးသည်။

သူတို့အားလုံးက ကေရာဇ်လမ်းတွင်
ထင်ရှားကျော်ကြားသော ပါရမီရှင်များ ဖြစ်သည်။
သို့သော်လည်း ယခုအချိန်တွင် ခုံးကောင်
တစ်ကောင်ကို အတူတူ ပူးပေါင်းတိုက်ခိုက်သည့်တိုင်
အနိုင်မယူနိုင်ခဲ့ပေ။

ဤသတင်းသာ ပြန့်သွားပါက သူတို့နာမည်

ပျက်ကြရတော့မည် ဖြစ်သည်။

လူတိုင်းအားကိုးရာမဲ့သကဲ့သို့ ခံစားလိုက်ရချိန်တွင်...

"နိမ့်ကျတဲ့ သားရဲတစ်ကောင်က
ဒီနတ်ဘုရားသားတော်ရဲ့လမ်းမှာ ဘယ်လိုလုပ်ပြီး
ရပ်တည်ဝံ့တာလဲ"

ဤလျစ်လျူရှုသော အသံတစ်ခုက ပေါ်လာသည်။

ဝေးကွာသော ကောင်းကင်ယံမှ ကြီးမားသော
ဓားအလင်းတစ်ခုက ကောင်းကင်ကို ဖြတ်ကျော်ကာ
၎င်းတို့ဆီသို့ ခုတ်ပိုင်းလာခဲ့၏။

လမ်းတစ်လျှောက်မှာလည်း အင်မော်တယ်များ

ကျဆုံးရသည့် ကြောက်မက်ဖွယ်ရာ မြင်ကွင်းတစ်ခု ပေါ်လာပြန်ရာ
အားလုံးခေါင်းမွေးထောင်ထသွားတော့သည်။

"ဒီဓားအလင်းက… ရဲ့ကူချန် ရောက်လာတာပဲလား"

ဟင်းလင်းပြင် ဓားသခင်လေးလည်း ဓားအလင်းကို ခံစားလိုက်ရသဖြင့် မနေနိုင်ဘဲ အော်ဟစ်လိုက်သည်။ သူ၏ မျက်လုံးများကလည်း ရုတ်တရက် ကျုံ့သွား၏။

သူ့အမြင်တွင်၊ သူကိုယ်တိုင်မှလွဲ၍ ကောရာဇ်လမ်းမှ ဓားနတ်ဆိုးလူဝင်စား ရဲ့ကူချန်ကသာ ထိုဓားအရှိန်အဝါများ ပေါ်လာစေနိုင်သည်။

"ဘာ၊ ရဲ့ကူချန် ရောက်လာတာလား"

"ဖြစ်နိုင်တယ်၊ ရဲ့ကူချန်ပဲ ဒီလိုဓားသိုင်းမျိုးကို
သုံးနိုင်တာ"

လူအုပ်ကြီး ထိတ်လန့်တုန်လှုပ်နေချိန်တွင်
ဓားအလင်းက ကျရောက်လာခဲ့သည်။

"ဝုန်း"
သူတို့အားလုံး ပူးပေါင်းတိုက်ခိုက်သည့်တိုင်
အနိုင်မရနိုင်သော တံလျှပ်သားရဲကြီးက...

ဤဓားအလင်းအောက်တွင် ၎င်း၏အခွံ ကွဲကြေသွား၍
တိုက်ရိုက် နှစ်ခြမ်းကွဲသွားတော့သည်။

ဤသည်က သူတော်စင်နယ်ပယ် ကြီးမားသော

ပြီးပြည့်စုံမှုမှ တံလျှပ်သားရဲကြီးဖြစ်မှန်း သိထားထားကြရမည် ဖြစ်သည်။ ထိပ်တန်း ပါရမီရှင်များပင် တစ်ချက်တည်းနှင့် မသတ်နိုင်ပေ။

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ၊ ရဲ့ကူချန်က ဘယ်လိုလုပ်ပြီး ဒီလောက်တောင် သန်မာနိုင်တာလဲ"

တံလျှပ်သားရဲကြီး တစ်ချက်တည်းဖြင့် သေဆုံးသွားရခြင်းကို မြင်ရသောအခါ ဟင်းလင်းပြင် ဓားသခင်လေး တုန်လှုပ်သွားသည်။

ယခင်ကလည်း ရဲ့ကူချန်ကို သူ တိုက်ခိုက်ခဲ့ဖူးသည်။ ရဲ့ကူချန်က အလွန်သန်မာသော်လည်း၊ သူတော်စင်နယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှုမှ သားရဲကြီးကို တစ်ချက်တည်းဖြင့် သတ်နိုင်လောက်အောင် မသန်မာနိုင်ပေ။

အားလုံး၏ နှလုံးသားများတွင်
တုန်လှုပ်ချောက်ချားသွားချိန်...

အဝေးမှ ပုံရိပ်တစ်ခုက တည်ငြိမ်ပေါ့ပါးသော
ခြေလှမ်းများနှင့် လေထဲသို့ လှမ်းတက်လာသည်။

အဖြူရောင်အဝတ်အစား ဝတ်ထားသည့်
ဤရုပ်သွင်ပြင်ကိုမြင်သောအခါ ပါရမီရှင်များ၏
မျက်နှာများက အံ့အားသင့် ထိတ်လန့်မှုများနှင့်
အေးခဲသွားတော့သည်။

အခန်း ( ၅၃၈ ) ရွှေတောင်ပံဘုရင်ရှောင်ပန်
ကြေကွဲနေသည်၊ ဟင်းလင်းပြင်ဓားသမား၏
ဝိညာဉ်ခန္ဓာကို ဖျက်ဆီးခြင်း၊ တကယ့် ခွန်ပန်အသိုက်။

သူတို့စိတ်ထဲတွင် ဓားချက် ထုတ်ဖော်လိုက်သည်က ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းတွင် ပထမရခဲ့သော ရဲ့ကူချန် ဖြစ်သည်။

ရဲ့ကူချန်ကို လူတိုင်းမမြင်ဖူးသော်လည်း...

သူသည် အနက်ရောင် ဝတ်စုံကို ဝတ်ထားကာ သွေးစွန်းနေသော ဧကရာဇ်သတ်ဓားကို သူ့နောက်ကျောတွင် လွယ်ပိုးထား၏။ သူ၏ စိတ်နေစိတ်ထားက အေးစက်ပြီး မာနကြီးကာ တစ်ကိုယ်တော် ဝံပုလွေတစ်ကောင်ကဲ့သို့ပင်။

သို့သော်၊ အဖြူရောင်ဝတ်စုံနှင့် လေထဲမှ လျှောက်လာနေသော ဤလူရိပ်မှာ ကောလာဟလများမှ ရဲ့ကူချန်နှင့် လုံးဝ မတူပေ။

ကျွင်းရှောင်ယောက်၏ အဖြူရောင်ဝတ်ရုံက
လေထဲတွင် လွင့်နေသည်။ သူ၏ စိတ်နေစိတ်ထားက
အင်မော်တယ်တစ်ပါးနှင့်တူကာ
ချောမောခန့်ညားသော သူ့မျက်နှာပေါ်တွင်
အရိပ်အမြွက် ထင်နေခဲ့၏။

သူ့အမြင်တွင် သူတော်စင်နယ်ပယ် ကြီးမားသော
ပြီးပြည့်စုံမှုမှ သားရဲကို ပေါ့ပေါ့တန်တန်
သတ်လိုက်ခြင်းမှာ၊ သူ့အတွက် အလွန်ပုံမှန်ပင်။
ဂုဏ်ယူစရာဟု လုံးဝမခံစားရပါချေ။

"သူက တအားချောတာပဲ..."

ပါရမီရှင် အမျိုးသမီးအချို့က ကျွင်းရှောင်ယောက်ကို
မြင်သောအခါ မသိစိတ်မှ အော်ပြောလိုက်မိသည်။
သူတို့၏ လှပသော မျက်လုံးများတွင်မူ

အံ့သြထိတ်လန့်မှုများဖြင့် ပြည့်နှက်ခဲ့၏။

ကျွင်းရှောင်ယောက်၏ ကျင်ကြံခြင်းကြောင့် သူတို့ အံ့အားသင့်သွားသည်။

သူ့၏ အသွင်အပြင်နှင့် ဘာကိုမှဂရုမစိုက်သော စိတ်နေစိတ်ထားကြောင့် သူတို့ အံ့အားသင့်ခဲ့ကြရသည်။

ကေရာဇ်လမ်းမှ ပါရမီရှင်များစွာ ပေါင်းစည်းထားသော်လည်း တံလျှပ်ကို အနိုင်မယူနိုင်ပေ။ သို့သော်လည်း ဤအဖြူရောင်ဝတ်လူငယ်က တစ်ချက်တည်းဖြင့် သတ်ပစ်လိုက်သည်။

ဤအရာက လူအများ၏ မျက်ခုံးများကို

တုန်လှုပ်သွားစေခဲ့လေသည်။

ကြက်သီးတဖြန်းဖြန်းထပြီး အသက်ရှူရပ်မတတ်
ဖြစ်သွားသူက တစ်ဦးတည်းသာ ရှိခဲ့သည်။

"ကျွင်းရှောင်ယောက်... ကျွင်းရှောင်ယောက်ပဲ..."

ရွှေတောင်ပံဘုရင်၏ မျက်လုံးများက မျက်တွင်းမှ
ကျွတ်ထွက်လုနီးပါးပင်။ သူ့အသိစိတ်များ
ခဏလွတ်ကာ သွားများ တဂတ်ဂတ် ရိုက်လာသည်။

၎င်းသည် သူ၏ အတွင်းစိတ်နတ်ဆိုးများတွင်
မကြာခဏ ပေါ်လာတတ်သည့် ပုံရိပ် မဟုတ်လော။

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ၊ မင်း

ဒီလောက်ထိ အန္တရာယ်ရှိတဲ့ နေရာကို
ဝင်လိုက်တာတောင် ဘယ်လို
အသက်ရှင်သေးတာလဲ..."

ရွှေတောင်ပံဘုရင် လုံးဝ မယုံနိုင်တော့ပေ။

သူ၏ အာမေဋ္ဍိတ်သံများကို အခြား
ပါရမီရှင်များလည်း ကြားနေခဲ့ရသည်။

ပထမတော့ သူတို့ ထိတ်လန့်သွားသည်။ နောက်တော့
ဤနာမည်က ရင်းနှီးသလို ခံစားလိုက်ရ၏။

"ကျွင်းရှောင်ယောက်... ဒါ... ဒါက ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော် မဟုတ်လား"

ခုန်းရွှမ်၏ လှပသော မျက်လုံးများသည်လည်း
တုန်လှုပ်မှုများ ပြည့်သွားသည်။

ကျွင်းရှောင်ယောက်ကို ယခင်က သူ မမြင်ဘူးပေ။

သို့သော် ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးရှိ သက်ရှိသတ္တဝါ
အားလုံးနီးပါး ကျွင်းရှောင်ယောက်၏အမည်ကို
ကြားဖူးသည်။

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး
သာမကဘဲ အခြား ရှေးဟောင်းကြယ်စက်ဝိုင်းများမှ
ပါရမီရှင်များလည်း ခံစားလာခဲ့ရလေသည်။

"သူက ကျွင်းရှောင်ယောက်လား"
ဖန်ကျန့်နှင့် နောင်ဟိုင်တို့၏ မျက်လုံးများက
ကျဉ်းမြောင်းသွားသည်။

ကျွင်းရှောင်ယောက်၏ တည်ရှိမှုက
သူတို့အတွက်တော့ သတင်းကောင်း မဟုတ်ပေ။

၎င်းက ပင်လယ်နတ်ဘုရား တတိယမင်းသား၏
ဘုန်းအသရေကို လွှမ်းမိုးနိုင်သောကြောင့် ဖြစ်သည်။

စုပီယုလည်း အံ့ဩသွားသည်။

သူမကို ပို၍ပင် စိတ်မကောင်းဖြစ်စေခဲ့သည်ကတော့
သူမအတွက် ဆူးပင်ဟု သတ်မှတ်ထားသော
မူယွဲ့ဟန်ဟာ ကျွင်းရှောင်ယောက်၏ နံဘေးကို
လျှောက်သွားခဲ့ခြင်းပင်။

ယခုမူ၊ ကန်ကျင်းကျောက်ဝိညာဉ်ကို
သန့်စင်ခြင်းပစ္စည်းအဖြစ် အသုံးပြုလိုသည်ဟု

ပြောခဲ့သူက ကျွင်းရှောင်ယောက်ဖြစ်သည်မှာ သံသယဖြစ်ဖွယ်မရှိတော့ပေ။

ကန်ကျင်းကျောက်ဝိညာဉ်၏ မျက်လုံးများမှာလည်း အေးစက်စက် အလင်းတစ်ခု လင်းလက်လာသည်။ တစ်ချိန်တည်းမှာပင် ကြောက်ရွံ့မှုလည်း ရှိခဲ့၏။

နောက်ဆုံးတွင်၊ ကျွင်းရှောင်ယောက်က သူတော်စင်နယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှုမှ သားရဲကြီးကို ဓားတစ်ချက်ဖြင့် သတ်ဖြတ်နိုင်ခဲ့သည်။

သို့သော်လည်း ကန်ကျင်းကျောက်ဝိညာဉ်သည် သိပ်ကြောက်မနေပေ။ ၎င်း၏ ခန္ဓာကိုယ်က နတ်သတ္တုဖြင့် ပြုလုပ်ထားကာ ဓားနှင့်လှံများကို တိုးမပေါက်အောင် ဖြစ်စေသည်။

ကျွင်းရှောင်ယောက်က သူ့ကို ကိုင်တွယ်ချင်လျှင်
ဤမျှ လွယ်မည်မဟုတ်ပေ။

အားလုံး၏ တုန်လှုပ်နေသောအကြည့်ကို
မြင်ရသော်လည်း ကျွင်းရှောင်ယောက်၏ အမူအရာက
မပြောင်းလဲပါ။

သူသွားလေရာရာ၌ အာရုံစူးစိုက်မှု၏ ဗဟိုချက်မ
ဖြစ်ခဲ့သည်။ ထိုအချက်ကို ရှေးယခင်ကတည်းက
လိုက်လျောညီထွေ ဖြစ်ခဲ့ပြီ။

မူယွဲ့ဟန်ကတော့ သူ့ကိုယ်သူ ပို၍ပင်
ဂုဏ်ယူသွားမိသည်။

'သေစမ်း၊ သောက်ကျိုးနည်းပါပြီကွာ'

ရွှေတောင်ပံဘုရင်၏ ခန္ဓာကိုယ်က

တုန်လှုပ်သွားသည်။ သူသည် ငိုချင်သော်လည်း မျက်ရည်မကျ၍ စိတ်ထဲမှ ကျိန်ဆဲလိုက်လေသည်။

သူ၏ အတောင်များက အလိုလိုခတ်ကာ ထွက်ပြေးချင်လာသည်။

ရှန်းကုတာအိုရေကန်တွင် ကျွင်းရှောင်ယောက်နှင့် တွေ့သောအခါကလည်း သူ ထွက်ပြေးခဲ့ပေသည်။ သူ့တွင် တိုက်ခိုက်ချင်စိတ်ပင် မရှိခဲ့ပေ။

ယခုမူကား၊ သူဟာ ခွန်ပန်အသိုက်သို့ ရောက်လာခြင်း ဖြစ်သည်။

လွတ်မြောက်တော့မည်ဟု ခံစားမိပြီးမှ ဤအရိပ်မည်းက တည့်တည့် ရောက်လာပြီ။

'ဒီမကောင်းဆိုးရွား ကျွင်းရှောင်ယောက်ကြောင့် တစ်သက်လုံး ကံမကောင်းခဲ့တာ ရှစ်ကြိမ်လောက်ရှိပြီ ထင်တယ်'

ရွှေတောင်ပံဘုရင်လည်း ငိုကျွေးချင်လာပြန်သည်။

"အိုး… ရွှေတောင်ပံဘုရင်ကြီးပါလား၊ မတွေ့တာကြာပြီ။ နေကောင်းလား"

ကျွင်းရှောင်ယောက်က ဟိုဟိုဒီဒီ ကြည့်လိုက်သောအခါ အသိအကျွမ်းဟောင်းတစ်ယောက်ဖြစ်သည့် ရွှေတောင်ပံဘုရင်ကြီးကို တွေ့လိုက်ရသည်။

ရိုးရိုးသားသားပြောရလျှင် ကျွင်းရှောင်ယောက်က ကောရာဇ်လမ်းတွင် ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ

အသိအကျွမ်းဟောင်းတစ်ဦးကိုမှ မတွေ့ရသေးပေ။

ယခုက ပထမဆုံး ဖြစ်သည်။

“နတ်ဘုရားသားတော်ပဲ…”

ရွှေတောင်ပံဘုရင်ကြီးလည်း ငိုကြွေးသည်ထက်ပိုအကြည့်ရဆိုးသော အပြုံးတစ်ခုကို ထုတ်ဖော်လိုက်သည်။

"မင်းက ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးရဲ့ မျိုးဆက်သစ်မှာ နံပါတ်တစ်လို့ ကောလဟာလထွက်နေတဲ့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပေါ့။ မင်းကလည်း ဓားသိုင်းကို အထူးပြုတဲ့ ဓားသမားတစ်ယောက်ဖြစ်ဖို့ ငါ မမျှော်လင့်ထားဘူး"

ဟင်းလင်းပြင်ဓားသမားက မျက်လုံးကို

မေးစင်းလိုက်သည်။

အကြောင်းတစ်ခုခုကြောင့် ကျွင်းရှောင်ယောက်တွင်၊ သူ့ကို စွဲဆောင်နိုင်သော အရာတစ်ခုရှိနေသည်ဟု ခံစားခဲ့ရပေသည်။

၎င်းက တူညီသော မူလဇာစ်မြစ်၏ စွမ်းရည်နှင့် တူသည်။

ကျွင်းရှောင်ယောက်ကလည်း ဟင်းလင်းပြင် ဓားသမားကို သတိထားမိ၏။

သူ့မျက်လုံးထဲတွင် အလင်းတန်းတစ်ခု တောက်ပလာသည်။

'ဒီခံစားချက်က ဟင်းလင်းပြင်ကျမ်းများလား'

ကျွင်းရှောင်ယောက်၏ ရှေးဦးဝိညာဉ်မှ အာရုံခံစားချက်သည် ဟင်းလင်းပြင်ဓားသမားထက် များစွာ အားကောင်းသည်။

ထို့ကြောင့်ပင် ဟင်းလင်းပြင်ဓားသမားတွင် အပြောင်းအလဲရှိကြောင်း သူ သိသိသာသာ ခံစားခဲ့ရလေသည်။

'ကြက်သွန်မြိတ်ကလေး လာပါပြီ'

ကျွင်းရှောင်ယောက်က နှလုံးသားထဲမှ ရယ်မောလိုက်သည်။

"ဒီနတ်ဘုရားသားတော်က ဓားသမားမဟုတ်ပါဘူး။ အပျော်တမ်းပဲ လေ့လာထားတာ"

"ဓားပညာကို မင်း ဘယ်လိုစော်ကားရဲတာလဲ"

ကျွင်းရှောင်ယောက်၏ ပေါ့ပေါ့ပါးပါး စကားများကို ကြားလိုက်ရတော့ ဟင်းလင်းပြင် ဓားသမား၏ မျက်လုံးအကြည့်များ စူးရှလာသည်။

ဤမျှ ကြောက်စရာကောင်းသော ဓားအလင်းကို ထုတ်ဖော်နိုင်သည့်တိုင် ကျွင်းရှောင်ယောက်က အပျော်တမ်းဟု ပြောခဲ့ပါသေးသည်။

ယင်းကမှ စော်ကားမှုမဟုတ်လျှင် ဘာဖြစ်ဦးမည်နည်း။

"မင်းက အလျင်လိုနေတာလား"

ကျွင်းရှောင်ယောက်က မသိချင်ယောင်ဆောင်ကာ ကြည့်လိုက်သည်။

"မင်းက ဓားပညာကို စော်ကားပြီးမှ ဓားပညာကို ဆက်သုံးဖို့ မထိုက်တန်တော့ဘူး"

ဟင်းလင်းပြင် ဓားသမားက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဟားဟား..."

ကျွင်းရှောင်ယောက်က ရယ်မောလိုက်၏။

"ဒီနတ်ဘုရားသားတော်က အခြားဓားကို အသုံးပြုရတော့မှာပေါ့"

ကျွင်းရှောင်ယောက်၏ စကားသံဆုံးသည်နှင့် နတ်အမိန့်ချိန်းက သူ့မျက်ခုံးနှစ်ခုကြားမှ ပြေးထွက်လာသည်။ ချက်ချင်းပင် ၎င်းက ပြင်းထန်သော ရောင်ဝါရှိသည့် ရွှေဓားသေးသေးလေးအသွင် ပြောင်းသွားခဲ့၏။

၎င်းက မူလတာအို အုပ်ချုပ်သူစားပင်
ဖြစ်တော့သည်။

မူလတာအို အုပ်ချုပ်သူစား၏
ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားကို
ခံစားလိုက်ရသောအခါ၊ ဟင်းလင်းပြင် ဓားသမား၏
အမူအရာက ပြောင်းလဲသွားခဲ့သည်။

"ဟန်ချင်းဓားသိုင်း"

သူက ဓားချက် ထုတ်ဖော်လိုက်သည်နှင့်
ဟင်းလင်းပြင် ပေါက်ကွဲသွား၏။ ဓားအလင်းက
ဟင်းလင်းပြင်မုန်တိုင်းနှင့်အတူ
ထွက်ပေါ်လာတော့သည်။

သို့သော်...

မူလတာအို အုပ်ချုပ်သူစားး၏ရှေ့တွင်၊ အရာအားလုံး ပျက်စီးခဲ့ရသည်။

မူလတာအို အုပ်ချုပ်စားက စားအလင်းကို ဖျက်ဆီးကာ ဟင်းလင်းပြင်စားသမားထံသို့ တည့်တည့်သွား၍ နဖူးပြင်အား ထိုးဖောက်သွားတော့သည်။

"ကျွင်းရှောင်ယောက်၊ မင်းစောင့်နေ။ မင်းမှာ သတ္တိရှိရင် ဧကရာဇ်လမ်းရဲ့ ဆယ့်နှစ်ခုမြောက်ဂိတ်ကို လာခဲ့။ မင်းကို ငါခွင့်မလွှတ်ဘူး"

ဟင်းလင်းပြင်စားသမား၏ ဝိညာဉ်ခန္ဓာက ဒေါသတကြီးအော်ဟစ်ကာ အလင်းအမှုန်အမွှားများအဖြစ်သို့ ပေါက်ကွဲသွားခဲ့သည်။

ဟင်းလင်းပြင်ဓားသမား၏ ဝိညာဉ်ခန္ဓာ
ပျက်စီးသွားခဲ့ပြီ။

ဤမြင်ကွင်းကိုမြင်တော့ ဧကရာဇ်လမ်းမှ
ပါရမီရှင်အားလုံး ကြက်သီးတဖြန်းဖြန်းထသွားသည်။

ပထမအနေဖြင့် သူသည် ဓားတစ်ချက်ဖြင့်
တံလျှပ်အား သတ်သည်။ ယခုအခါ
ဟင်းလင်းပြင်ဓားသမားကို သတ်ပစ်လိုက်၏။

ဟင်းလင်းပြင်ဓားသမားက ဝိညာဉ်ခန္ဓာ တစ်ခုမျှသာ
ဖြစ်သော်လည်း၊ သူတော်စင်တစ်ပိုင်းနယ်ပယ်
ပါရမီရှင် အများအပြားထက် အားကောင်းနေဆဲပင်။

"သူ့ကို ပျက်ဆီးခြင်းကောင်းကင်

အင်မော်တယ်နယ်မြေကြီးရဲ့ နံပတ်တစ် မျိုးဆက်သစ်လူငယ်လို့ ညွှန်းဆိုကြတာ အံ့သြစရာ မရှိပါဘူး။ ကောလဟာလတွေက အမှန်ပဲ"

"ပျက်ဆီးခြင်းကောင်းကင် သူတော်စင်စာရင်းမှာ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ဆိုတဲ့နာမည်ကို မကြာခင် မြင်ရတော့မယ်လို့ ထင်တယ်"

"အရင်တုန်းကတော့ နတ်ဘုရားလုလင်တွေက ရဲ့ကူချန်၊ ကျွင်းမိုရှောင်နဲ့ တခြားသူတွေပါပဲ၊ ဒါပေမယ့် အခုတော့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကမှ တကယ့် နတ်ဘုရားလုလင် ဖြစ်ပုံရတယ်"

ပါရမီရှင် မိန်းမပျိုလေးများလည်း အနည်းငယ် စိတ်လှုပ်ရှားသွားကာ မျက်လုံးများ

တောက်ပလာခဲ့သည်။

တစ်ဖက်တွင် စုပီယု၊ ခုန်းရှမ်နှင့်
အခြားသူများကတော့ မပျော်ကြတော့ပါ။

ကျောက်စိမ်းဗုဒ္ဓက ကျွင်းရှောင်ယောက်၏
ခေါင်းကိုးလုံး ခြသေ့်ကို အတင်းအကြပ်
ဖိနှိပ်ထားခဲ့သည်။ ထိုအတွက် အနာဂတ်တွင်
ကွဲလွဲမှုများ သေချာပေါက် ရှိလာပေလိမ့်မည်။

တစ်ဖက်တွင်၊ စုပီယုက မူယွဲ့ဟာန်ကို
အငြိုးထားခဲ့သည်။
ကန်ကျင်းကျောက်ဝိညာဉ်ကလည်း ယခင်က
ကျွင်းရှောင်ယောက်ကို တိုက်ခိုက်လုနီးပါး ဖြစ်ခဲ့၏။

ယင်းကို တွေးမိသောအခါ စုပီယု၏ ကျောရိုးထဲထိ

အေးစိမ့်သွားသကဲ့သို့ ခံစားလိုက်ရသည်။

ကျွင်းရှောင်ယောက်ကတော့ ကန်ကျင်းကျောက်ဝိညာဉ်နှင့် အခြားသူများကို ဂရုမစိုက်ပါ။ သူအလိုရှိလျှင် အချိန်မရွေး သတ်ပစ်နိုင်သည်။

ကျွင်းရှောင်ယောက်က သူ့လက်ကို ထပ်မံမြှောက်လိုက်သည်။ သူ၏ လက်ချောင်းများကို ဓားအဖြစ် အသုံးပြုကာ အင်မော်တယ်သတ်ဓားသိုင်းကို ထုတ်ဖော်လိုက်၏။

ချက်ခြင်းပင်၊ ပင်လယ်တစ်ခုလုံးက ဤဓားချက်ဖြင့် ထက်ခြမ်းကွဲသကဲ့သို့ ဖြစ်သွားတော့သည်။

ပင်လယ်၏အောက်ခြေတွင် ပြိုးပြိုးပြက်ပြက်

တောက်ပနေသော ရွှေရောင်လှိုဏ်ခေါင်းတစ်ခု
တည်ရှိနေခဲ့သည်။

အခန်း ( ၅၃၉ ) ရှားပါးသောနတ်ဘုရားပစ္စည်းများ၊
ကန်ကျင်းကျောက်ဝိညာဉ်၏ လောဘ၊
ကန်ကျင်းကျောက်ဝိညာဉ်ကို သန့်စင်ခြင်း။

"ဒါက တကယ့်ခွန်ပန်အသိုက်ပဲ"

ပင်လယ်အောက်ခြေရှိ လှိုဏ်ဂူပေါက်ကို
မြင်လိုက်ရတော့ ကေရာဇ်လမ်းမှ ပါရမီရှင်များ၏
မျက်လုံးများ တောက်ပလာခဲ့သည်။

ယခုအခါခွန်ပန်အသိုက်က ပင်လယ်အောက်ခြေတွင်
ရှိနေသည်မှာ သံသယရှိစရာမလိုတော့ပေ။

ကျွန်းပေါ်မှ လှိုဏ်ဂူက ဖန်တီးထားသည့်
ပုံရိပ်များတစ်ခုမျှသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ပင်လယ်ရေပြင်ကို
သူ၏ဓားဖြင့် ခွဲလိုက်သည်။ မူယွဲ့ဟန် သူ့နောက်မှပင်
ကပ်လိုက်ခဲ့၏။

ဖန်ကျန့်၊ နောင်ဟိုင်၊ ခုန်းရှမ်၊ ကျောက်ဝိညာဉ်၊
စုပီယုနှင့် အခြားသူများလည်း
လိုက်ပါလာတော့သည်။

ရွှေတောင်ပံဘုရင်အတွက်မူ သူ့မျက်လုံးထဲတွင်
ရုန်းကန်မှု အရိပ်အမြွက်တို့ ပေါ်လာသည်။

ကျွင်းရှောင်ယောက် ပေါ်လာတာကို မြင်ရကည်းက

သူ့အလိုလို ထွက်ပြေးချင်သွားသည်။

သို့ရာတွင် သူ၏ ပုံစံအမှန်က ရွှေတောင်ပံ မဟာပန်ပင်။ ဤခွန်ပန်အသိုက်၏ အခွင့်အလမ်းက သူနှင့် လိုက်ဖက်လွန်းသည်။

ရွှေတောင်ပံဘုရင်လည်း ထွက်ခွာရန် တွန့်ဆုတ်နေခဲ့မိလေသည်။

နောက်ဆုံးတွင် ရွှေတောင်ပံဘုရင်လည်း အံကြိတ်ကာ အနောက်မှ လိုက်သွားခဲ့သည်။

ကေရာဇ်လမ်းမှ ကျန်ပါရမီရှင်များလည်း လိုက်ပါသွားခဲ့ကြလေသည်။

ပင်လယ်အောက်ခြေတွင် ရွှေရောင် ခွန်ပန်အသိုက်က ပြိုးပြိုးပြက်ပြက် တောက်ပနေခဲ့သည်။

လျှို့ဝှက်ဆန်းကြယ်သော တာအိုအမှတ်အသားများစွာကလည်း ၎င်းပတ်ပတ်လည်တွင် စီးဆင်းနေခဲ့၏။ ရွှေရောင်အလင်းများက တောက်ပလွန်း၍ လေထုသည်ပင် ဆူပွက်လာတော့သည်။

ကျွင်းရှောင်ယောက်က လက်ညိုးတစ်ချက် ညွှန်လိုက်သည်။ မိုးကြိုးလျှပ်စီးများက စုစည်းကာ မိုးကြိုးကေရာဇ်၏ လက်ချောင်းအဖြစ်သို့ ပြောင်းလဲသွား၏။ သူက ခွန်ပန်အသိုက် အဝင်ဝကို ညွှန်ပြလိုက်တော့သည်။

တခဏချင်းမှာပဲ၊ ခွန်ပန်အသိုက်၏ ဝင်ပေါက်ဟာ

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ
ကွဲထွက်သွားခဲ့သည်။

"ဒါက မိုးကြိုးကေရာဇ်ရဲ့
မဟာနတ်ဘုရားစွမ်းရည်ပဲ..."

ကျွင်းရှောင်ယောက်၏ နည်းလမ်းကိုမြင်လျှင်
ကေရာဇ်လမ်းမှ ပါရမီရှင်များစွာ
တုန်လှုပ်သွားကြသည်။

ကျွင်းရှောင်ယောက်က မိုးကြိုးကေရာဇ်၏
မဟာနတ်ဘုရားစွမ်းရည်ကို ပိုင်ဆိုင်ထားပြီးပြီ။
အကယ်၍ သူသာ ယခုတစ်ကြိမ် ခွန်ပန်၏
မဟာနတ်ဘုရားစွမ်းရည်ကို ရယူနိုင်ခဲ့ပါက...

သူ့ခွန်အားများ တစ်ဖန်တိုးတက်လာဦးမည်မှာ

သေချာသည်။

သန်မာသူက အမြဲတမ်း သန်မာသည်။ ဤသည်က
ငြင်းဆန်မရသော အမှန်တရားပင်။

ရွှေတောင်ပံဘုရင်၏ မျက်လုံးများက
စိတ်ပျက်အားငယ်မှုများ ပြည့်သွားသည်။

ကေရာဇ်လမ်းကဲ့သို့
ရက်စက်ကြမ်းကြုတ်သောအရပ်တွင်
သန်မာသူများသည်သာ အားကောင်းလာကြမည်
ဖြစ်သည်။

အားနည်းသူများအတွက်တော့…

စိတ်မကောင်းစရာပင်၊ သူတို့တွင်
ပျော့ညံ့နေပိုင်ခွင့်တောင် မရှိခဲ့ပ့ချေ။
သူတို့အသက်များ ဆုံးရှုံးကြရမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်က ခွန်ပန်အသိုက်ကို တိုက်ရိုက်
ဖွင့်ထုတ်လိုက်သည်။

တခဏချင်းမှာပဲ သူ့ပတ်ဝန်းကျင်တွင်
ကြောက်စရာကောင်းသော အငွေ့အသက်များ
ပေါ်လာသည်။

သတ်ဖြတ်မှုကြိုးမျှင်များ ပေါ်လာကာ
ကျွင်းရှောင်ယောက်ဆီသို့ တိုးဝင်သွား၏။

ကျွင်းရှောင်ယောက်က သူ့လက်ဝါးကို
ဆန့်ထုတ်လိုက်သည်တွင် ကြောက်စရာစွမ်းအားများ

ထွက်ပေါ်လာပြီး အားလုံးကို ချေမှုန်းလိုက်တော့သည်။

မူယွဲ့ဟန်ကတော့ သူ့ဘေးနားတွင် ရိုးရိုးလေးရပ်နေပြီး ဘာမှလုပ်စရာတောင်မလိုပေ။

"သန်မာလွန်းတယ် ..."

သူ့နောက်မှ၊ ကေရာဇ်လမ်း၏ ပါရမီရှင်များလည်း လမ်းဖောက်သွားသော ကျွင်းရှောင်ယောက်ကို အံ့အားသင့်စွာဖြင့် ကြည့်လိုက်သည်။

အခြား ပါရမီရှင်များဆိုလျှင် ရတနာမြေထဲသို့ ဝင်ရောက်ကြတိုင်း အလွန်သတိထားကြရမည် ဖြစ်သည်။

သို့ရာတွင် ရက်စက်ကြမ်းကြုတ်သောအင်အားဖြင့်
တိုက်ရိုက်တွန်းထုတ်နိုင်သော
ကျွင်းရှောင်ယောက်ကဲ့သို့ ကြေမ်းတစ်ယောက်
မည်သို့ရှိနိုင်ပါမည်နည်း။

ပါရမီရှင်များစွာလည်း
တောက်ပသောမျက်လုံးများဖြင့်
ကျွင်းရှောင်ယောက်၏ နောက်သို့ လိုက်ပါခဲ့ကြသည်။

စုပီယု၊ ကန်ကျင်းကျောက်ဝိညာဉ်၊ နောင်ဟိုင်၊
ဖန့်ကျန့်နှင့် အခြားသူများကလည်း အရှက်မဲ့စွာ
နောက်မှ လိုက်ခဲ့ကြလေသည်။

"မင်းတို့က ငါ့ကို အခွင့်ကောင်းယူချင်လား"

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်၏
မျက်လုံးများတွင် လှောင်ပြောင်မှု အရိပ်အယောင်များ

တောက်ပလာသည်။

သူက လက်ကိုဆန့်ကာ မူယွဲ့ဟန်၏
သွယ်လျသောခါးကို ဖက်လိုက်၏။

"သခင်လေးနတ်ဘုရားသားတော်..."

မူယွဲ့ဟန်၏ မျက်နှာလေးက နီမြန်းလာသလို
နှလုံးခုန်သံများလည်း မြန်လာတော့သည်။

ကျွင်းရှောင်ယောက်က အခုမှ
စိတ်ဝင်စားနေပါသလော။

သို့ရာတွင် ဤသည်က လူအများကြီးရှေ့မှာ
ဖြစ်သည်။

ကျွင်းရှောင်ယောက်က ဤပုံစံမျိုးကို စိတ်ဝင်စားနေခြင်း ဖြစ်နိုင်ပါမည်လော။

"နတ်ဘုရားသားတော်၊ နင် ယွဲ့ဟန်ကို ပုလွေမှုစေချင်တယ်ဆိုရင်လည်း ငါတို့ရောက်တဲ့အထိ စောင့်နိုင်မလား…"

မူယွဲ့ဟန်၏ မျက်နှာလေးက နီမြန်းလာကာ တီးတိုး ပြောလိုက်သည်။

ကျွင်းရှောင်ယောက် ဆွံ့အသွား၏။

မူယွဲ့ဟန်က အပြင်ပန်းတွင် အေးစက်သော ပုံပေါက်နေသော်လည်း အတွင်းဘက်တွင် အမှန်တကယ် ပရောပလုပ်နေသည်။

သူက မူယွဲ့ဟန်၏ ခါးကိုဖက်ကာ

ခြေတစ်ချက်လှမ်းလိုက်သည့်တွင်၊ တယ်လီပို့သကဲ့သို့ မျက်စိတစ်မှိတ်အတွင်း မိုင်တစ်ရာအကွာတွင် ပြန်ပေါ်လာတော့သည်။

ဤသည်က ဟင်းလင်းပြင်ကျမ်း၏ စွမ်းရည်များထဲမှ တစ်ခုလည်း ဖြစ်သည်။

"ဘာကြီး"

ကျွင်းရှောင်ယောက် ထွက်သွားတာကိုမြင်တော့ သူ့အပေါ် အခွင့်ကောင်းယူချင်နေသော ပါရမီရှင်များ အံ့သြသွားခဲ့သည်။

"အား..."

သိပ်မကြာခင်မှာပဲ အော်သံများ ကြားလာရ၏။ သတ်ဖြတ်ခြင်း ဝက်ပါများကြောင့် ပါရမီရှင်အချို့ သေဆုံးသွားတော့သည်။

"ဟမ့်၊ နင် မရှိရင်တောင် ငါဝင်လို့ရတယ်"

ခုန်းရွှမ်၏ မျက်နှာက သုန်မှုန်သွားခဲ့သည်။ သူမက ကိုးရောင်ရှိသော နတ်အလင်းများကို ထုတ်လွှတ်ကာ သတ်ဖြတ်ခြင်းဝင်္ကပါအား ရင်ဆိုင်ခဲ့လေသည်။

အခြားသော ပါရမီရှင်များသည်လည်း မပြည့်စုံသော သတ်ဖြတ်ခြင်းဝင်္ကပါ အမျိုးမျိုးကို ဆန့်ကျင်တိုက်ခိုက်လိုက်ကြသည်။ ခဏချင်းပင် အသေအပျောက်များလာသည်။

တစ်ဖက်တွင်၊ ကျွင်းရှောင်ယောက်က မိုင်ရာနှင့်ချီ၍ ခရီးနှင်သွားခဲ့ပေသည်။ နောက်ဆုံးတွင် သူက မူယွဲ့ဟန်၏ခါးကို လွှတ်ပေးလိုက်သည်။

မူယွဲ့ဟန် သတိပြန်ဝင်လာခဲ့၏။

ကျွင်းရှောင်ယောက်က အခြားသူများကို
ချန်ရစ်လိုခြင်းသာဖြစ်ပြီး သူမကို
အခွင့်အရေးမယူလိုကြောင်း သိခဲ့ရလေသည်။

ယင်းကိုတွေးရင်း မူယွဲ့ဟန်
အနည်းငယ်စိတ်ပျက်သွားခဲ့သည်။

သို့သော်၊ သူမ၏ စိတ်ပျက်မှုများ လျင်မြန်စွာ
ပျောက်ကွယ်သွားခဲ့၏။

အကြောင်းမှာ သူတို့က သတ်ဖြတ်ခြင်းဝင်္ကပါများကို
ဖြတ်ကျော်ခဲ့ပြီးသား ဖြစ်နေသောကြောင့်ပင်။

သူတို့ရှေ့တွင် ဝိညာဉ်ဆေးပင်မျိုးစုံနှင့် ရတနာများ
ရှိနေသည်။ သူမက ကွယ်ဟန်နန်းတော်၏
သူတော်စင်လေးဖြစ်သော်လည်း ဤမျှများပြားသော

ရတနာများစွာကို တွေ့လိုက်ရသောအခါ
အသက်ရှူမဝသကဲ့သို့ ခံစားလိုက်ရပါသေးသည်။

တစ်ဖက်တွင်မူ ကျွင်းရှောင်ယောက်က ဘာမှ
မခံစားရပေ။

ဤရတနာများက သူ့အာရုံကို မဖမ်းစားနိုင်ပါချေ။

သူ့ကို ဖမ်းစားနိုင်သောအရာများက အတွင်းပိုင်းတွင်
ရှိနေသေးခြင်း ဖြစ်နိုင်သည်။

ကျွင်းရှောင်ယောက်က ဆက်လက်
ဝင်သွားခဲ့လေသည်။

မူယွဲ့ဟန်လည်း လမ်းတစ်လျှောက်မှ ရတနာမျိုးစုံကို

စုဆောင်းလာခဲ့သည်။

သူ့နောက်မှာတော့ ကန်ကျင်းကျောက်ဝိညာဉ်၊ ခုန်းရွှမ်၊ ရွှေတောင်ပံဘုရင်နှင့် အခြားသူများက လိုက်လာနေဆဲပင်။

ဤရတနာများကိုမြင်လျှင် အားလုံးက အရူးအမူး ရှာဖွေသိမ်းဆည်းလိုက်ကြသည်။

ထိုအချိန်တွင်၊ ကျွင်းရှောင်ယောက်က ခွန်ပန်အသိုက်ရှေ့တွင် ရပ်လိုက်သည်။

အကြောင်းမှာ၊ နောက်ဆုံးတွင် သူ့အား စိတ်ဝင်စားစေနိုင်သောအရာကို တွေ့ရှိလိုက်ရသောကြောင့်ပင်။

ထိုအရာမှာ အလွန်ဟောင်းနွမ်းနေသည့်
အစိမ်းရောင်သစ်သား အပိုင်းအစတစ်ခု ဖြစ်သည်။
ထိုသစ်သားလေးက ရတနာအများကြားထဲမှာ
ထူးခြားမှုတို့ မရှိပေ။

သို့ရာတွင်၊ ကျွင်းရှောင်ယောက်၏ မျက်လုံးများက
တောက်ပလာသည်။

သူက လက်ကိုမြှောက်ပြီး သစ်သားပိုင်းကို
ဆွဲယူလိုက်လေသည်။

"ဒါက... ကမ္ဘာ့သစ်သားပဲ"
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

ကမ္ဘာ့သစ်သားက လက်နက်များ ထုဆစ်ခြင်းအတွက် လုံးဝရှားပါးသော နတ်ဘုရားပစ္စည်းတစ်မျိုး ဖြစ်သည်။

လက်တစ်ချောင်းအရွယ်ရှိ ကမ္ဘာ့သစ်သားဖြစ်လျှင်ပင် အဖိုးမဖြတ်နိုင်သော ရတနာဟု ခေါ်ရလောက်အောင် အဖိုးတန်လွန်းခဲ့ပေသည်။

ယခုမူ၊ ဤကမ္ဘာ့သစ်သားအပိုင်းအစက လက်မောင်းလုံးခန့် ရှိခဲ့သည်။

"ကောင်းလိုက်တာ၊ အဲဒါကို အရာအားလုံးရဲ့မိခင်ချီ ဒယ်စောက်အိုးမှာ ထည့်ပေါင်းလို့ရတယ်"

ကျွင်းရှောင်ယောက် လွန်စွာ ကျေနပ်သွားမိသည်။

သူ၏ အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးကို

ကောရာဇ်လက်နက်များဖြစ်လာရန်
ရှားပါးရတနာအမျိုးမျိုးကို ပေါင်းထည့်ပေးရန်
လိုအပ်သည်။

"ဒါက ကမ္ဘာ့သစ်သားပဲ"

ခုန်းရှမ်၊ ရှေတောင်ပံဘုရင်နှင့် အခြားသူများလည်း
ကျွင်းရှောင်ယောက်၏လက်မှ သစ်သားအပိုင်းအစကို
တွေ့လိုက်ရသောအခါ မျက်လုံးများ
တောက်ပလာခဲ့သည်။

ဤသည်က အင်မော်တယ်ရှေတချို့ထက်ပင် ပို၍
အဖိုးတန်သော နတ်ဘုရားပစ္စည်း ဖြစ်နေခဲ့သည်
မဟုတ်ပါလော။

သို့သော်လည်း ယခုအခါ ကမ္ဘာ့သစ်သားက
ကျွင်းရှောင်ယောက်၏လက်ထဲတွင် ရှိနေသောကြောင့်

မနာလိုစွာဖြင့် ကြည့်နေရုံသာ ရှိတော့သည်။

ကန်ကျင်းကျောက်ဝိညာဉ်၏ မျက်လုံးများလည်း တောက်ပလာသည်။

သူက နတ်ရွှေဝိညာဉ်မှ အသွင်ပြောင်းလာခြင်း ဖြစ်ချေသည်။ သူသာ ဤကမ္ဘာ့သစ်သားကို ရယူပြီး စားသောက်နိုင်ပါက…

သူ့သက်တမ်းနှင့် ကျင့်ကြံခြင်းအခြေခံဟာ အရည်အသွေးပိုင်းတွင် အပြောင်းအလဲများ ရှိလာမည်မှာ သေချာသည်။

"ဒီကမ္ဘာ့သစ်သားကို ငါ ရရမယ်။ ဒါကိုသာ ကိုက်စားပြီး သန့်စင်လိုက်ရင် အင်မော်တယ်စွမ်းအင် တစ်ခုထက်ပိုပြီး လေ့ကျင့်နိုင်မှာ သေချာတယ်"

ကန်ကျင်းကျောက်ဝိညာဉ် မနေနိုင်တော့ပေ။

နောက်ဆုံးတွင်၊ သူ၏ခန္ဓာကိုယ်က
နတ်ရွှေဖြစ်သောကြောင့် ကမ္ဘာ့သစ်သားက သူ့အတွက်
အကောင်းဆုံးဖြစ်သည်မှာ အသိသာကြီးပင်။

"ငါ့ရဲ့ နတ်ရွှေခန္ဓာက အရမ်းကြံ့ခိုင်တယ်။ သူ
တိုက်ခိုက်ရင်တောင် ငါ့ကို လုံးဝသတ်နိုင်မှာ
မဟုတ်ဘူး"

ပန်ကျင်းကျောက်ဝိညာဉ်က သူ၏
နတ်ရွှေခန္ဓာကိုယ်ကို အလွန်ယုံကြည်မှုရှိ၏။

ဆုံးဖြတ်ချက်ချပြီးသည်နှင့် သူက
တိုက်ခိုက်တော့သည်။

"အိုး၊ တကယ်ပဲ သေချင်တဲ့သူတွေ ရှိတာလား"

ပန်ကျင်းကျောက်ဝိညာဉ်၏ တိုက်ခိုက်မှုကို မြင်လိုက်ရတော့ ကျွင်းရှောင်ယောက် အနည်းငယ် အံ့ဩသွားသည်။

ယခင်က သူသည် ဤမျှ အစွမ်းထက်သော ခွန်အားကို ပြသခဲ့ဖူးသော်လည်း သူ့ကို နှိုးဆော်ဝံ့သူများ ရှိနေပါသေးသည်။

"ဒီကမ္ဘာ့သစ်သားက ငါ့အတွက်ပဲ"

ကန်ကျင်းကျောက်ဝိညာဉ်၏ ဝန်းကျင်တွင် ကြွယ်ဝသော ရွှေရောင်စွမ်းအင်များ ပေါက်ကွဲထွက်လာသည်။ ထောင်ချီသော ရွှေရောင်ဓားများ ထွက်ပေါ်လာကာ ကျွင်းရှောင်ယောက်ဆီသို့ ထိုးဖောက်ဝင်ရောက်သွား၏။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အေးစက်သွားကာ ရွှေရောင်ဆံများကိုဖယ်ရှား၍
ကန်ကျင်းကျောက်ဝိညာဉ်အား
ဖမ်းဆုပ်လိုက်တော့သည်။

'မင်းက အနီးကပ် တိုက်ခိုက်ချင်တာလား'

ယင်းကိုမြင်တော့ ကန်ကျင်းကျောက်ဝိညာဉ်က
ရယ်ချင်သွားသည်။

သူသည် ဧကရာဇ်လမ်းတွင် မွေးဖွားလာသူဖြစ်၍
ကျွင်းရှောင်ယောက်တွင် အနီးကပ်တိုက်ပွဲမှာ
အနှိုင်းမဲ့သော ရှေးဟောင်းမြင့်မြတ်ခန္ဓာရှိကြောင်း
မသိခဲ့ပါချေ။

"ငါ့ရဲ့ ခန္ဓာကိုယ်က တုနှိုင်းမရဘူးကွ။ ရဲ့ကူချန်

ရောက်လာရင်တောင် ငါ့ကို တစ်ချက်တည်းနဲ့
သတ်နိုင်မှာ မဟုတ်ဘူး"

ကန်ကျင်းကျောက်ဝိညာဉ်က
အလွန်ယုံကြည်မှုရှိခဲ့သည်။

"ဟုတ်လားကွ။ ဒါပေမဲ့ ငါက သူမဟုတ်ဘူး၊
နတ်ဘုရားရဲ့သားတော်ပဲ"

ကျွင်းရှောင်ယောက်က ကန်ကျင်းကျောက်ဝိညာဉ်ကို
ဖိနှိပ်ရင်းဖြင့် ပြောလိုက်သည်။

ခန္ဓာကိုယ်ချင်း တိုက်မိသည့်တွင်
ကန်ကျင်းကျောက်ဝိညာဉ်၏ မျက်နှာပေါ်ရှိ အပြုံးက
ရုတ်တရက် အေးခဲသွားသည်။

ကြီးမားသော တုန်လှုပ်မှုများဖြင့် အစားထိုးလာခဲ့၏။

နတ်ဆင်တစ်သိန်း၏ အင်အားကြောင့်
သူ၏ခန္ဓာကိုယ်က အက်ကွဲသွားပြီး
ပြိုကျလာတော့သည်။

ထို့နောက်တွင်၊ ကျွင်းရှောင်ယောက်က
သူ့လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ပြီး ဆွဲဖြဲလိုက်၏။
ကန်ကျင်းကျောက်ဝိညာဉ်၏ ခန္ဓာကိုယ်က
မခံနိုင်တော့ဘဲ ထက်ပိုင်းပြတ်သွားသည်။

"မဟုတ်ဘူး"

ကန်ကျင်းကျောက်ဝိညာဉ် အလွန်
တုန်လှုပ်သွားခဲ့သည်။ ယင်းကို
သူလုံးဝမမျှော်လင့်ထားပေ။

သူက ရုန်းကန်ပြီး ထွက်ပြေးရန် ကြိုးစားလိုက်သည်။

ကျွင်းရှောင်ယောက်က အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးကို ထပ်မံထုတ်ယူလိုက်သည်။ သူက ကန်ကျင်းကျောက်ဝိညာဉ်ကို သန့်စင်ရန်အတွက် တိုက်ရိုက်ဖိနှိပ်ခဲ့၏။

"ဒီနတ်ဘုရားသားတော်က မင်းကို သန့်စင်ဖို့အတွက် ပစ္စည်းတစ်ခုအဖြစ် ငါအသုံးပြုမယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ငါက ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တယ်"

ကျွင်းရှောင်ယောက်က အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးကို ကိုင်ထားခဲ့သည်။ အိုးထဲတွင် စူးစူးဝါးဝါးအော်သံများ ထွက်လာခဲ့၏။ အော်သံက တဖြည်းဖြည်း အားနည်းလာကာ နောက်ဆုံးမှာ ရပ်သွားတော့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရသော
ပါရမီရှင်များအားလုံး ခေါင်းအစ ခြေအဆုံး
အေးစက်သွားကြသည်။

ကျွင်းရှောင်ယောက်သည် အလွန်ကြီးစိုး၏။
သူ့ပြိုင်ဘက်က မည်သူပင်ဖြစ်စေ၊ မဆိုင်းမတွဘဲ
တစ်ချက်တည်းဖြင့် သတ်ခဲ့သည်။

ထိုအခြေအနေကိုမြင်တော့ မူယွဲ့ဟန်၏
လှပသောမျက်နှာက ဖြူဖျော့သွားခဲ့သည်။ သူမ
ခြေထောက်များက တုန်ခါကာ
အဝါရောင်ဖျော့ဖျော့ရေများ စီးကျလာခဲ့၏။

သူမ ကြောက်လွန်းသဖြင့် ရေစိုသွားခဲ့ပြီ။

အခန်း ( ၅၄၀ ) ခွန်ပန် သန့်စင်သောသွေးနှင့်
ကမ္ပည်းအရိုး၊ နဂါးနီငါး၊ ကမ္ပည်းအရိုး
ပေါက်ကွဲသွားခြင်း။

ကန်ကျင်းကျောက်ဝိညာဉ်သည် ကေရာဇ်လမ်းမှ
ဒေသခံတစ်ဦးဖြစ်သော်လည်း ၎င်း၏စွမ်းအားက
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ
ပါရမီရှင် အတော်များများထက် အားကောင်းသည်။

ထို့အပြင်၊ ၎င်းက နတ်ရွှေဝိညာဉ်ဖြစ်၍ အနှိုင်းမဲ့သော
ခန္ဓာကိုယ်ကို ပိုင်ဆိုင်ခဲ့ပေသည်။

အင်မော်တယ်စွမ်းအင်ကို လေ့ကျင့်ထားသော
ပါရမီရှင်များပင်လျှင် တိုက်ကွက် အနည်းငယ်မျှဖြင့်
သတ်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့်ပင် ကန်ကျင်းကျောက်ဝိညာဉ်က
ကျွင်းရှောင်ယောက်၏ အစွမ်းသတ္တိကို
မြင်ပြီးသည့်တိုင် တိုက်ခိုက်ဝံ့ခဲ့ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူ့ကို ချက်ချင်း
မသတ်နိုင်ဘူးဟု ထင်ထားခဲ့ပေသည်။

သူ ဆန္ဒရှိသရွေ့ ထွက်ပြေးသွားနိုင်သည်။

သို့သော် ကန်ကျင်းကျောက်ဝိညာဉ်၏
အတွေးမမှန်ခဲ့ပေ။

ကျွင်းရှောင်ယောက်၏ အင်အားကို သူ
ဘယ်လိုလုပ်ပြီး နားလည်နိုင်မည်နည်း။

"မြေပြင်ပေါ်က ဖားတစ်ကောင်က ငန်းရဲ့ အမြင့်ကို ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ။ ဖားမျက်လုံးနဲ့ ဒီနတ်ဘုရားသားတော်ရဲ့ စွမ်းအားကို မင်းနားလည်ဖို့ ကြိုးစားတာက ရယ်စရာကောင်းတယ်"

ထို့နောက်တွင် သူက အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးအတွက် ကန်ကျင်းကျောက်ဝိညာဉ်ကို အားဖြည့် သန့်စင်ပေးခဲ့သည်။

အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးက အရည်အသွေး အနည်းငယ် တိုးတက်လာသကဲ့သို့ ကျွင်းရှောင်ယောက် ခံစားခဲ့ရလေသည်။

တိုးတက်မှုက အများကြီးမဟုတ်သော်လည်း အချိန်နှင့် ကြိုးစားအားထုတ်မှု၏ လွှမ်းမိုးမှုအောက်တွင် အသွင်ကူးပြောင်းရေးသို့

ဦးတည်သွားပါလိမ့်မည် ဖြစ်သည်။

ဤအခိုက်တွင် ပတ်ဝန်းကျင်မှ လူတိုင်းက တုန်လှုပ်ချောက်ချားသွားကြသည်။

ကျွင်းရှောင်ယောက်ကို သန်မာမှန်း သိကြသော်လည်း ဤမျှ အားကောင်းမည်ဟု မမျှော်လင့်ထားပေ။

အချို့သော ကျင့်ကြံသူများက ထူးဆန်းသော အနံ့တစ်ခုကို ရှူရှိုက်လိုက်မိသည်။ သူတို့က အနံ့၏ အရင်းအမြစ်ဆီသို့ လှမ်းကြည့်ကြပြီးသောအခါ နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်သွား၏။

ရွှမ်ယွမ်ရှေးဟောင်းကြယ်စက်ဝိုင်းတွင် လှပမှုကြောင့် နာမည်ကြီးသော သူတော်စင်လေး စုပီယုမှာ သူမ၏ဘောင်းဘီထဲသို့ ဆီးထွက်ကျသည်အထိ

ကြောက်လန့်သွားခဲ့သည်။

ဤသတင်းသာ ပျံ့နှံ့သွားလျှင် လူတိုင်းက
လှောင်ရယ်နေကြတော့မှာ မဟုတ်လား။

စုပီယု၏ နှုတ်ခမ်းများလည်း တုန်ယင်နေသည်။
သူစုဆောင်းရန် ကြိုးစားခဲ့ရသော မဟာမိတ်က
ကျွင်းရှောင်ယောက်၏လက်တွင် သေဆုံးသွားခဲ့ပြီ။

သူ့တွင် ခုခံရန်ပင် ခွန်အားမရှိခဲ့ပါ။

တစ်ဖက်တွင် မူယွဲ့ဟန်က ပြုံးနေသည်။ စုပီယု၏
ရှက်ရွံ့သော အကြည့်ကို မြင်လိုက်ရတော့ သူမ
လုံးဝမပျော်ကြောင်း ပြော၍မရတော့ပါ။

ယခုဆိုလျှင် မူယွဲ့ဟန်က ကျွင်းရှောင်ယောက်နှင့် ဆုံရသည့်အတွက် ပို၍ပင် ဝမ်းသာသွားမိသည်။

တခြားသူသာဆိုလျှင်၊ ကန်ကျင်းကျောက်ဝိညာဉ်၏ ဖိနှိပ်ခြင်းကို ခံခဲ့ရလိမ့်မည်။

ခုန်းရှမ်၊ ရွှေတောင်ပံဘုရင်၊ ဖန်ကျန့်နှင့် အခြားသူများ၏ မျက်လုံးမှာလည်း ကြောက်ရွံ့မှုများ ပြည့်နှက်သွားသည်။

'တကယ်လို့ ဗုဒ္ဓသခင်ဆိုရင်
ကန်ကျင်းကျောက်ဝိဉာဉ်ကို
ချက်ချင်းသတ်နိုင်ပါ့မလား'

ခုန်းရှမ်လည်း တွေးကြည့်လိုက်မိသည်။

ကန်ကျင်းကျောက်ဝိညာဉ်ကို ပေါ့ပေါ့ပါးပါး

သန့်စင်ပြီးနောက်၊ ကျွင်းရှောင်ယောက်သည် အချိန်မဖြုန်းတီးဘဲ ပိုမိုနက်ရှိုင်းစွာ ဆက်လက်ဝင်ရောက်သွားခဲ့သည်။

ခွန်ပန်အသိုက်၏ အနက်ရှိုင်းဆုံးနေရာ၌ သန်မာသော စွမ်းအင်နှင့်သွေးများ ပွက်ပွက်ဆူလာသည်ကို သူ ခံစားနေခဲ့ရပြီ။

အခြားသူများလည်း ပိုမိုနက်ရှိုင်းစွာ ဝင်ရောက်ခဲ့ကြသည်။

မကြာခင်မီ၊ ခွန်ပန်အသိုက်၏ အဆုံးကို ရောက်သွားသည်။

သူတို့ရှေ့တွင် ရေကန်ကြီးတစ်ခု ပေါ်လာခဲ့၏။

လူတိုင်း အံ့သြသွားချိန်တွင် ရေကန်ကြီးတစ်ခုလုံး ရုတ်တရက် တုန်လှုပ်သွားတော့သည်။

လူတိုင်း၏ အံ့အားသင့်နေသော အကြည့်များအောက်တွင် ရွှေရောင်အစင်းကြောင်းများရှိသည့် အနက်ရောင်ငါးကြီးတစ်ကောင်က လေထဲသို့ ခုန်တက်လာသည်။

လေထဲသို့ ခုန်တက်ပြီးနောက် အတောင်များပေါ်လာကာ ဆက်လက် ပျံတက်သွား၏။ သူ၏ အတောင်ပံကြီးများက ကောင်းကင်မှ တွဲလွဲခိုနေသော တိမ်စိုင်များကဲ့သို့ပင်။

"အဲဒါခွန်ပန်ပဲ"

"မဖြစ်နိုင်ဘူး။ ခွန်ပန်က အသက်ရှင်နေတုန်းပဲလား"

ရှေးကျပြီး ခမ်းနားထည်ဝါသော ရောင်ဝါကို ခံစားလိုက်သော ပါရမီရှင်အားလုံး ကြီးမားသော ဖိအားအောက်တွင် ပြိုလဲလုနီး ဖြစ်သွားသည်။

"မဟုတ်ဘူး၊ ဒါက သက်ရှိသတ္တဝါ မဟုတ်ဘူး။ အဲဒါက တာအိုအမှတ်အသားတွေရဲ့ အကြွင်းအကျန် အသွင်အပြင်ကနေ ဖြစ်ပေါ်လာတာ"

ရွှေတောင်ပံဘုရင်၏ မျက်လုံးများက တောက်ပလာသည်။

အတိုင်းအတာတစ်ခုအထိ၊ ရွှေတောင်ပံဂဠုန်နှင့် ခွန်ပန်တို့သည် ဆက်စပ်မှုရှိ၏။ ထို့ကြောင့်ပင် ရွှေတောင်ပံဘုရင်က ၎င်းကို နားလည်နိုင်သည်။

ထိုအချိန်တွင် ခွန်ပန် ပျံတက်သွားသော
ရေကန်အလယ်သို့ ကြည့်လိုက်သည်။

လူအားလုံးက ရေကန်အလယ်တွင်
သွေးအိုင်ငယ်တစ်ခု ရှိနေတာကို တွေ့လိုက်ရ၏။
အထဲတွင် ရွှေအရည်ကျိုထားသကဲ့သို့
ရွှေရောင်တောက်ပနေသော
အနီရောင်တောက်တောက် အရည်များရှိနေသည်။

"ဒါက ခွန်ပန်ရဲ့ သန့်စင်တဲ့သွေးပဲ"
ရွှေတောင်ပံဘုရင်၏ မျက်ခွံများက
လှုပ်ယမ်းသွားသည်။ သူ့မျက်လုံးထဲတွင်
မီးတောက်လောင်သွားခဲ့၏။

ပါရမီရှင်အားလုံး၏ အသက်ရှူသံများ
မြန်လာတော့သည်။

ပို၍ ရင်သပ်ရှုမောစရာကောင်းတာကတော့ သွေးကန်အလယ်တွင် ရွှေရောင်အရိုးအရိုးတစ်ခု ရှိနေခြင်း ဖြစ်သည်။ ရှုပ်ထွေးသော တာအိုဥပဒေသများနှင့် အမှတ်အသားအမျိုးမျိုးကလည်း ၎င်းကို ရစ်ပတ်နေပုံရလေသည်။

တစ်ချက်ကြည့်လိုက်ရုံဖြင့် လူများကို မူးဝေသွားစေနိုင်သည်။

"ဒါက ခွန်ပန်မဟာနတ်ဘုရားစွမ်းရည်ကို မှတ်တမ်းတင်ထားတဲ့ ခွန်ပန်ကမ္ဘည်းအရိုးပဲလား"

ပါရမီရှင်အားလုံး၏ မျက်လုံးများက ပူလောင်လာတော့သည်။

ခွန်ပန်အသိုက်တွင် အကြီးမားဆုံးအခွင့်အရေးက
ခွန်ပန် သန့်စင်သောသွေးနှင့် ခွန်ပန်အရိုး ဖြစ်သည်။

ဤသည်ကပင် သူတို့ စုရုံးရသည့် အကြောင်းရင်းပင်။

သို့သော်လည်း၊ သူတို့သည် ရှေ့သို့
ခြေတစ်လှမ်းတိုးရင်း တစ်စုံတစ်ခုကို
တွေးတောနေပုံရသည့် သူတို့ရှေ့မှ
အဖြူရောင်ဝတ်လူကို လှမ်းကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်က နေရာတွင် ရပ်ကာ
သွေးကန်နှင့် ခွန်ပန်အရိုးကို ကြည့်နေခဲ့၏။

သို့သော် သူ မလှုပ်ပေ။

ကျွင်းရှောင်ယောက်က မလှုပ်သောကြောင့် တခြား
ပါရမီရှင်များလည်း မလှုပ်ရဲတော့ပေ။

အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွားသော်လည်း
ကျွင်းရှောင်ယောက်ကတော့ မရွေ့သေးပါ။

ထိုအခါ ပါရမီရှင်တချို့က မထိန်းနိုင်တော့ပါချေ။

သူတို့ရှေ့တွင် ရွှေတောင်ကြီးတစ်ခုလုံး
တွေ့နေရမှတော့ မည်သူက
ထိန်းချုပ်နေနိုင်ဦးမည်နည်း။

"ဘယ်သူက ဂရုစိုက်မှာလဲ၊ ငါ လှုပ်ရှားတော့မယ်။
ဒီလောက်ထိ ကြောက်တတ်နေရင် ကောရာဇ်လမ်းကို

ဘယ်လိုလျှောက်ရမှာလဲ"

ပါရမီရှင်များက လေးညှို့မှ ပစ်လွှတ်လိုက်သော မြှားများကဲ့သို့ ပြေးထွက်သွားခဲ့သည်။

သူတို့အားလုံး ထွက်သွားတော့မည်ဟု ပြောသော်လည်း စိုးရိမ်နေကြဆဲပင်။

သို့ရာတွင်၊ သူတို့ကို စိတ်သက်သာရာရစေသည်က ကျွင်းရှောင်ယောက်မှ မတားဆီးခဲ့ခြင်း ဖြစ်သည်။

ယင်းကိုမြင်တော့ ခုန်းရွှမ်၊ ဖန့်ဟာန်၊ နောင်ဟိုင်၊ ရွှေတောင်ပံဘုရင်နှင့် အခြားသူများလည်း မထိန်းနိုင်တော့ပေ။

သို့သော်လည်း ဤပါရမီရှင်များက
ခွန်ပန်သွေးကန်ထဲသို့ ရောက်ရှိခါနီးတွင်...

အနီရောင်ငါးကြီးများက ရေကန်အတွင်းမှ
ခုန်ထွက်လာကာ ချွန်ထက်သော သွားများဖြင့်
ကိုက်ခဲလိုက်ကြသည်။

ဤအနီရောင် ငါးကြီးများက အနိမ့်ဆုံး
သူတော်စင်တစ်ပိုင်းနယ်ပယ်တွင် ရှိ၏။

ဤအခိုက်အတန့်တွင် အနည်းဆုံး အနီရောင်ငါးကြီး
ရာနှင့်ချီရှိကြသည်။ ဆိုလိုသည်က၊ ရာနှင့်ချီသော
သူတော်စင်တစ်ပိုင်းနယ်ပယ် သားရဲကြီးများ
ရှိနေကြခြင်းပင်။

ယင်းက အလွန်ကြောက်စရာကောင်းလှသည်။

"အား"

ငါးကြီးများ၏ ကိုက်ခဲမှုကြောင့် ပါရမီရှင်တချို့
အော်ဟစ်ကာ ခန္ဓာကိုယ်များ ပြတ်ထွက်ကုန်သည်။

"ဒါတွေက... နဂါးနီငါးတွေဘဲ၊ ဒါပေမယ့် ပုံမှန်ဆိုရင်
သူတို့က ဒီလောက်ထိသန်မာတာ မဟုတ်ဘူး"

ရွှေတောင်ပံဘုရင်နှင့် အခြားသူများ
အံ့သြသွားကြသည်။

နဂါးနီငါးများတွင် အလွန်အားနည်းသည့်
နဂါးသွေးမျိုးဆက်ရှိသော်လည်း၊ ၎င်းတို့၏
အလားအလာကတော့ အလွန်အကန့်အသတ်ရှိကာ
သူတော်စင်နယ်ပယ်သို့ မရောက်ရှိနိုင်ပေ။

"မျှော်လင့်ထားသလိုပါပဲ၊ အဲဒါက ခွန်ပန်

အစစ်အမှန်သွေးကြောင့်ပဲ"

ကျွင်းရှောင်ယောက်က ထိုအခြေအနေကို ကြိုမျှော်လင့်ထားဟန်ဖြင့် အေးအေးဆေးဆေး ပြောလိုက်သည်။

ခွန်ပန်သွေး၏ ရောင်ဝါက ရေကန်ကြီးထဲသို့ ပျော်ဝင်ခဲ့ပေသည်။ ၎င်းတို့ကို နဂါးနီငါးများက စုပ်ယူလိုက်ရာ ၎င်းတို့၏ခွန်အားများ တဟုန်ထိုး တက်လာစေခဲ့သည်။

"မထူးဆန်းတော့ပါဘူး၊ နတ်ဘုရားသားတော်က ဒါကို မျှော်လင့်ထားပြီးသားပဲ"

မူယွဲ့ဟန်လည်း ကျွင်းရှောင်ယောက်ကို ပို၍ သဘောကျလာသည်။

သူနှင့်အတူ ရှိနေခြင်းက သူမကို

လုံခြုံမှုခံစားချက်အား ပေးစွမ်းခဲ့ပေသည်။

ယခုအခါ ရာနှင့်ချီသော နဂါးနီငါးများက
နေရာတိုင်းတွင် သတ်ဖြတ်နေခဲ့သည်။

ဟုတ်ပေသည်၊ ဤပါရမီရှင်များကလည်း
ခြေလက်မရှိသော ခရုများ မဟုတ်ပါ။

မြင်ကွင်းက ဖရိုဖရဲဖြစ်သွားသည်။

"အချိန်ကျပြီ"
ထိုအချိန်တွင် ကျွင်းရှောင်ယောက်က
လှုပ်ရှားလာသည်။

သူက အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးကို

ထုတ်ယူကာ အရှေ့လမ်းကြောင်းကို ဖွင့်လိုက်သည်။

အားကောင်းသော အရာအားလုံး၏မိခင်ချီက ဒယ်စောက်အိုးထဲတွင် လူးလိမ့်လာခဲ့၏။

ကျွင်းရှောင်ယောက်၏ လမ်းတစ်လျှောက်တွင် မည်သည့် နဂါးငါးနီဖြစ်ဖြစ်၊ ကေရာဇ်လမ်းမှ ပါရမီရှင်များ ဖြစ်စေ မတားဆီးနိုင်ပေ။

အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးကိုနှင့် ထိတွေ့မိသရွေ့ ၎င်းတို့အားလုံး ပါးပါးလှီးထားသော အသားစများအဖြစ်သို့ ပြောင်းလဲသွားရမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူ့လမ်းကိုဖွင့်ကာ ခွန်ပန် အစစ်အမှန်သွေးကန်ဆီသို့ ရောက်သွားသည်။

ခုန်း၍မှ်၊ ရွှေတောင်ပံဘုရင်၊ နောင်ဟိုင်၊ ဖန်ကျန့်နှင့် တခြားသူများလည်း ယင်းကိုမြင်သောအခါ အံကြိတ်သွား၏။

ကျွင်းရှောင်ယောက်က ခွန်ပန်ကမ္ပည်းအရိုးကို ဆွဲယူလိုက်သည်။

ထိုအချိန်တွင် ခွန်ပန်အရိုးအတွင်း၌ အရိပ်လေးတစ်ခု ရုတ်တရက် ပေါ်လာသည်။

၎င်းထံမှ ကြီးမားသောအနက်ရောင်အမြီးတစ်ခု ပေါ်လာကာ ကျွင်းရှောင်ယောက်ကို ရိုက်ခိလိုက်၏။

"မင်းက ကာကွယ်မှုအသိစိတ် ရှိနေသေးတာလား"

ကျွင်းရှောင်ယောက်က နတ်ဆင်အမှုန်တစ်သိန်း၏ စွမ်းအားကို ထုတ်လွှတ်ခဲ့သည်။

ရှေးဦးခွန်ပန်က အားကောင်းသော်လည်း...

အနှိုင်းမဲ့နတ်ဆင်က သားသတ်လွတ်သမား မဟုတ်ပေ။

နှစ်ယောက်ကြားမှ တိုက်မိမှုက ပတ်ဝန်းကျင်တွင် ထိတ်လန့်တုန်လှုပ်ဖွယ် လှိုင်းလုံးကြီးတစ်ခု ဖြစ်ပေါ်စေခဲ့သည်။

အခြား ပါရမီရှင်များသာဆိုလျှင်၊ ခွန်ပန်အရိပ်၏ အမြီးရိုက်ချက်ကြောင့် အသားပြားအဖြစ်သို့ ပြောင်းလဲသွားရပေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က တိုက်ခိုက်မှုကို လွယ်ကူစွာ တားဆီးနိုင်ခဲ့သည်။

ကျွင်းရှောင်ယောက်က ခွန်ပန်အရိပ်ကို ကိုင်တွယ်နေစဉ်တွင်၊ ခွန်ပန်ကမ္ဘည်းအရိုးကိုလည်း အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးဖြင့် ဖိနှိပ်ခဲ့သည်။

သို့သော်၊ အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးမှ ကြောက်စရာကောင်းသောဖိအားက ခွန်ပန်ကမ္ဘည်းအရိုး ခံနိုင်ရည်ရှိသည်ထက် အများကြီးပိုသည်။

၎င်းက အပိုင်းအစများအဖြစ် ပေါက်ကွဲကာ နေရာအနှံ့ ပြန့်ကျဲသွားတော့သည်။

"ဒါ ငါတို့အတွက် အခွင့်အရေးပဲ"

ခုန်းရွှမ်၊ ဖန်ကျန့်၊ နောင်ဟိုင်နှင့် အခြားသူများ သေွးများဆူပွက်သွားကြသည်။

သူတို့ရှေ့တွင် အခွင့်အလမ်းကို မြင်နေရပါလျက်နှင့် မလှုပ်ရှားပါက လူသား ဖြစ်ပါဦးမည်လော။

ခုန်းရွှမ်နှင့် အခြားသူများလည်း ပြန့်ကျဲသွားသော ကမ္ဘည်းအရိုး အပိုင်းတစ်ပိုင်းစီ ရရှိခဲ့ကြသည်။

၎င်းက မပြည့်စုံသော်လည်း၊ ခွန်ပန် မဟာနတ်ဘုရားစွမ်းရည်၏ အစိတ်အပိုင်းတစ်ခုကို မှတ်တမ်းတင်ထားဆဲပင်။

၎င်းတို့သည် ခွန်ပန်အရိုး အပိုင်းအစများကို ရရှိပြီးနောက် တုံ့ဆိုင်းမနေဘဲ ကွန်ပန်အသိုက်မှ အမြန်ထွက်ပြေးသွားကြသည်။

ဤမြင်ကွင်းကို မြင်ရသော်လည်း ကျွင်းရှောင်ယောက်က ရယ်ချင်ပက်ကျိ အမူအရာဖြင့် ကြုံ့ရုံ့ပဲကြည့်ကာ မလှုပ်ရှားခဲ့ပေ။